# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


> **မည်သည့်ဘေးမျှမရှိတော့**
>
> ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော၊ ရာဂ ဒေါသ စသည်တို့ကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်(ရဟန္တာ)၏ စိတ်သည် ပညာနှင့် ပြည့်စုံသဖြင့် မည်သည့်ဘေးမျှ မရှိတော့ဘဲ ချမ်းသာ၏။
>
> ဓိတ္တဝဂ်(ဓမ္မပဒ-၃၉)


၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ | Saturday, 22 July 2017 | (၈၉၉၃)


# နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင်မင်္ဂလာအခမ်းအနား နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်


သတင်း စာမျက်နှာ - ၃


## လူသန်းပေါင်း ၆၆၀ ကျော်သည် ရေရှားပါးသည့်နေရပ်တွင် နေထိုင်ကြ လျက်ရှိပြီး မသန့်ရှင်းသောရေကို အသုံးပြုခြင်းကြောင့် ကျန်းမာရေး ထိခိုက်ခြင်း ကြုံတွေ့ခံစားနေကြရ


သတင်း စာမျက်နှာ - ၈


## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဌာနသို့ တိုင်ကြားစာ ၃၇၀၀ ကျော်အနက် ၁၂၀၀ ကျော် ပြန်ကြားပြီးဖြစ်


သတင်း စာမျက်နှာ - ၅


## ငွေအကြွေလဲရန် ယာဉ်ကြီးကြပ်သူကို ယာဉ်ပေါ်အစား မှတ်တိုင်တွင်ထားစေလို


သတင်း စာမျက်နှာ - ၁၀


# မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ ကာကွယ်တိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေများအား ကာကွယ်တိုးမြှင့်ရေးကိစ္စများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့လည်း တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စ ယန်ဟီလီတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံခရီးစဉ်အဆုံး ထုတ်ပြန်ချက်အပေါ် မိမိတို့အနေဖြင့် စိတ်ပျက်ရ ထုတ်ပြန်ချက်တွင် ယေဘုယျဆန်သောစွပ်စွဲချက်များနှင့် မှားယွင်းသော အချက်အလက်များစွာပါဝင်နေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)**

၁။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးက မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းစေလွှတ်ရန် ပါဝင်သော ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်ခဲ့ပါသည်။ အထူးအစီရင်ခံစာတင်သွင်းသူ၏ သက်တမ်းကိုလည်း တိုးခဲ့ပါသည်။

၂။ ယင်းဆုံးဖြတ်ချက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေခံထားပါသည်။ ထို့အပြင် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံရင်ဆိုင်နေရသည့် ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ထက် ပိုမိုဆိုးရွားစေမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံက အဆိုပါဆုံးဖြတ်ချက်တစ်ခုလုံးကို ပါဝင်ပတ်သက်ခြင်းမပြုဘဲ dissociate ပြုလုပ်ခဲ့ပါသည်။

၃။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံမူတစ်ခု ဖြစ်ပါသည်။ ယင်းဆုံးဖြတ်ချက်အား ပါဝင်ပတ်သက်ခြင်းမပြုခဲ့သော်လည်း အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံသို့ လာရောက်ရန် အဆိုပြုခရီးစဉ်ကို လက်ခံရန်သဘောတူခဲ့ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱





## ကြေးမုံ

# တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် စီမံကိန်း

နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရာတွင် ကိုယ်ကျိုးစီးပွားထက် နိုင်ငံနှင့်အများပြည်သူအကျိုးအတွက် ဝိုင်းဝန်းထမ်းရွက်သယ်ပိုးလိုသူ အများအပြားလိုအပ်ပါသည်။ နိုင်ငံကိုပြန်လည်ထူထောင်ရာတွင် အကျိုးခံစားခွင့်များများယူပြီး မိမိနှင့်သက်ဆိုင်ရာအလုပ်ကို လုပ်ကြသောသူများထက် အကျိုးခံစားခွင့်နည်းနည်းယူပြီး အများအကျိုးကို များများလုပ်ကြသူများ လိုအပ်နေပါသည်။

အများအကျိုးဟုဆိုရာ၌ ပုံမှန်လုပ်ရိုးလုပ်စဉ် အများပြည်သူနှင့် ဆိုင်သောအလုပ်များထက် အများပြည်သူအတွက် လတ်တလောအရေးပေါ် အကူအညီလိုအပ်နေသောအလုပ်များ၊ အများပြည်သူအကျိုးအတွက် နိစ္စဓူဝ မဖြစ်မနေလုပ်ပေးရမည့်အလုပ်များ၊ နိုင်ငံ့အကျိုးစီးပွားအတွက် အရေးတကြီးလိုအပ်နေသောအလုပ်များ၊ ဥပမာ- အရေးပေါ် ကူညီစောင့်ရှောက်ပေးသင့်သည့် ကျန်းမာရေး၊ လူမှုရေး၊ သွားလာဆက်သွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်အလုပ်များသည် ပုံမှန်လုပ်ရိုးလုပ်စဉ်အလုပ်များထက် ဦးစားပေးဆောင်ရွက်ရမည့် အလုပ်များဖြစ်ပါသည်။

အဆိုပါအလုပ်များကို ဆောင်ရွက်ရာတွင် အများအကျိုးကို စေတနာသက်သက် ဆောင်ရွက်လိုသူများနှင့် အများအကျိုးကို စေတနာရှေ့ထား၍ အကျိုးခံစားခွင့်အနည်းငယ်ဖြင့် ကျေကျေနပ်နပ်လုပ်ကိုင်နိုင်သူ လူတန်းစားနှစ်မျိုးနှစ်စားကို လေ့လာဆန်းစစ်တွေ့ရှိနိုင်မည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများတွင် မြို့ပြနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အများအကျိုးကို စေတနာရှေ့ထားဆောင်ရွက်နိုင်သူ စေတနာ့ဝန်ထမ်း (volunteer) များကို ဦးစားပေးအသုံးပြုကြသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် လတ်တလောလိုအပ်နေသည်မှာ အများပြည်သူနေ့စဉ်ကြုံတွေ့နေရသော မြို့ပြနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများဖြစ်ပါသည်။ ယင်းလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများထက် စေတနာ့ဝန်ထမ်း (volunteer) များက ထိတွေ့နိုင်မှုပိုမိုများသည်ဟု ဆိုနိုင်ပါသည်။ တရုတ်နိုင်ငံတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို နေ့စား volunteer များဖြင့် ဆောင်ရွက်ကြပြီး မြို့ပြထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဝင်ငွေမရှိသော အလုပ်လက်မဲ့အငြိမ်းစားနှင့် သက်ကြီးရွယ်အိုများဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် မိမိတို့မိသားစုအတွက် တစ်နေ့စာဝမ်းစာရေးအတွက်ပင် အခက်အခဲဖြစ်နေသော အလုပ်လက်မဲ့များကို ကျေးလက်ဒေသများတွင် ပိုမိုမြင်တွေ့နိုင်ပါသည်။ ၎င်းတို့အား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နေ့စား volunteer များအဖြစ် စနစ်တကျအလုပ်ပေးနိုင်မည်ဆိုပါလျှင် ဆင်းရဲနွမ်းပါးသူများအား စောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဟူ၍ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် အလုပ်ဖြစ်နိုင်မည့်အပြင် လူသာခု၊ နတ်သာခုပါ ခေါ် ဆိုနိုင်မည်ဖြစ်သည်။ စီမံခန့်ခွဲပေးရမည့် နိုင်ငံ့ဝန်ထမ်းနှင့် လက်တွေ့ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းအချိုးအစားကို တစ်ချိုး၊ နှစ်ချိုးဖြင့်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတစ်ဝန်းတွင် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဟု သုံးသပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းသည် လစာရိက္ခာဖြင့် စီမံဆောင်ရွက်ခြင်းသာဖြစ်ပြီး စေတနာ့ဝန်ထမ်းသည် ငွေကြေးအနည်းငယ်ဖြင့် လက်တွေ့ဆောင်ရွက်ရမည့်သူများဖြစ်သည်ကို ရှုမြင်ရမည်ဖြစ်သည်။

ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဖြစ်သည့် "သစ်တောများ ပြန်လည်တည်ထောင်ခြင်း စီမံကိန်းလုပ်ငန်း"ကို ယခုဘဏ္ဍာနှစ်မှစ၍ နိုင်ငံတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်တော့မည်ဟုသိရသည်။ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဟူသည်မှာ နိုင်ငံတစ်ဝန်း ကြီးမားကျယ်ပြန့်လှသဖြင့် နိုင်ငံ့ဝန်ထမ်းများဖြင့် ထိရောက်အောင်ဆောင်ရွက်နိုင်ရန်မှာ လွယ်ကူလှသည်မဟုတ်ချေ။ ထို့ကြောင့် နယ်မြေဒေသအလိုက် နိုင်ငံ့ဝန်ထမ်းများနှင့် နေ့စားစေတနာ့ဝန်ထမ်း (volunteer) များ ပူးပေါင်းကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမည်ဆိုပါလျှင် "အလုပ်အကိုင်လည်းရပြီး နိုင်ငံတစ်ဝန်းလည်း စိမ်းလန်းသာယာလှပ"မည်ဖြစ်ရာ "တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် စီမံကိန်း"ကို အကောင်အထည်ဖော်နိုင်ပါစေကြောင်း တောင်းဆုခြွေပါသည်။ ။

# သက်ကြီးရွယ်အို အမျိုးသားမူဝါဒဆိုင်ရာ ဒေသတွင်းညီလာခံကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး သက်ကြီးမူဝါဒကို ဆက်လက်ရေးဆွဲဆောင်ရွက်နေသည့် ကာလလည်းဖြစ်ကြောင်း၊ ယခု ညီလာခံတွင် အာရှဒေသတွင်းနိုင်ငံများ၏ သက်ကြီးမူဝါဒရေးဆွဲထားရှိမှု၊ သက်ကြီးရွယ်အိုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်မှုအခြေအနေများ၊ အတွေ့အကြုံများကို ဖလှယ်နိုင်မည်ဖြစ်သည့်အတွက် ကောင်းမွန်သည့် ရလဒ်များပေါ်ထွက်လာမည်ဟုလည်း အထူးမျှော်လင့်မိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည့် သက်ကြီးရွယ်အို အမျိုးသားမူဝါဒဆိုင်ရာ ဒေသတွင်းညီလာခံ၌ ပြောကြားခဲ့သည်။

အဆိုပါညီလာခံကို နေပြည်တော်ရှိ Park Royal Hotel ၌ ပြုလုပ်ခြင်းဖြစ်ကာ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက် နှစ်ရက်တာ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် နောင်အနာဂတ်၌ တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် (Madrid International Plan of Action on Ageing -MIPAA)နှင့် သက်ကြီးရွယ်အိုများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သက်ကြီးရွယ်အိုများ၏ အကျိုးစီးပွားနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ သက်ကြီးရွယ်အိုများအတွက် အထောက်အကူပြုသော ပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာရေးတို့ကို အလေးထားဆွေးနွေးသွားကြရန်လည်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခဲ့သည်။

ထို့ပြင် ဆွေးနွေးပွဲတွင် (HAI –Myanmar) မှ Regional Director ဖြစ်သူ Mr. Eduaruo Klien နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးတို့က ဒေသအလိုက် သက်ကြီးရွယ်အိုများဆိုင်ရာမူဝါဒများ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

# ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲ ပျဉ်းမနားမြို့နယ်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပျဉ်းမနားမြို့နယ် လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ဝန်း)တွင် ပါဝင်သည့် ရွာသာကျေးရွာအုပ်စု ကြိမ်အင်းစုကျေးရွာ၏ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲနှင့် ကျေးရွာလူထုစစ်ဆေးပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ဖွင့်ပွဲမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွာသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးတင်မောင်ဦးတို့က ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးရွာလူထုစစ်ဆေးပွဲ ကျင်းပရာ ရွာသာကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီဥက္ကဋ္ဌက ရန်ပုံငွေရရှိမှု၊ ခွဲဝေချထားမှုများကို တင်ပြပြီး ကြိမ်အင်းစုကျေးရွာ စီမံကိန်းအထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းရာတွင် လမ်းပြီးစီးမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းခွဲဝေမှုများတွင် ငွေကြေးသုံးစွဲမှုအခြေအနေများကို တက်ရောက်လာသည့် ကျေးရွာလူထုက အားနည်းချက်၊ အားသာချက်၊ ကျေနပ်မှုရှိ၊ မရှိများကို ဆန္ဒမဲပေး၍ ဖော်ထုတ်ကြသည်။

အဆိုပါ ကျောက်ချောလမ်းအား လူထုဗဟိုပြုစီမံကိန်းမှ ငွေကျပ်သိန်း ၇၀ ကျော်နှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေကျပ် သုံးသိန်းကျော် စုစုပေါင်းငွေကျပ် ၇၃ သိန်းကျော်ဖြင့် အရှည် ပေ ၁၁၂၀၊ အကျယ် ၁၂ ပေနှင့် ထုထည် ကိုးလက်မရှိ ကျောက်ချောလမ်းကို လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**




# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ဘီးလင်း ဇူလိုင် ၂၁**

တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၇ ရက်က ဘီးလင်းမြို့နယ် အမှတ်(၁၇) စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

သင်တန်းတွင် ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး သထုံခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးဝင်းလွင်က တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းကြောင့် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်စေရန်၊ ရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်စေရန်၊ စက်ကိရိယာများကို စနစ်တကျမောင်းနှင်ထိန်းသိမ်းပြုပြင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ပြီး ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်(ရွှေဈေး) ၈၉၉၅၀၀ - ၈၉၉၅၀၀ မန္တလေး(ရွှေဈေး) ၈၉၉၅၀၀ - ၈၉၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၆၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၆၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၉၅/၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉/၆၂၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၅၈၀/၅၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၈.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂.၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀.၆၈၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈.၆၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၇၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၃.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၄၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင်မင်္ဂလာအခမ်းအနား နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်




နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် တက်ရောက်လာသည့် ဧည့်သည်တော်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနေထိုင်ရေး စိတ်အေးစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေတွင် တည်ဆောက်မည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးအနီးရှိ အိမ်ရာဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က သတ်မှတ်နေရာများတွင် ပန္နက်တော်တင်၊ တွင်းတော်ဝန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နေပြည်တော် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင်ခြင်း အခမ်းအနားနှင့်စပ်လျဉ်း၍ မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို နေပြည်တော်ကောင်စီ ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးအနီး နေပြည်တော်မြို့ပတ်လမ်းဘေးရှိ ဧရိယာ ၂၁ ဒသမ ၈၄ ဧက ကျယ်ဝန်းသည့် မြေနေရာတွင် တစ်ခန်းလျှင် စတုရန်းပေ ၁၀၀၀ အကျယ်အဝန်းရှိသည့် လေးခန်းတွဲ ငါးထပ်အိမ်ရာ ၁၀ လုံး၊ တစ်ခန်းလျှင် စတုရန်းပေ ၈၉၇ အကျယ်အဝန်းရှိသည့် လေးခန်းတွဲ ငါးထပ်အိမ်ရာ ၁၀ လုံး၊ တစ်ခန်းလျှင် စတုရန်းပေ ၇၅၆ အကျယ်အဝန်းရှိသည့် ၁၂ ခန်းတွဲ ငါးထပ် အိမ်ရာရှစ်လုံး၊ တစ်ခန်းလျှင် စတုရန်းပေ ၅၀၂ အကျယ်အဝန်းရှိသည့် ၁၂ ခန်းတွဲငါးထပ် အိမ်ရာငါးလုံးတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပန္နက်တော်တင်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပန္နက်တိုင်အား နံ့သာရည်ပက်ဖျန်းပေးစဉ်။

**✱ ရှေ့ဖုံးမှ**

လူ့အခွင့်အရေးကောင်စီမှ ချမှတ်ထားသောတာဝန်ကို ၎င်းအနေဖြင့် ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခဲ့ပါသည်။

၄။ အထူးအစီရင်ခံစာတင်သွင်းသူ၏ ခရီးစဉ်အတွင်းတွင် အစိုးရကိုယ်စားလှယ်များသည် မြန်မာနိုင်ငံမှ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှုများကိုဖြေရှင်းရန် ကြိုးစားမှုများနှင့် ပတ်သက်၍ ၎င်းနှင့်ဆွေးနွေးခဲ့ပါသည်။

၅။ အဆိုပါဆွေးနွေးမှုများတွင် မြန်မာနိုင်ငံပြည်သူတို့၏ အကျိုးအတွက်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန် အစိုးရမှကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေမှုများကို ရှင်းလင်းစွာပြောကြားခဲ့ပါသည်။ အဆိုပါ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုကျော်လွှားရန် သန္နိဋ္ဌာန်ချမှတ်ထားသည်ကိုလည်း ပြောကြားခဲ့ပါသည်။

၆။ အထူးအစီရင်ခံစာတင်သွင်းသူသည် အစိုးရကိုယ်စားလှယ်အများအပြားနှင့် တွေ့ဆုံခဲ့ပါသည်။ အဆိုပါ အစိုးရကိုယ်စားလှယ်များက မြန်မာနိုင်ငံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားရန်ကိစ္စ၊ မြန်မာနိုင်ငံတစ်ဝှမ်း တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းနေမှုကိစ္စတို့ကို ဆွေးနွေးခဲ့ပါသည်။ လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးတို့အတွက်အစိုးရမှ ဆောင်ရွက်နေမှုများကိုလည်း အထူးအစီရင်ခံစာတင်သွင်းသူအား ရှင်းလင်းပြောကြားခဲ့ပါသည်။

၇။ သို့ရာတွင် အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံခရီးစဉ်အဆုံး ထုတ်ပြန်ချက်အပေါ် မိမိတို့အနေဖြင့် စိတ်ပျက်ရပါသည်။

၈။ ဆယ်စုနှစ်များစွာ ကြုံတွေ့ခဲ့ရသော ပြည်တွင်းပဋိပက္ခ၊ အထီးကျန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့မှုတို့ကြောင့် ဖြစ်ပေါ်သည့်ပြဿနာများကိုဖြေရှင်းရာ၌တွေ့ကြုံရသည့် အခက်အခဲများကို အထူးအစီရင်ခံစာတင်သွင်းသူ၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြလိမ့်မည်ဟု မျှော်လင့်ခဲ့ပါသည်။ သို့သော် အထူးအစီရင်ခံစာတင်သွင်းသူ၏ ထုတ်ပြန်ချက်တွင် ယေဘုယျဆန်သောစွပ်စွဲချက်များနှင့် မှားယွင်းသောအချက်အလက်များစွာပါဝင်နေပါသည်။

၉။ မြန်မာပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီစနစ်ထွန်းကားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်ရေးသည် မိမိတို့၏ပြတ်သားသော ရည်မှန်းချက်ဖြစ်ပါသည်။ အရေးပါသော ကြိုးပမ်းမှုများ ဆောင်ရွက်လျက်ရှိသော်လည်း စိန်ခေါ်မှုများစွာ ရှိနေသေးပါကြောင်းနှင့် အဆိုပါ စိန်ခေါ်မှုများကို ချက်ချင်းဖြေရှင်းနိုင်မည်မဟုတ်သည်ကို လက်ခံထားပါသည်။

၁၀။ နိုင်ငံနှင့်အဝှမ်းရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုရရှိရေးသည် မိမိတို့၏ ပထမဦးစားပေးဖြစ်ပါသည်။ အားလုံးအတွက် လွတ်လပ်၍ ညီမျှသောအခွင့်အရေး၊ တရားမျှတမှုရှိရေးမူအပေါ် အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်တစ်ရပ်ကိုတည်ဆောက်ရန် အစိုးရမှ သန္နိဋ္ဌာန်ချထားပါသည်။

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ်အတွက် အဆိုပြုလွှာများအချိန်မီ တင်သွင်းကြရန် နှိုးဆော်

**ရန်ကုန် ဇူလိုင် ၂၁**

"မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၇" အတွက် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအနက်မှ သိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၅၄၇ မှတ်နှင့် အထက်ရရှိသူများ၊ ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၄၉၂ မှတ်နှင့်အထက် ရရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတစ်ခုချင်းအလိုက်တွင် အမှတ်အများဆုံးရရှိသူ တစ်ဦးစီသာလျှင် အဆိုပြုလွှာများကို တင်သွင်းလက်ခံလျက်ရှိကြောင်း အသိပေးကြေညာပြီးဖြစ်ပါသည်။

အဆိုပြုလွှာနောက်ဆုံး လက်ခံမည့် ဇူလိုင် ၃၁ ရက်မှာ နီးကပ်လာပြီဖြစ်၍ သတ်မှတ်ချက်နှင့် အကျုံးဝင်သူများသည် မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်) ဖုန်း ၀၁-၂၅၆၀၇၄၊ ၇၉၂၉၉၄၊ ၀၉-၄၂၁၀၆၂၇၃ တို့တွင် အဆိုပြုလွှာများကို အမြန်ထုတ်ယူပြီး သတ်မှတ်ရက်အမီပေးပို့ကြရန် မြန်မာ-ဂျပန်အသင်းက နှိုးဆော်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိန္ဒိယသမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ရမ်နတ်ကိုဗန် အနိုင်ရ

**နယူးဒေလီ ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံ၏ သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံအား လက်ရှိအုပ်ချုပ်နေသည့် ဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်သည့် ရမ်နတ်ကိုဗန်က အနိုင်ရရှိကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဘီဟာပြည်နယ်၏အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူကိုဗန်သည် ၎င်း၏ပြိုင်ဘက်သမ္မတလောင်းဖြစ်သည့် လွှတ်တော်ဥက္ကဋ္ဌဟောင်း မီယာကူမာကို ထောက်ခံမဲသုံးပုံနှစ်ပုံနီးပါးအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၇၁)နှစ်အရွယ်ရှိ ရမ်နတ်ကိုဗန်သည် လက်ရှိသမ္မတတာဝန်ထမ်းဆောင်နေသည့် ပရာနတ်မူခါဂျီး၏ ငါးနှစ်သက်တမ်းရှိ သမ္မတရာထူးသက်တမ်း ကုန်ဆုံးသည့် ဇူလိုင် ၂၅ ရက်နေ့မှစတင်ကာ အိန္ဒိယနိုင်ငံ၏(၁၄) ဦးမြောက်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီက ရမ်နတ်ကိုဗန်၏ သမ္မတရွေးချယ်ပွဲ အောင်မြင်မှုအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံသမ္မတရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းသမ္မတရွေးချယ်ပွဲအတွက် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးရှိ လွှတ်တော်များမှ ဥပဒေပြုလွှတ်တော်အမတ် ၄၈၉၆ ဦးတို့က မဲပေးရွေးချယ်ပေးရပြီး ယခု သမ္မတရွေးချယ်ပွဲတွင် လွှတ်တော်အမတ် ၄၈၀၀ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

■



# တူရကီနိုင်ငံအနောက်တောင်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၇ ရှိ ငလျင်လှုပ်ခတ်

**အန်ကာရာ ဇူလိုင် ၂၁**

ဇူလိုင် ၂၁ ရက်တွင် ပြင်းအား ၆ ဒသမ ၇ ရှိသော ငလျင်တစ်ခုသည် တူရကီနိုင်ငံ အနောက်တောင်ဘက်သို့ ဦးတည်ကာ လှုပ်ခတ်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၉၀ ထိခိုက်ဒဏ်ရာများ ရခဲ့သည်။

အမေရိကန် ဘူမိဗေဒလေ့လာဆန်းစစ်ရေးအေဂျင်စီက အဆိုပါငလျင်သည် ဇူလိုင် ၂၁ ရက် အစောပိုင်းအချိန်တွင် လှုပ်ခတ်သွားကြောင်း ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်အနီး Kos ကျွန်းပေါ်ရှိ အဆောက်အအုံများ ပြိုကျပျက်စီးကာ လူနှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၉၀ ကျော်ထိခိုက်ဒဏ်ရာများရခဲ့သည်။ ငလျင်လှုပ်ခတ်သည့်အချိန်တွင် ကျွန်းပေါ်၌ ကမ္ဘာလှည့်ခရီးသွားအများအပြား အပန်းဖြေခရီးထွက်နေသည့်အချိန်ဖြစ်သည်။

ငလျင်လှုပ်ခတ်သည့်အချိန်တွင် အဆောက်အအုံအချို့ပြိုကျပျက်စီးသည့် အပျက်အစီးများနှင့် လူများနေအိမ်မှ အပြင်ဘက်သို့ ထွက်ပြေးလာသည့် လှုပ်ရှားမှုများကို တူရကီအနောက်တောင်ပိုင်းရှိ ဘိုဒ်ရမ်မြို့မှ ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တစ်ခုတွင် တွေ့ရသည်။

ဘိုဒ်ရမ်မြို့သည် ငလျင်ဗဟိုချက်နှင့် ၁၀ ကီလိုမီတာ ခန့်ကွာဝေးသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဘိုဒ်ရမ်မြို့ရှိ အချို့သော နေရာဒေသများ၌ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်နိုင်ဖွယ်ရှိသည်ဟု ဘိုဒ်ရမ်မြို့တော်ဝန်က မီဒီယာသို့ ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



## ဟစ်ဇ်ဘိုလာနှင့် ဆီးရီးယားတပ်ဖွဲ့များက လက်ဘနွန်နှင့် ဆီးရီးယားနယ်စပ်၌ ထိုးစစ်ဆင်

**ဘေရွတ် ဇူလိုင် ၂၁**

ဆီးရီးယားနှင့် လက်ဘနွန်နယ်စပ်အနီး၌ နောက်ဆုံးခြေကုပ်စခန်းအဖြစ်တည်ရှိနေသော သူပုန်များကိုမောင်းထုတ်ရေးအတွက် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာတပ်ဖွဲ့များနှင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များက ဇူလိုင် ၂၁ ရက်တွင် ထိုးစစ်စတင်ခဲ့ကြောင်း ဆီးရီးယားလိုလားသည့် ဟစ်ဇ်ဘိုတပ်မှူးတစ်ဦးက ပြောကြားသည်။

လက်ဘနွန်နိုင်ငံနယ်စပ်မြို့ အယ်ဆယ်ဆင်ခြေဖုံးတောင်ကုန်းတောင်တန်းထူထပ်သည့်ဒေသရှိ အယ်နူဆာတပ်ဦး သူပုန်အုပ်စု၏စခန်းကို ပစ်မှတ်ထားကာ စစ်ရေးအရတိုက်ခိုက်ခြင်းဖြစ်ပြီး ယင်းဒေသမှာ ဆီးရီးယားနိုင်ငံ၏ နယ်စပ်မြို့ ဖယ်အီတာနှင့် ဒေသချင်းဆက်စပ်နေသည်ဟု အဆိုပါတပ်မှူးက ပြောကြားသည်။

ဆီးရီးယားနှင့် လက်ဘနွန်နယ်စပ်ဒေသတွင် နေထိုင်ကြသော ဒုက္ခသည်များသည် အဆိုပါ စစ်ဆင်ရေးကြောင့် လက်ဘနွန်နိုင်ငံဆယ်ဘယ်မြို့ဆီသို့ ဦးတည်ထွက်ပြေးလာကြပြီး လက်ဘနွန်တပ်ဖွဲ့များက ၎င်းတို့ဖြတ်သန်းသွားလာမှုလွယ်ကူရေးအတွက် ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် လုပ်ဆောင်ပေးနေကြောင်း လက်ဘနွန်လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

**ဆင်ဟွာ။**

# ပြုံယမ်း၏ နျူကလီးယားဒုံးလက်နက်များပစ်လွှတ်ပါက မည်သို့လုပ်ဆောင်ရမလဲဆိုသည့် အသိပညာပေးခြင်း ဟာဝိုင်အီပြည်နယ်တွင် ဆောင်ရွက်

**ဝါရှင်တန် ဇူလိုင် ၂၁**

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ နျူကလီးယားဒုံးလက်နက်ပစ်လွှတ်မည်ဆိုပါက မည်သို့ပြုမူဆောင်ရွက်သင့်ကြောင်း ပြည်သူများကို လမ်းညွှန်ပြသမှုများ လုပ်ဆောင်လျက်ရှိသည်ဟု ဟာဝိုင်အီပြည်နယ်အရေးပေါ်သတင်းအချက်အလက်ဆိုင်ရာ တာဝန်ရှိသူများကပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် ဒုံးကျည်ပစ်လွှတ်မည်ဆိုပါက မည်သို့ ပြုမူဆောင်ရွက်ရမလဲဆိုသည့် နည်းလမ်းများပါဝင်သော လမ်းညွှန်ပြသမှုများကို ပြည်သူများအား အသိပေးလျက်ရှိကြောင်း ဟာဝိုင်အီ အရေးပေါ်ဆိုင်ရာ အေဂျင်စီက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ယနေ့ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်က မြောက်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ် အောင်မြင်ခဲ့ပြီးနောက် အဆိုပါအသိပညာပေး ဆောင်ရွက်မှုများ စတင်ခဲ့ခြင်းဖြစ်ကြောင်း အေဂျင်စီတာဝန်ရှိသူများက ဆိုသည်။

အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်း တက္ကသိုလ်မှ သုတေသီများက မြောက်ကိုရီးယားနိုင်ငံ၏ စမ်းသပ်ပစ်လွှတ်အောင်မြင်ခဲ့သည့် တာဝေးပစ်ဒုံးကျည်သည် အမေရိကန်ပြည်ထောင်စုရှိ အလာစကာနှင့် ဟာဝိုင်အီပြည်နယ်များသို့ ရောက်ရှိနိုင်သည်ဟု ပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် နျူကလီးယားထိပ်ဖူးတပ်တာဝေးပစ်ဒုံးကျည်ကို အမေရိကန်နိုင်ငံအနောက်ဘက် ကမ်းရိုးတန်းဆီသို့ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ရန် နှစ်နှစ်တိုင်တိုင် အချိန်ယူခဲ့ရသည်ဟု အဆိုပါ သုတေသီများက ဆိုသည်။

အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ပါက ပြည်သူများအနေဖြင့် နီးစပ်ရာအဆောက်အအုံများထဲသို့ ဝင်ရောက်ပုန်းအောင်းကြရန် ပြည်သူများအား လမ်းညွှန်ပြသမှုများ ပါဝင်သော လမ်းညွှန်စာအုပ်များကို ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း ယင်းအေဂျင်စီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသို့ တိုင်ကြားစာ ၃၇၀၀ ကျော်အနက် ၁၂၀၀ ကျော် ပြန်ကြားပြီးဖြစ်



**နေပြည်တော် ဇူလိုင် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးဖုန်းတင့်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်နေရာများတွင် ခန့်အပ်တာဝန်ပေးလိုသည့် ပုဂ္ဂိုလ်များအဖြစ် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့အား ဒုတိယဥက္ကဋ္ဌရာထူးနေရာများတွင် လည်းကောင်း၊ ဦးကျော်မင်းထွန်း၊ ဦးမြင့်သိန်းထွန်း၊ ဦးစိုးပိုင်၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်ခင်မေလှတို့အား ဒါရိုက်တာအဖွဲ့ဝင်ရာထူးနေရာများတွင်လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အဆိုပြုထားကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ လက်ရှိခန့်အပ်ထားသည့် ဒုတိယဥက္ကဋ္ဌ (၃)ဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်(၅)ဦးတို့၏ သက်တမ်းကာလမှာ မကြာမီရက်ပိုင်းအတွင်း ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတက အထက်ပါပုဂ္ဂိုလ်များအား ခန့်အပ်တာဝန်ပေးအပ်ရန် အဆိုပြုထားခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက် ပြန်လည်ပေးပို့ထားသော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍** ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအဖြစ် လုံခြုံရေးကွပ်ကဲမှုရဲတပ်ဖွဲ့မှ အရာရှိများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရဲအရာရှိများအား လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောခြင်း၊ တပ်မတော်စစ်ကျောင်းကြီးများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဆွေးနွေးပို့ချခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာစကားဖြင့် ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသို့ မြေယာသိမ်းဆည်းမှု၊ တရားရေး၊ ဝန်ထမ်းရေးရာ၊ ရဲတပ်ဖွဲ့၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ငွေကြေး၊ စည်ပင်၊ အမျိုးသမီးနှင့် အလုပ်သမား၊ သာသနာရေး၊ အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ အကျဉ်းထောင်ဆိုင်ရာကိစ္စရပ်များအပါအဝင် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သည့် တိုင်ကြားစာ ၃၇၀၀ ကျော် တိုင်ကြားလာပါကြောင်း၊ ယင်းတိုင်ကြားစာများအပေါ် သက်ဆိုင်ရာသို့ ပြန်ကြားစာ ၁၂၀၀ ကျော် ပြန်ကြားပြီးဖြစ်ပါကြောင်း။

ထို့ပြင် ကော်မရှင်အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ၊ ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်များ၊ အချုပ်ခန်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဂေဟာများသို့လည်း သွားရောက်စစ်ဆေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြပြီး ကော်မရှင်အနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေမှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်နိုင်ရေးလျာထားမှု၊ အကျဉ်းထောင်များနှင့် အလုပ်စခန်းများတွင် ဖြည့်ဆည်းဆောင်ရွက်သင့်သည့်အချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကြည်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမောင်စိုး(ခ)ဦးစိုးသိန်းတို့က ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပုဒ်မ၊ ပုဒ်မခွဲများ၏ စကားရပ်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် အပြုသဘောဆောင် ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဇူလိုင် ၂၆ ရက်တွင်ပြုလုပ်ရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာအသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတွင် "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချို)၊ မွန်၊ ရခိုင်၊ ရှမ်း ဘာသာအစီအစဉ်များဖြင့် ထုတ်လွှင့်မှုကို ယခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့ထုတ်လွှင့်ရာတွင် လေးလတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းထုတ်လွှင့်လျက်ရှိပြီး လာမည့်ဩဂုတ် ၁ ရက်မှစတင်ကာ ထုတ်လွှင့်ချိန် ပြောင်းလဲမည်ဖြစ်သည်။

ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ လေးလတာ ထုတ်လွှင့်သွားမည့် တိုင်းရင်းသားဘာသာအစီအစဉ်များမှာ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ "ဝ" ဘာသာအစီအစဉ်တို့ ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁)၊ (၂)နှင့် (၃)တို့အား အမိန့်များချမှတ်

**နေပြည်တော် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးတင်ယု၏ ကန့်ကွက်လျှောက်ထားမှု၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူဦးနေလင်း၏ ကန့်ကွက်လျှောက်ထားမှုနှင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးကျော်ဇင်ဟိန်း၏ ကန့်ကွက်လျှောက်ထားမှုတို့အား ပယ်ကြောင်း ယနေ့တွင် အမိန့်များချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးဝင်းမင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ၎င်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးတင်ယု(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁/၂၀၁၇)၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးနေကျော်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ၎င်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးနေလင်း(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၇)နှင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ၎င်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးကျော်ဇင်ဟိန်း(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၃/၂၀၁၇)တို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဥပဒေကျွမ်းကျင်သူများဖြစ်သည့် ဦးမြဝင်းနှင့် ဦးဝင်းဆွေတို့ခုံအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကြားနာမှုပြုခဲ့ပြီး ဥပဒေဆိုင်ရာငြင်းချက်အားကြားနာပြီးနောက် ကန့်ကွက်လျှောက်ထားရန် အကြောင်းမပေါ်ပေါက်သောကြောင့် ကန့်ကွက်လျှောက်ထားမှုတို့အား ပယ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဩဂုတ် ၂ ရက်မှ ၅ ရက်ထိ အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ၂၇-၇-၂၀၁၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ တို့သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇- ၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း

**တရားခံလွှဲပြောင်းရေးဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တရားခံလွှဲပြောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ နိုင်ငံတော်က အဖွဲ့ဝင် အဖြစ်ပါဝင်သော တရားခံလွှဲပြောင်းရေးကိစ္စနှင့်သက်ဆိုင်သည့် ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင် နိုင်ငံနှင့်ဖြစ်စေ၊ ယင်းစာချုပ်မရှိစေကာမူ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်ရရှိပြီးနောက် ယင်းနိုင်ငံနှင့် ဖြစ်စေ တရားခံလွှဲပြောင်းရေးနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **တရားခံလွှဲပြောင်းရေး**ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသည့် ပိုင်နက်နယ်မြေအတွင်း တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပြီး အခြားနိုင်ငံတစ်နိုင်ငံ အတွင်း ထွက်ပြေးတိမ်းရှောင်နေသူကိုဖြစ်စေ၊ ဖမ်းဆီးထားခြင်း ခံရသူကိုဖြစ်စေ၊ တရားစွဲဆိုခြင်းခံရသူကိုဖြစ်စေ တောင်းဆိုသည့် နိုင်ငံက ထိုသူအပေါ် ယင်းပြစ်မှုဖြင့် တရားစွဲဆိုရန်၊ ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ပြစ်ဒဏ်အတည်ပြုရန် တောင်းဆိုသည့် အခါ လွှဲပြောင်းပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်ထံသို့ အခြားနိုင်ငံတစ်ခုက တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်းနှင့် နိုင်ငံတော်က အခြားနိုင်ငံတစ်ခုသို့ တရားခံ လွှဲပြောင်းပေးရန် တောင်းဆိုခြင်းတို့ ပါဝင်သည်။

(ဃ) **တရားခံလွှဲပြောင်းပေးနိုင်သည့်ပြစ်မှု**ဆိုသည်မှာ တရားခံ လွှဲပြောင်းရေး တောင်းဆိုသည့်အချိန်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ တောင်းဆိုသည့် နိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကို ဆိုသည်။

(င) **ခုံအဖွဲ့**ဆိုသည်မှာ တရားခံလွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်ကို ကြားနာရန်အလို့ငှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။

(စ) **တောင်းဆိုခြင်းခံရသူ**ဆိုသည်မှာ တောင်းဆိုသည့် နိုင်ငံက ယင်းနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ် ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုခြင်းခံရသူကို ဆိုသည်။

(ဆ) **တောင်းဆိုသည့်နိုင်ငံ**ဆိုသည်မှာ ဤဥပဒေအရ တောင်းဆိုခြင်း ခံရသူအား လွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုသော နိုင်ငံကိုဆိုသည်။

(ဇ) **လွှဲပြောင်းပေးခြင်းခံရသူ**ဆိုသည်မှာ လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသောနိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်း ရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းလွှဲပြောင်းပေးခြင်းခံရသူ လည်း ပါဝင်သည်။

(ဈ) **လွှဲပြောင်းပေးသောနိုင်ငံ**ဆိုသည်မှာ တောင်းဆိုခြင်းခံရသူအား တောင်းဆိုသည့်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးသည့်နိုင်ငံကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံ လွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေ ကို ဖြတ်သန်းရသည့်အခြေအနေဖြစ်ပေါ်ပါက ယင်းတရားခံကို လွှဲပြောင်းပေးသောနိုင်ငံလည်း ပါဝင်သည်။

(ည) **တရားခံလွှဲပြောင်းရေးစာချုပ်**ဆိုသည်မှာ တရားခံလွှဲပြောင်း ပေးရန် နိုင်ငံတော်နှင့် အခြားနိုင်ငံတစ်နိုင်ငံချုပ်ဆိုသည့် စာချုပ် သို့မဟုတ် နိုင်ငံတော်နှင့် ယင်းအခြားနိုင်ငံတစ်နိုင်ငံတို့ စာချုပ် ဝင်များအဖြစ် ပါဝင်သည့် နိုင်ငံများအကြား ချုပ်ဆိုထားသည့် စာချုပ်ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်အရ ဖြစ်စေ တရားခံလွှဲပြောင်းရေး လုပ်ငန်းဆောင်ရွက်နိုင်ရန်၊

( ခ ) နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက် နိုင်ရန်၊

( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွား များကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

**အခန်း(၃)**
**တရားခံလွှဲပြောင်းရေးဆိုင်ရာ အခြေခံမူများ**

၅။ တောင်းဆိုသည့်နိုင်ငံက နိုင်ငံတော်သို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်သည် အောက်ပါအခြေခံမူများနှင့် ကိုက်ညီရမည်-

(က) တောင်းဆိုခြင်းခံရသူ ကျူးလွန်သည့်ပြစ်မှုသည် နိုင်ငံတော်နှင့် တောင်းဆိုသည့် နိုင်ငံနှစ်နိုင်ငံ၏ တည်ဆဲဥပဒေများတွင် ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှု အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊

( ခ ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်အတွက် ထောင်ဒဏ် ချမှတ်ခြင်းခံရပြီးဖြစ်ပါက ထိုထောင်ဒဏ်ကို ကျခံပြီးဖြစ်ခြင်း။

၆။ နိုင်ငံတော်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တရားခံ လွှဲပြောင်းရေး တောင်းဆိုချက်ကို ငြင်းပယ်နိုင်သည် -

(က) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်၏တည်ဆဲဥပဒေအရ နိုင်ငံသားဖြစ်ခြင်း၊

( ခ ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုသည့် ပြစ်မှုသည် စစ်ဘက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူမည့် ပြစ်မှု ဖြစ်ခြင်း၊

( ဂ ) တောင်းဆိုခြင်းခံရသူအပေါ် တောင်းဆိုခြင်းပြုသည့် ပြစ်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ၏ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ချက်ချမှတ်ခဲ့ပြီး ထိုသူအပေါ် ပြစ်ဒဏ်အတည်ပြုခဲ့ပြီးဖြစ်ခြင်း သို့မဟုတ် ယင်းပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ပြီးဖြစ်ခြင်း၊

(ဃ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းသည် တောင်းဆိုခြင်း ခံရသူ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေး ဆိုင်ရာ ထင်မြင်ယူဆချက်ကြောင့် ယင်းကို တရားစွဲအရေးယူရန် သို့မဟုတ် အပြစ်ပေးရန်ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည်ဟု ယုံကြည် ရန် အကြောင်းရှိခြင်း၊

( င ) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် တရားမျှတမှု မရှိသည့် ကြားနာစစ်ဆေးခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

( စ ) နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဖြစ်ခြင်း၊ (သို့ရာတွင် နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသောပြစ်မှုများအား နိုင်ငံရေး သဘောသဘာဝရှိသော ပြစ်မှုဟုမမှတ်ယူရ)

(ဆ) တောင်းဆိုသည့် ပြစ်မှုတစ်ရပ်လုံးကိုဖြစ်စေ၊ ပြစ်မှု၏ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်၏ ပိုင်နက်နယ်မြေတွင် ကျူးလွန် ခြင်း၊

( ဇ ) တောင်းဆိုခြင်းခံရသည့် ပြစ်မှုမတိုင်မီ ကျူးလွန်ခဲ့သည့် ပြစ်မှုများ နှင့်စပ်လျဉ်း၍ တတိယနိုင်ငံတစ်နိုင်ငံသို့ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးရန်ရည်ရွယ်ချက်ဖြင့် တောင်းခံသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

( ဈ ) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် ညှဉ်းပန်း နှိပ်စက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုမရှိခြင်း၊ ရက်စက် ခြင်း၊ မတရားပြုခြင်းများခံရမည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း။

**အခန်း(၄)**
**တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သို့ တောင်းဆိုခြင်း**

၇။ တောင်းဆိုသည့်နိုင်ငံသည် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက် တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်နည်းလမ်းဖြင့် ပေးပို့ရမည်။ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်တွင် အောက်ပါအချက် အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသား ဖော်ပြရမည်-

(က) တောင်းဆိုခြင်းခံရသူ၏ ကိုယ်ရေးအချက်အလက်များ (အမည်၊ ကိုယ်ပုံသဏ္ဌာန်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ မျိုးရိုးဗီဇ လက္ခဏာဆောင် ဓာတုပစ္စည်း (DNA)နှင့် လက်ဗွေ အစရှိသည် တို့ အပါအဝင်)၊

( ခ ) ပထမသတင်းပေးတိုင်ချက်အမှတ် သို့မဟုတ် တရားရုံးအမှုအမှတ် နှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်၊

( ဂ ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းအတွက် လိုအပ်သော စာရွက်စာတမ်းသက်သေခံချက်၊ ဖမ်းဝရမ်းမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဃ) ပြစ်မှုနှင့်ပတ်သက်၍ တောင်းဆိုသောနိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာ ရှိကြောင်းဖော်ပြသည့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊

( င ) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်အတွင်း ရောက်ရှိနေသည်ဟု တောင်းဆိုသည့်နိုင်ငံက ယုံကြည်ရသည့် အကြောင်းရင်းနှင့် အထောက်အထားများ၊

( စ ) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ လူပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊

(ဆ) ဤဥပဒေ၏ နောက်ဆက်တွဲ ပုံစံ(၁)နှင့် ပုံစံ(၂) တွင်ဖော်ပြပါရှိ သော အချက်အလက်များ။

၈။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်နည်းလမ်းဖြင့် ရရှိသည့် တရားခံ လွှဲပြောင်းရေးတောင်းဆိုချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆောလျင်စွာ ပေးပို့ရမည်။

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) တရားခံလွှဲပြောင်းရေး တောင်းဆိုချက်အား ပုဒ်မ ၇ ပါ ဖော်ပြချက်များနှင့် ညီ မညီ ဆောလျင်စွာ တိုက်ဆိုင်စိစစ်ပြီး လိုအပ်ချက်ရှိပါက ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်ပေးပို့ရမည်။

( ခ ) ပုဒ်မခွဲ(က)အရ ပြန်လည်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တောင်းဆိုသည့်နိုင်ငံက ပြီးပြည့်စုံစွာ ပြန်လည်ပေးပို့ခြင်း မရှိပါက ယင်းတောင်းဆိုချက်ကို ပိတ်သိမ်းကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာတောင်းဆိုသည့်နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် နှစ်နိုင်ငံ သို့မဟုတ် ယင်းထက်ပိုသော နိုင်ငံများက တရားခံလွှဲပြောင်းရန် တောင်းဆိုသည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းလျက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား၍ မည်သည့်တောင်းဆိုချက်ကို ခွင့်ပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်ရမည်-

(က) တည်ဆဲသဘောတူစာချုပ်ပါ တာဝန်များ၊

(ခ) ပြစ်မှုကျူးလွန်သည့် နေရာနှင့် အချိန်၊

(ဂ) တောင်းဆိုချက်များကိုရရှိသည့် အချိန်အပိုင်းအခြား၊

(ဃ) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ နိုင်ငံသားဖြစ်မှု၊

(င) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ အမြဲတမ်းနေရပ်လိပ်စာ၊

(စ) မိမိနိုင်ငံဘက်မှ လွှဲပြောင်းပေးအပ်ခဲ့သည့် တောင်းဆိုခြင်း ခံရသူအား ပြန်လည်လွှဲပြောင်းရယူရန် အခြေအနေရှိ မရှိ၊

(ဆ) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုရန်၊ ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ချမှတ်ထားသည့်ပြစ်ဒဏ်ကို အတည်ပြုရန်စသည့် တရားခံ လွှဲပြောင်းရန် တောင်းဆိုခြင်း ရည်ရွယ်ချက်၊

(ဇ) ပြစ်မှု၏ အရေးပါမှု။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၊ ပုဒ်မ ၆ နှင့် ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးနောက် တရားခံလွှဲပြောင်းရေး တောင်းဆို ချက်ကို နိုင်ငံတော်က ငြင်းပယ်ခြင်း သို့မဟုတ် ကြားနာဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်ရယူ၍ မိမိ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၁၂။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ငြင်းပယ်ကြောင်း နိုင်ငံတော်သမ္မတ ၏ အတည်ပြုချက်ရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနသည် ယင်းဆုံးဖြတ် ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ ဆောလျင်စွာ ပြန်ကြားရမည်။

၁၃။ တရားခံလွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ ကြားနာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့ ဖွဲ့စည်းပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ မိတ္တူပေးပို့ရမည်။

**အခန်း(၅)**
**ခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ကြားနာရန်အလို့ငှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ သင့်လျော်သည့် နိုင်ငံသားလေးဦးက အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်စေလျက် အဖွဲ့ဝင်ငါးဦးဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ခုံအဖွဲ့ ဖွဲ့စည်းပြီးကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ အကြောင်း ကြားရမည်။

(ဂ) ခုံအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ခုံအဖွဲ့သည်-

(က) တောင်းဆိုသည့်နိုင်ငံက ပေးပို့သော တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုတွဲကိုစိစစ်ပြီး ယင်းအမှုတွဲတွင် လိုအပ်ချက် တွေ့ရှိပါက အဆိုပါ လိုအပ်ချက်များအား ပြည့်စုံစွာရရှိရေး ဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

( ခ ) တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုအား ကြားနာ စဉ်အတွင်း အမှုနှင့်စပ်လျဉ်းသည့် အထောက်အထားများ ထပ်မံလိုအပ်ပါက တောင်းခံဆောင်ရွက်ပေးရန် ပြည်ထဲရေး ဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်း ကြားရမည်။ **(ဆက်လက်ဖော်ပြပါမည်)**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြဝတီစာပေတိုက် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြဝတီစာပေတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြဝတီစာပေတိုက်သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ မြဝတီစာပေတိုက် စာတည်းမှူးချုပ်နှင့် မြဝတီသတင်းစာတိုက်(ရုံးခွဲ)ရန်ကုန်မှ တာဝန်ခံအရာရှိတို့က မြဝတီစာပေတိုက်မှပုံနှိပ်ထုတ်ဝေသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်စာစောင်များနှင့် မြဝတီသတင်းစာပုံနှိပ် ဖြန့်ချိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာဖတ်ခြင်းသည် စာဖတ်သူအတွက် "အသိ"ကို ရရှိစေသောကြောင့် သမိုင်းနှင့်ပတ်သက်သည့်အသိ၊ ပထဝီနှင့်ပတ်သက်သည့် အသိများ အပါအဝင် မှန်ကန်သည့်အသိများကို ပေးစွမ်းဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း၊ တချို့သော စာအုပ်စာပေများတွင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အဖွဲ့အစည်း အစွဲများဖြင့် အမှန်တရားကို ဖုံးကွယ်ရေးသားမှုများ တွေ့ရှိနေရကြောင်း၊ အထူးသဖြင့် သမိုင်းနှင့်ပတ်သက်၍ ပကတိအခြေအနေအတိုင်း၊ အမှန်အတိုင်းသိအောင် ရေးသားဖော်ပြပေးရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီစာပေတိုက်အတွင်း မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းများအား စတင်ထုတ်ဝေချိန်မှ ယခုအချိန်အထိ နှစ်အလိုက်မှတ်တမ်းအဖြစ် သိမ်းဆည်းထားရှိမှုအခြေအနေများ၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များ ပုံနှိပ်ဖြန့်ချိရေးဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မစ္စယန်ဟီလီ သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း**(ယာပုံ)**၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နံနက် ၈ နာရီတွင်လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ဗိုလ်ချုပ်အောင်စိုးသည် နံနက် ၁၀ နာရီတွင်လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်တွေ့ဆုံစဉ် သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တွေ့ဆုံစဉ် တရားစီရင်ရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေနှင့်အညီဖြစ်ရေး၊ မှန်ကန်တရားမျှတမှုရှိရေး၊ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ဗိုလ်ချုပ်အောင်စိုးနှင့်တွေ့ဆုံစဉ် သိမ်းဆည်းလယ်ယာမြေများနှင့် အခြားမြေများ မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ မစ္စယန်ဟီလီ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သောခရီးစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ ပြုလုပ်သည်။

မစ္စယန်ဟီလီက ပြောကြားရာတွင် မြန်မာနိုင်ငံသို့ ဇူလိုင် ၉ ရက်ကရောက်ရှိခဲ့ပြီး ၁၂ ရက်ကြာ ခရီးစဉ်အတွင်း ရန်ကုန်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ ရောက်ရှိခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း မိမိအား ပံ့ပိုးကူညီမှုအရပ်ရပ်အတွက် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ကျောက်ဖြူ၊ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောတို့သို့ ရောက်ရှိခဲ့ပါကြောင်း၊ ရှမ်းပြည်နယ် ခရီးစဉ်အတွင်း လားရှိုးမြို့သို့ သွားရောက်ခွင့်ရရှိခဲ့ပြီး ကရင်ပြည်နယ်ခရီးစဉ်အတွင်း ဘားအံမြို့သို့ ရောက်ရှိခဲ့ပါကြောင်း။

ယခုခရီးစဉ်သည် မြန်မာအစိုးရအဖွဲ့သစ်လက်ထက်တွင် တတိယမြောက်ခရီးစဉ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့သစ်သည် ကုလသမဂ္ဂနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုကို လိုလားသည်ဟု မိမိနားလည်မိပါကြောင်း၊ မိမိအနေဖြင့် တွေ့ရှိချက်များအပေါ် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အစီရင်ခံစာတင်သွင်းသွားမည် ဖြစ်ပါကြောင်း။

လားရှိုးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် ပဋိပက္ခကြောင့် ဒုက္ခရောက်နေသော အရပ်သားများရှိသည်ဟုလည်း ကြားသိရပါကြောင်း၊ ယခုခရီးစဉ်အတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး အခြေအနေဆက်နွှယ်မှုကို အဓိကပြုလေ့လာနိုင်ရန် ရခိုင်ပြည်နယ် ကျောက်ဖြူသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူ ထားဝယ်နှင့် သီလဝါအထူးစီးပွားရေးဇုန်များ ဖော်ဆောင်မှုကြောင့် ဒေသခံများအပေါ် ထိခိုက်မှုရှိ မရှိအခြေအနေကိုသိရှိနိုင်ရန် ဒေသခံများ၏ အရေးကိစ္စများနှင့်ပတ်သက်၍ အကျိုးဆောင်ပေးနေသော အဖွဲ့များမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်တွင် အောက်တိုဘာ ၉ ရက်ဖြစ်စဉ်နှင့်ဆက်နွှယ်၍ စွဲချက်တင်ခံထားရသူများရှိသည့် ဘူးသီးတောင် အကျဉ်းထောင်၌ ထိန်းသိမ်းခံအချို့နှင့် တွေ့ဆုံခဲ့ပါကြောင်း။

ကရင်ပြည်နယ်သို့ ပထမအကြိမ် မိမိရောက်ရှိခဲ့ပြီး ဘားအံမြို့၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် မြေယာသိမ်းမှုကိစ္စများ၊ လျော်ကြေးငွေကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း။



ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အရ တရားစွဲဆိုမှုများ ရှိနေသည်ဆိုသောသတင်းကိုလည်း လေ့လာခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေကိုပြင်ဆင်ရန် ကြိုးပမ်းနေကြသည်ဟုလည်း သိရပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ၎င်းတို့၏ ကဏ္ဍများအလိုက် လုပ်ငန်းများတိုးတက်အောင် မနားမနေ ကြိုးပမ်းဆောင်ရွက်ရန် ကတိကဝတ်ပြုမှုများနှင့်ပတ်သက်၍ မိမိကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီလူ့ဘောင်သို့ အပြည့်အဝ အသွင်ကူးပြောင်းနိုင်ရေးအတွက် ခရီးဆက်လျက်ရှိရာတွင် မြန်မာနိုင်ငံကို အာဆီယံအသင်းကြီးက ကူညီပေးစေလိုကြောင်း၊ ပြည်တွင်းရေး ဝင်မစွက်ရမှုကို အကူအညီပေးရေးမူအဖြစ်သို့ ပြောင်းလဲပါရန် မိမိမေတ္တာရပ်ခံလိုပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် မစ္စယန်ဟီလီက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအပြီးတွင် မစ္စယန်ဟီလီနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူသန်းပေါင်း ၆၆၀ ကျော်သည် ရေရှားပါးသည့်နေရပ်တွင် နေထိုင်ကြလျက်ရှိပြီး မသန့်ရှင်းသောရေကို အသုံးပြုခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်း ကြုံတွေ့ခံစားနေကြရ

## မြန်မာနိုင်ငံသည် ပြည်သူ၊ ကမ္ဘာ၊ သာယာဝပြောမှု၊ ငြိမ်းချမ်းမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့အပေါ် အလေးပေးဆောင်ရွက်သွားမည်ဟု အသိပေးပြောကြား

**နယူးယောက် ဇူလိုင် ၂၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဇူလိုင် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက "ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေရှိစေခြင်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းနှင့် သိပ္ပံနှင့်နည်းပညာမြှင့်တင်ခြင်း" ခေါင်းစဉ်ဖြင့် ယနေ့အစည်းအဝေးကျင်းပခြင်းသည် အချိန်အခါသင့်မြတ်ပြီး ရေသယံဇာတနှင့်ဘေးအန္တရာယ်များနှင့် ဆက်နွှယ်နေသည့် ကမ္ဘာ့ဖြစ်စဉ်များ၏ လက်ရှိလမ်းကြောင်းအပေါ် ထင်ဟပ်မှုရှိစေပါကြောင်း။

မိမိတို့အနေဖြင့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ ပြဿနာများကို ထိရောက်စွာဖြေရှင်းရေးတွင် အထောက်အကူပြုစေရန် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လက်ရှိတွင် လူဦးရေသန်းပေါင်း ၆၆၀ ကျော်သည် ရေရှားပါးသည့် နေရပ်ဒေသတွင် နေထိုင်ကြလျက်ရှိပြီး သောက်သုံးရေများရရှိရေးအတွက် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရခြင်း၊ ဝေးလံသည့်နေရာများသို့ သွားရောက်ရေသယ်ယူရခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်းတို့ကို ကြုံတွေ့ခံစားနေကြရပါကြောင်း။

စင်စစ်အားဖြင့် ရေသယံဇာတနှင့် ရေနှင့်ဆက်နွှယ်သည့် ဘေးအန္တရာယ်များသည် အပြန်အလှန်ဆက်နွှယ်နေပြီး မကြာခဏ တစ်ခုနှင့်တစ်ခုနယ်ပယ်ချင်း ဖြတ်ကျော်ဖြစ်ပွားလေ့ရှိတတ်ပါကြောင်း။

ထို့ကြောင့် ဆယ်စုနှစ်ကာလများအတွင်း ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ ပြဿနာသည် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့် အရေးအကြီးဆုံးသော ကိစ္စရပ်များအနက် တစ်ခုအပါအဝင်ဖြစ်လာပါကြောင်း။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်လည်း ဆန်းဒိုင်မူဘောင် သဘောတူညီချက်နှင့် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ရည်မှန်းချက်ပန်းတိုင်-၆ ဖြစ်သည့် သောက်သုံးရေရရှိရေးအတွက် မည်သူမျှ နောက်ကျန်ရစ်မနေစေရေးကို အလေးထားသည့် "လူသားအားလုံးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲနိုင်ရေး"တို့မှ တစ်ဆင့်ချမှတ်ထားသည့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုထားကြပါကြောင်း။

အဆိုပါရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ကြရာတွင် မိမိတို့အနေဖြင့် အသိပညာပေးမှုများကိုမြှင့်တင်ပြီး ကုလသမဂ္ဂ၊ ဒေသဆိုင်ရာနှင့်တစ်နိုင်ငံချင်း ကျင်းပဆောင်ရွက်သည့် ဖိုရမ်များမှတစ်ဆင့် ပံ့ပိုးထောက်ခံမှုများ ပိုမိုရရှိလာစေရန် မိမိတို့၏ ကြိုးပမ်းချက်များကို နှစ်ဆတိုးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေနှင့်ဆက်နွှယ်သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သာမက ရေနှင့်ဆက်နွှယ်နေသောသဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုတို့အတွက်ပါ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာသည် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများ တိုးမြင့်ဖြစ်ပေါ်မှုများကို ရင်ဆိုင်ကျော်လွှားရာတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့်ရင်ဆိုင်ရလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ခြွင်းချက်မရှိ ရင်ဆိုင်နေရပါကြောင်း။

မြန်မာနိုင်ငံသည် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်းအစရှိသည့်ရေနှင့်ဆက်နွှယ်နေသော သဘာဝဘေးအန္တရာယ်များကို နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် ပုံမှန်ကြုံတွေ့ခံစားရလျက်ရှိပါကြောင်း။

မြန်မာ့ခေတ်သစ်သမိုင်းတွင် အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်မှာ ၂၀၀၈ ခုနှစ်ကတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းနာဂစ်မုန်တိုင်းဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လူပေါင်း တစ်သိန်းလေးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရပြီး လူဦးရေ ၂ ဒသမ ၄ သန်းအပေါ် ထိခိုက်စေခဲ့ပါကြောင်း၊ စီးပွားရေးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံခန့်နှင့်ညီမျှသည့် ငွေကျပ်ပေါင်း ၄ ဒသမ ၅ ထရီလီယံတန်ဖိုးရှိသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်ကလည်း မိမိတို့နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပါကြောင်း၊ ထိုသို့သဘာဝဘေးအန္တရာယ်များကြောင့် အကူအညီအမှန်တကယ်လိုအပ်နေသည့် မိမိတို့နိုင်ငံမှ ထိခိုက်ခံစားနေသည့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများပေးအပ်ခဲ့သော နိုင်ငံတကာအသိုက်အဝန်းကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာအစိုးရအနေဖြင့် အာရှ-ပစိဖိတ်ရေဖိုရမ်၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ထိပ်သီးအစည်းအဝေးကို ယခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း။



ကုလသမဂ္ဂဌာနချုပ်၌ကျင်းပသည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိန့်ခွန်းပြောကြားစဉ်။

အဆိုပါ ထိပ်သီးအစည်းအဝေးမှ ထွက်ပေါ်လာသောရလဒ်များကို လာမည့်နှစ်ဆန်းပိုင်းအတွင်း ဘရာဇီးနိုင်ငံ၌ကျင်းပမည့် အဌမအကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်သို့ တင်ပြသွားရန်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် "၂၀၃၀ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်"နှင့် အခြားသောနိုင်ငံတကာ သဘောတူညီမှုအစီအစဉ်များအပေါ် များစွာအလေးထားပါကြောင်း၊ သို့ဖြစ်၍ ကမ္ဘာလုံးဆိုင်ရာဦးစားပေးအစီအစဉ်များ၊ မူဘောင်သဘောတူညီချက်များနှင့် ဆက်စပ်ပေါင်းစည်းစေမည့် သက်ဆိုင်ရာအမျိုးသားလုပ်ငန်းစီမံချက်များကို မြန်မာနိုင်ငံအနေဖြင့် ချမှတ်ဖော်ထုတ်ထားပါကြောင်း။

မိမိတို့အနေဖြင့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ (၂၀၁၈-၂၀၂၈)" ခေါင်းစဉ်ဖြင့် လာမည့်ဆယ်စုနှစ်ကာလအတွင်း အကောင်အထည်ဖော်မည့် အပြည်ပြည်ဆိုင်ရာ စီမံချက်လုပ်ငန်းစဉ်ဆိုင်ရာ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ယင်းစီမံချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေသယံဇာတပေါင်းစည်း စီမံခန့်ခွဲရေးတို့တွင် အောင်မြင်မှုရှိစေရန် ဆက်လက်ကြိုးပမ်းသွားရမည့် ဆောင်ရွက်ချက်များပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်များ အကောင်အထည်ဖော်ရန် လိုအပ်သည့်ဘဏ္ဍာငွေရရှိရေးအတွက် အစိုးရ၏ ကိုယ်ပိုင်ဘဏ္ဍာငွေ မတည်ရင်းနှီးမှုဖြင့် "နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေနှင့် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေ" တို့ကို တည်ထောင်ထားပါကြောင်း၊ ဒုတိယရန်ပုံငွေအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်များထံမှ ပံ့ပိုးကူညီလာသည့် လှူဒါန်းငွေများကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကိုခုခံရင်ဆိုင်ရာတွင် ငွေကြေးထောက်ပံ့နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံထားရှိနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှု စီမံခန့်ခွဲရေးစီမံကိန်းသို့လည်း ပူးပေါင်းပါဝင်ထားပါကြောင်း။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ သို့သော်လည်း ပမာဏအားဖြင့် နည်းပါးဆဲဖြစ်ပါကြောင်း။

မြန်မာအစိုးရသည် ကမ္ဘာ့ဘဏ်၊ နယ်သာလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့နှင့် ပူးပေါင်းပြီး ရေအရင်းအမြစ်အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းလျက် ဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနဆိုင်ရာမိတ်ဖက်များ၊ ငွေကြေးနှင့် နည်းပညာအထောက်အပံ့များ ရှာဖွေရေးနှင့် ရေအရင်းအမြစ်ကဏ္ဍစွမ်းဆောင်ရည်တည်ဆောက်ရေးတို့တွင် ချိတ်ဆက်ဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားရေအရင်းအမြစ်ကော်မတီအနေဖြင့် အနာဂတ်ရေစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားမူဝါဒနှင့်ကိုက်ညီစေမည့် ရေဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲလျက်ရှိပြီး မိမိဦးဆောင်သည့် ကော်မတီနှစ်ရပ်အကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများတိုးတက်စေရေးအတွက် "Integrated Flood Initiative(IFI) Country Platform" ကို မကြာသေးမီက တည်ထောင်ထားပါကြောင်း။

မြန်မာနိုင်ငံသည် "၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်" အောင်မြင်စေရေးအတွက် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီသို့ဦးတည်လျက် ပြည်သူ၊ ကမ္ဘာ၊ သာယာဝပြောမှု၊ ငြိမ်းချမ်းမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့အပေါ် အလေးပေးဆောင်ရွက်သွားမည်ဟု အသိပေးပြောကြားလိုပါကြောင်း။

မိမိတို့၏ ယနေ့ဆွေးနွေးချက်များမှတစ်ဆင့် လာမည့်နှစ်များအတွင်း "နိုင်ငံတကာ သဘောတူညီမှုရရှိထားသော အစီအစဉ်များ"ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိပ္ပာယ်ပြည့်ဝသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အဆိုပါ အထူးအစည်းအဝေးတွင် ဒုတိယသမ္မတနှင့်အတူ ဟန်ဂေရီနိုင်ငံသမ္မတ H.E. Mr. Janos Ader၊ မောရိသျှပ်နိုင်ငံသမ္မတ H.E. Mrs. Ameenah Gurib-Fakim၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ကိုယ်စားလှယ် Liberal Democratic Party အတွင်းရေးမှူးချုပ် H.E. Toshihiro Nikai တို့ကလည်း မိန့်ခွန်းများပြောကြားကြပြီး ဂျပန်နိုင်ငံအိမ်ရှေ့မင်းသား HIH Naruhito ၏ မိန့်ခွန်းကို ဗီဒီယိုဖိုင်ဖြင့်ပြသသည်။ အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျှော့ချရေးနှင့် ရေသယံဇာတဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Han Seung-Soo၊ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ H.E. Mr. Peter Thomson၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. Wu Hongbo တို့က မိန့်ခွန်းများ ပြောကြားကြသည်။ အစည်းအဝေးသို့ မြန်မာ၊ ဟန်ဂေရီ၊ မောရိသျှပ်၊ ဂျပန်၊ နယ်သာလန်၊ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ဘရာဇီး၊ ဖိလစ်ပိုင်၊ တာဂျစ်ကစ္စတန်၊ ဖီဂျီ၊ မော်လ်ဒိုက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ အေဒီဘီနှင့် ရေနှင့်ဆက်စပ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာရေသယံဇာတနှင့် ဘေးအန္တရာယ်များနှင့်ပတ်သက်သောကိစ္စရပ်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ဂရုပြုအာရုံစိုက်လာမှု တိုးတက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ အတွေ့အကြုံနှင့် သင်ခန်းစာများ အပြန်အလှန်ဖလှယ်ရယူရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၃၀ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ ဆန်းဒိုင်မူဘောင် သဘောတူညီချက်နှင့် ၂၀၁၈ ခုနှစ် မတ်လတွင်ကျရောက်မည့် ကမ္ဘာ့ရေနေ့မှစ၍ အကောင်အထည်ဖော်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ (၂၀၁၈-၂၀၂၈) ခေါင်းစဉ်ဖြင့် ဆယ်စုနှစ်စီမံချက်အပါအဝင် နိုင်ငံတကာသဘောတူထားသည့် ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ အစည်းအဝေး၏ Theme တွင် ဖော်ပြထားသည့်အတိုင်း ရာသီဥတုပြောင်းလဲလာမှုနှင့်

စာမျက်နှာ ၉ သို့ »»

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် UKအောက်လွှတ်တော်၏ Clerk of Legislation ဖြစ်သူ Mr. Liam Laurence Smyth အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် UK အောက်လွှတ်တော်၏ Clerk of Legislation ဖြစ်သူ Mr. Liam Laurence Smyth နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရေးနှင့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတွင် Panelist အဖြစ် ပါဝင်ဆွေးနွေး




**နေပြည်တော် ဇူလိုင် ၂၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်ရာတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အဆိုပါအထူးအစည်းအဝေး၏ "ဘဏ္ဍာငွေပံ့ပိုးဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး"ခေါင်းစဉ်ဖြင့် သီးသန့်ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ(Panel Discussion)တွင် ဆွေးနွေးသူ(Panelist)အဖြစ် ပါဝင်ခဲ့သည်။

ယင်းသို့ ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ဒုတိယသမ္မတ ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ရေအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ ကော်မတီနှစ်ခု၏ ယေဘုယျတူညီသော ရည်ရွယ်ချက်သည် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့ လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများနှင့် လူမှုသဟဇာတဖြစ်မှုများကိုရရှိစေရန် ရေသယံဇာတကိုအခြေခံလျက် စီးပွားရေးနှင့် သဘာဝဘေးလျှော့ချရေးလုပ်ငန်းများမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိမှု၊ International Flood Initiative(IFI) မှုဘောင်အား အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၂၀၃၀)၊ သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်တို့ကို မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အစိုးရက အမျိုးသားအဆင့်အရေးပေါ် ရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများ ထူထောင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေးနှင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားမှု၊ Cyclone Shelter များတည်ဆောက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် လှေများထောက်ပံ့ပေးမှု၊ လျင်မြန်ထိရောက်သော တုံ့ပြန်မှုအတွက် အထူးရဟတ်ယာဉ်များ ကြိုတင်စီစဉ်ထားရှိမှု၊ Risk financing အရ ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံချက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိမှုများကို ထည့်သွင်းဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့နံနက်ပိုင်းတွင် အာရှ-ပစိဖိတ် ရေဖိုရမ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ် ရေညီလာခံနှင့်ပတ်သက်၍ နယူးယောက်အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များကို ရှင်းလင်းပြောကြားသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

»» စာမျက်နှာ ၈ မှ

လိုက်လျောညီထွေစွာ ဆောင်ရွက်ရေး၊ ရေနှင့် ဆက်စပ်သောကဏ္ဍများတွင် ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေ ပံ့ပိုးပေးရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ သိပ္ပံနှင့် နည်းပညာတိုးတက်ရေးနှင့် သက်ဆိုင်ရာနိုင်ငံများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ အတွေ့အကြုံနှင့် စိန်ခေါ်မှုများ၊ နိုင်ငံတကာ၏ ကူညီထောက်ပံ့မှု လိုအပ်နေမှုများကို ဆွေးနွေးပြောကြားကြသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂဌာနချုပ်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နယူးယောက်မြို့ တစ်ဖက်ကမ်းရှိ နယူးဂျာစီပြည်နယ် ဂျာစီမြို့နှင့် ဟိုဘိုကမ်မြို့များသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုတားဆီးရေး မြို့ပြလုပ်ငန်းများကို သွားရောက်လေ့လာကြရာ ဂျာစီမြို့တော်ခန်းမ၌ အဆိုပါမြို့များနှင့်ပူးပေါင်းဆောင်ရွက်နေသော ကုလသမဂ္ဂ ဘေးအန္တရာယ်ဖြစ်နိုင်မှုလျှော့ချရေး(UNISDR)၏ "မြို့များ ပြန်လည်ထူထောင်နိုင်ရေး(Making Cities Resilient)" ကို မြှင့်တင်အကောင်အထည်ဖော်နေသူ Dr. Alexander Mirescu၊ Innovation ကုမ္ပဏီဦးစီးအကြံပေးမှူး Mr. Brian Platt နှင့် ဂျာစီမြို့ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မြို့ပြလုပ်ငန်းစီမံကိန်းများသာမက ဒေသခံလူထုအကြား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အသိပညာပေးမှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရန်ပုံငွေသီးခြားထားရှိဆောင်ရွက်မှုများကို ပြန်လည်ရှင်းလင်းပြောကြားပြီး အပြန်အလှန် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဆရာ ဆရာမများခန့်အပ်ခြင်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသို့ တင်ပြမည်

**ရန်ကုန် ဇူလိုင် ၂၁**

အခြေခံပညာရေးကဏ္ဍတွင် ပြောင်းလဲလာသော ပညာရေးစနစ်အရ အရည်အချင်းရှိသော ဆရာ ဆရာမများလိုအပ်သည်ဟု သက်ဆိုင်ရာဌာနမှပြောကြားထားသော်လည်း ဆရာအတတ်သင်ပညာသင်တန်းများ အောင်မြင်ပြီးဖြစ်သော ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်ကျောင်းဆင်း ကျောင်းသားကျောင်းသူများကို ယနေ့အချိန်အထိ ဆရာ ဆရာမ မခန့်အပ်ခြင်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုစိုးသူရကျော်က ပြောသည်။



ကိုစိုးသူရကျော်

"လက်ရှိပညာသင်နှစ်မှာပေါ့ ခါတိုင်းဆိုရင်ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်ကျောင်းဆင်း ကျောင်းသားကျောင်းသူတွေကို ပညာသင်နှစ်မစခင် ဆရာ ဆရာမခန့်ထားတဲ့အကြောင်း တရားဝင်အကြောင်းကြားစာတွေရောက်လာတယ်။ ဒီနှစ်မှာ ဘတ်ဂျက်လိုအပ်ချက်အရဆိုပြီးတော့ မပါလာခဲ့ဘူး။ အဲဒီလိုမပါလာတဲ့အခါမှာ ကျွန်တော်တို့ကျောင်းသား ကျောင်းသူတွေမှာ နစ်နာဆုံးရှုံးမှုတွေဖြစ်လာတယ်။ အဓိကလုပ်သက် နောက်ကျတယ်။ စာကို ဒီနေ့မီရင်တင်မယ်။ မမီဘူးဆိုရင် လာမယ့်တနင်္လာနေ့နံနက် ရောက်အောင်တင်မယ်"ဟု ကိုစိုးသူရကျော်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ၍ အထက်ပါအကြောင်းအရာနှင့် ဆရာ ဆရာမများ ခန့်ထားရေးမူဘောင်တွင် အကျုံးဝင်မည့် စံသတ်မှတ်ချက်များ၊ တတ်ကျွမ်းမှုအညွှန်းဘောင်များရေးဆွဲခြင်း ရှိ၊ မရှိနှင့် ဆရာအတတ်သင်ပညာရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူမည့် ဆရာအတတ်သင်ပညာရေးကောင်စီနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ ပညာရေးအသိုက်အဝန်းအတွင်း ကျန်ရှိနေသော ပညာရေးကောလိပ်ကျောင်းများတွင် ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးနှင့် ပညာရေးကျောင်းသားသမဂ္ဂများအသိုက်အဝန်း အမြန်ဆုံးဖြစ်တည်လာရန် ဆောင်ရွက်မည့်ကိစ္စရပ်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂရုံးခန်း၌ ဆွေးနွေးကြသည်။

"စံသတ်မှတ်ချက်နဲ့ တတ်ကျွမ်းမှုအညွှန်းဘောင်ရေးဆွဲခြင်း ရှိ၊ မရှိနဲ့ပတ်သက်ပြီး ဘာမှအထွေအထူးမပြောလိုသေးဘူး။ ရှေ့ဆက်ပြီးတော့ ဆွေးနွေးသွားဖို့ အများကြီးရှိနေသေးတဲ့အတွက်ကြောင့်ပါ။ နောက်ပိုင်းကျရင် ပညာရေးကောလိပ်နဲ့ဆက်ဆွေးနွေးသွားမယ်။ ဆွေးနွေးပြီးရင် ပညာရေးလောကအတွက် နိုင်ငံအတွက် အထောက်အကူပြုနိုင်မယ့် အဖွဲ့အစည်းတစ်ရပ်လုပ်သွားဖို့ရှိတယ်"ဟု ကိုစိုးသူရကျော်က ပြောသည်။

ယနေ့ ပညာရေးအသိုက်အဝန်းတွင် လတ်တလောဖြစ်ပေါ်နေသည့် အကြောင်းအရာများနှင့် အနာဂတ်တွင် ကျောင်းသားသမဂ္ဂအနေဖြင့် မည်သည့်အပိုင်းမှလုပ်ဆောင်သွားမည် စသည်တို့ကို အဓိကထားဆွေးနွေးကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ဇာဏီ**

### ❖ ကျိုက်ထိုမှ

မိုးကတအားရွာနေတော့ ရေတွေက ရထားလမ်းပေါ် ထိုးဆင်းပြီး ချက်ချင်းများလာတယ်။ ရထားက ရှေ့တိုးမရနောက်ဆုတ်မရဖြစ်ပြီး ထိုးရပ်သွားတယ်။ ခရီးသည်တွေကိုတော့ မနက် ၆ နာရီလောက်ကစပြီး ကားတွေနဲ့ ပြောင်းရွှေ့တင်ပေးပါတယ်။ ခုမနက်ပိုင်းမှာ ခရီးသည် သိပ်မရှိတော့ပါဘူး"ဟု ပြောသည်။

ကားနှင့် ပြောင်းရွှေ့လိုက်ပါမည့်ခရီးသည်များအား နယ်မြေခံအမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၀၇) ခြေမြန်တပ်ရင်းနှင့် အမှတ်(၃၁၀)အမြောက်တပ်ရင်းတို့မှ ထမင်းထုပ်၊ ရေသန့်ဘူးနှင့် လက်ဖက်ရည်များ ပေးလှူခဲ့သည်။ မိုးမှာ ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီခန့်အထိ သည်းထန်စွာရွာသွန်းလျက်ရှိရာ တောင်ကမ်းပါးယံမှမြေကြီးပြိုကျမှုများ ထပ်မံဖြစ်ပွားလျက်ရှိပြီး မွန်းတည့် ၁၂ နာရီအထိ လူနေအိမ်ခုနစ်လုံး မြေကြီးများပိ၍ ပျက်စီးကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ မြေပြိုကျသည့်နေရာများတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သိမ်ဇရပ်ကြက်ခြေနီတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာမှ တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားပေးကြသည်။

**(ရဲခေါင်ဦး)**

# ငွေအကြွေလဲရန် ယာဉ်ကြီးကြပ်သူကို ယာဉ်ပေါ်အစား မှတ်တိုင်တွင်ထားစေလို




**ရန်ကုန် ဇူလိုင် ၂၁**

မြို့တွင်းပတ်ယာဉ်လိုင်း ၅၇ မှ ယာဉ်ကြီးတစ်စီးအတွင်း ငွေအကြွေလဲရန် ယာဉ်ကြီးကြပ်တစ်ဦး ပါရှိကြောင်း အသိပေးစာ မြင်တွေ့ရသည်ဟု ယာဉ်စီးခရီးသည် မခိုင်က ပြောသည်။ ဤကားသည် ယာဉ်အကူမပါပါ။ ငွေအကြွေလဲရန် ယာဉ်ကြီးကြပ်သူတစ်ဦးပါရှိသည်။ ကျေနပ်မှု မရှိပါက တိုင်ကြားရန် ဖုန်း ၀၉ - - - - -ဟု ဖော်ပြထားသော အသိပေးစာ မြင်တွေ့ရသည်။

ယာဉ်အပြင်တွင်လည်း အရောင်ကွဲ ထိုင်ခုံများကို သက်ကြီးရွယ်အိုများ အပါအဝင် ဦးစားပေး ပေးထိုင်ရမည့်ပုဂ္ဂိုလ်များကို နေရာပေးထားခြင်း၊ သံဃာတော်များ၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ၊ မသန်စွမ်းသူများ၊ ဆရာ ဆရာမများနှင့် မူလတန်း၊ အလယ်တန်း ကျောင်းသားကျောင်းသူများကို အခမဲ့ယာဉ်စီးခွင့်၊ အလယ်တန်းကျောင်းသား ကျောင်းသူများအပါအဝင် အခမဲ့ယာဉ်စီးခွင့်ပြုထားခြင်းတို့ကို ဖော်ပြသော အသိပေးစာများ ယာဉ်အပြင်တွင် ကပ်ထားသည်။

ယာဉ်အကူမဟုတ် ငွေအကြွေလဲရန် ယာဉ်ကြီးကြပ်တစ်ဦး ယာဉ်ပေါ်တွင်ထားလျှင် မြို့တွင်းပတ်ယာဉ်လိုင်း သုံးလိုင်းဆိုလျှင် ဝန်ထမ်း ၁၅၀ ဝန်းကျင် အသုံးပြုရနိုင်သည်။ မြို့တွင်းကားလမ်းမ တစ်လမ်းလျှင် မှတ်တိုင် ၁၀ တိုင်ဝန်းကျင်ရှိရာ ကားလမ်းမ ငါးလမ်းဆိုလျှင် ၅၀ ဝန်းကျင်ရှိသည်။

ယာဉ်တစ်စီး ဝန်ထမ်းတစ်ဦးနှုန်းထားခြင်းထက် မှတ်တိုင်တွင်ထားလျှင် ကြီးကြပ်ဝန်ထမ်း ၅၀ ဝန်းကျင်သာလိုအပ်မည်။ ငွေအကြွေလဲပေးခြင်းသာမက ခရီးသည်များ၏လိုအပ်ချက်နှင့် အဆင်မပြေ အခက်အခဲများကိုပါ ကူညီဖြေရှင်းနိုင်မည်။ ထို့အပြင် မှတ်တိုင်များတွင် ယာဉ်များ စည်းကမ်းတကျရပ်၊ ချ၊ တင်၊ ထွက်ခြင်း၊ လမ်းဘေးကပ်ခရီးသည် အတက်၊ အဆင်းပြုစေခြင်း စသည့် စည်းကမ်းလိုက်နာရန်ကိုပါ လုပ်ဆောင်ပေးနိုင်မည်။

သို့သော် ယာဉ်များနှင့် နားလည်မှုရယူပြီး ကားခဝင်ငွေတိုး၍ ခရီးသည်အဆင်မပြေဖြစ်စေသည့် အချိန်မှတ်သတင်းပေးမဖြစ်ရန်လိုအပ်သည်။ ခရီးသည်များအနေဖြင့်လည်း ယခုအခါ မိမိတို့ မြင်တွေ့ရခြင်းများမှ ပြုပြင်ရန် လိုအပ်ချက်များကို တစ်ပြေးညီ ပြောဆိုအသိပေးခြင်းများရှိလာသည်။ အနော်ရထာလမ်းမပေါ် လိုင်းကားယာဉ်ကြောအဖြစ် တုံးဝါတန်းများကို ၂၀၁၄ ခုနှစ်ဝန်းကျင်က စီတန်းချထားပေးခဲ့သည်။ ယခုအခါ နေရာအချို့တွင်သာထားရှိပြီး မျဉ်းဝါတန်း ရေးဆွဲပေးထားသည်။ လမ်းဘေးတွင် အသိပေးစာအနီရောင်စာတန်းများ စိုက်ထူထားသော်လည်း လိုင်းကားမဟုတ်သောယာဉ်များ ဝင်ရောက်မောင်းနှင်နေဆဲဖြစ်သည်။ အရေးယူမှု အားနည်းသဖြင့် လိုင်းကားကြီးများသည် အနော်ရထာလမ်းမပေါ်တွင် (၄၆)လမ်းမရောက်မီကစ၍ လမ်းလယ်ယာဉ်ကြောများပေါ် မောင်းနှင်နေသည်ကို နေ့စဉ် မြင်တွေ့ရဆဲဖြစ်သည်ဟု လမ်း (၅၀) မှ လမ်းမတော်သို့ လိုင်းကားစီးသူ ကိုထိုက်က ပြောသည်။

ယာဉ်လိုင်းအချို့တွင် မြင်တွေ့နေရသော အသိပေးစာများအရ ယာဉ်အကူအစား ငွေအကြွေလဲရန် ယာဉ်ကြီးကြပ် တစ်ဦး မြင်တွေ့ရနိုင်ရာ ပိုမိုအဆင်ပြေရန် မှတ်တိုင်များတွင် ခရီးသည်များအတွက် ဝန်ဆောင်မှုများပေးမည့် ဝန်ထမ်းများအဖြစ် ပြောင်းလဲတာဝန်ပေးစေလိုသည်ဟု ခရီးသည်များက ပြောဆိုအကြံပြုနေကြသည်။

ယခင် ယာဉ်လိုင်းစနစ်ဟောင်းတွင် ၂၀၁၅-၂၀၁၆ ခုနှစ်များဝန်းကျင်က ခရီးသည်များ ပိုမိုခံစားလာခဲ့ရသည့် ဖြစ်စဉ်များနှင့် ယခု ယာဉ်လိုင်းစနစ်သစ်၏ ခြောက်လဝန်းကျင်ကာလ ဆက်လက်တွေ့ကြုံနေရဆဲဖြစ်စဉ်တို့ကြောင့် ယာဉ်လိုင်းများပေါ်တွင် ယာဉ်မောင်းသာပါပြီး ငွေပုံးစနစ်အပေါ် မျှော်လင့်ခြင်းများရှိနေသည်ဟု ပြောဆိုနေသည်။ ကိုယ်ရ ကိုယ်ယူစနစ်အစား ဝေပုံကျစနစ် ပြောင်းလဲချိန်သတ်မှတ်ခါက်ရေ အချိန်စောစီးစွာပြည့်ရေးအပြိုင်အဆိုင် မောင်းနှင်နေရာ အနော်ရထာလမ်းပေါ်တွင် ယခုရက်ပိုင်းအတွင်း ညနေပိုင်း၌ ရထားတွဲတန်းပမာ မြင်တွေ့နေရသည်။ ဇူလိုင် ၁၈ ရက် ညနေ ၅ နာရီဝန်းကျင် ၅၈ ယာဉ်လိုင်းမှ ယာဉ်ကြီး ခြောက်စီးတွဲကို လမ်းမတော် (၁၅) လမ်းမှတ်တိုင်ဝန်းကျင်တွင် မြင်တွေ့ရသည်ဟု မအေးမျိုးက ပြောသည်။

ယခုအခါ အမြင်အမျိုးမျိုးဖြင့် ပြောဆိုနေကြသော်လည်း ထိရောက်သော ဆောင်ရွက်ခြင်းနှင့်အတူ ခရီးသည်များပါ ပူးပေါင်းကူညီရန် လိုအပ်နေသည်။ ယာဉ်အကူအချို့ ယာဉ်လိုက်သက်တမ်းကြာခြင်းနှင့်အတူ ယာဉ်မောင်းအဆင့်သို့ တက်လှမ်းပြောင်းလဲသွားခြင်းကိုလည်း မြင်တွေ့ရသည်။

ယခုရက်ပိုင်းမှာပင် တာမွေလမ်းကြောင်းသွား လိုင်းကားပေါ်တွင် ယာဉ်အကူများ သုံးဦးအထိ မြင်တွေ့ရသည်ဟု ကျောက်မြောင်းနေ ကိုနေက ပြောသည်။ အမျိုးသမီးယာဉ်အကူအချို့ပါ လိုင်းကားအချို့တွင် မြင်တွေ့ရသည်ဟု ရွှေပြည်သာသွားခရီးသည် ကိုရဲက ပြောသည်။

**(မောင်စေအောင်)**

# သထုံခရိုင်အတွင်းရှိ ရေချိုချောင်းများနှင့် အင်းများအား တင်ဒါစနစ်နှင့် လေလံစနစ်တို့ဖြင့် ရောင်းချ

**သထုံ ဇူလိုင် ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်အတွင်းရှိ ရေချိုချောင်းများနှင့် အင်းများတွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရေလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ရေချိုချောင်းများ တင်ဒါစနစ်ဖြင့် ရောင်းချခြင်းနှင့် အင်းများ လေလံတင်ရောင်းချခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

"သထုံခရိုင် လေးမြို့နယ်မှာ ရေချိုချောင်းအားလုံး ၅၄ ချောင်းရှိတယ်။ ဒီနေ့ကတော့ သထုံနဲ့ ပေါင်မြို့နယ်တွေက ရေလုပ်သားတွေအတွက် ဒီမှာပဲ တပေါင်းတည်း လုပ်ပေးတာပါ။ နောက်ရက်ကိုတော့ ဘီးလင်းနဲ့ ကျိုက်ထိုမှာ လုပ်မယ်"ဟု ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစောလင်းက ပြောသည်။

ရေချိုချောင်း တင်ဒါစနစ်ဖြင့် ရောင်းချပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက တင်ဒါစည်းကမ်းများနှင့် ရေလုပ်ငန်းဆိုင်ရာ ဥပဒေများကို အသိပေးရှင်းလင်းပြီး သထုံမြို့နယ်နှင့် ပေါင်မြို့နယ်အတွင်းမှ တင်ဒါနှင့် လေလံဆွဲ ဝယ်ယူခွင့်လက်မှတ်ရရှိထားသည့် ရေလုပ်သား ၄၄ ဦးတို့က သက်ဆိုင်ရာ ချောင်းနှင့် အင်းများအလိုက် တင်ဒါနှင့် လေလံများကို ယှဉ်ပြိုင်ဝယ်ယူခဲ့ကြသည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းမှ ရေချိုချောင်း ၁၄ ချောင်းအနက် ချောင်း ကိုးချောင်း ရောင်းချခဲ့ပြီး တင်ဒါရောင်းချငွေကျပ် စုစုပေါင်း ၆၀၀၅၅၀၀၊ ပေါင်မြို့နယ်အတွင်းမှ ရေချိုချောင်း သုံးချောင်းအား တင်ဒါရောင်းချငွေကျပ် ၄၀၀၀၀၀ ရရှိခဲ့ကာ သထုံမြို့နယ်မှ အင်းလေးခုအတွက် လေလံတင်ရောင်းချငွေကျပ် ပေါင်း ၅၄၀၀၀၀၊ ပေါင်မြို့နယ်မှ အင်းတစ်ခုအတွက် လေလံတင် ရောင်းချငွေကျပ် ၃၀၀၀၀၀ ရရှိခဲ့ကြောင်း၊ ကြမ်းခင်းဈေးမမီသည့် သထုံမြို့နယ်အတွင်းမှ ချောင်း နှစ်ချောင်းနှင့် တင်ဒါဝယ်ယူသူမရှိသည့် ချောင်း သုံးချောင်းတို့ကို ဆိုင်းငံ့ထားကာ နောက်တစ်ကြိမ် ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၁၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အပြုံးတစ်ပွင့်လက်ဆောင် | အရှင်သုမင်္ဂလ(စစ်ကိုင်း) | ၂၅၀၀ | လင်းလွန်းခင် |
| ၂ | အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)မှတ်စုများ | မိုးသိမ်း | ၁၅၀၀ | မဇ္ဈိမ |
| ၃ | သူ့နေရာ၊ သူ့စကား၊ ဘောဂဗေဒ | မောင်မောင်စိုး | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄ | တစ်ပတ်အတွင်း ဝိတ်ချနည်း | ဒေါက်တာအေးမင်းထူး | ၃၀၀၀ | Treasure |
| ၅ | တက္ကသိုလ်ဝန်းကျင်ပုံရိပ်များနှင့် အတွေးများ | မောင်ခင်မင်(ဓနုဖြူ) | ၂၅၀၀ | - |
| ၆ | မေဝင်းမြင့်ကိုရသချို | ကလောင်စုံ | ၆၀၀၀ | လင်းလွန်းခင် |
| ၇ | အင်ကြင်းပွင့်မျက်ရည်စက်များ ကဗျာရှည် | လင်းဝေ(ကောလင်း) | ၁၀၀၀ | ယဉ်မျိုး |
| ၈ | အဘိဓမ္မာဒေသနာနည်းလာ ဇာတ်ပညာအဖွင့် | ဒေါက်တာမောင်ဖြေ | ၂၅၀၀ | နိုင်ငံ့ဂုဏ်ရည် |
| ၉ | ပြည်ပက ဟာဒယရွှင်ဆေး | မောင်ကျေးဇူး | ၁၀၀၀ | ရန်အောင် |
| ၁၀ | ရှေ့နေကြီးပယ်ရီမေဆင်နှင့် တေလေမအမှု | မောင်ဝံသ | ၃၀၀၀ | - |
| ၁၁ | ကျွန်းစဉ်မြေစောခက် | ပြေးလမ်း | ၂၀၀၀ | - |
| ၁၂ | ကော်ဖီည | မင်းခိုက်စိုးစန် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၃ | ကြိုက်လွန်းလို့မှတ်ဖြစ်ခဲ့တဲ့စာ | ဇော်ခိုင်ဦး | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၄ | ဥပဒေထက်စစ်အာဏာရှင်များနှင့် မုဒိုံသား | ထက်ရဲနိုင် | ၂၅၀၀ | အရုဏ်သစ် |
| ၁၅ | စာဖတ်သူဘာသာစကားနှင့် လူမှုရေးအလေ့အကျင့် | မင်းခက်ရဲ | ၃၀၀၀ | နှင်းဆီဖြူ |
| ၁၆ | ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက် | ဟံသာဝတီဦးဝင်းတင် | ၃၀၀၀ | - |
| ၁၇ | လှိုင် | မင်းကျော် | ၆၀၀၀ | စိတ်ကူးချိုချို |
| ၁၈ | ရသဝတ္ထုတိုပေါင်းချုပ် | တက္ကသိုလ်မောင်အောင်ဆွေ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | တစ်အိုး၊ တစ်လုံးနှင့်အခြားဝတ္ထုတိုများ | မောင်ပြည်အေး(ချောက္ကံ) | ၂၅၀၀ | Global Piece Group |
| ၂၀ | မြန်မာစာပဒေသာ | တင်မိုး | ၃၀၀၀ | - |
| ၂၁ | ဝိဇ္ဇာထုံရ်တို့၏ဖိုဝင်ထုံကူးခြင်းနှင့် ဂမ္ဘီရအစုံစုံ ဆန်းကြယ်ပုံများ | မောင်မောင်သိမ်းဟန် | ၃၀၀၀ | - |
| ၂၂ | တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှု မျက်နှာစာ | ချစ်ဦးညို | ၂၀၀၀ | ခူဝံ |
| ၂၃ | ပါလေရာအယ်နီ | စံပယ်ဖြူနု | ၂၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၄ | ရူပဗေဒပုံပြင်များ | မင်းခိုင် | ၂၀၀၀ | Golden arrow |
| ၂၅ | ပြုံးနေတဲ့သံဆူးကြိုးကလေး | မောင်သိန်းဇော် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၆ | အောင်မှတ်ပြည့်မြန်မာစာ လက်ရွေးစင်စာစီစာကုံးများ | ဦးအောင်ခိုင်မြင့် | ၂၅၀၀ | မဇ္ဈိမ |
| ၂၇ | ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ | မစ္စတာအိုးနိုတိုးရု | ၅၅၀၀ | ရာပြည့် |
| ၂၈ | General Knowledge of ARBITRATION | U Maung Maung Ohn Myaing | ၁၀၀၀၀ | မျိုးဆက်သစ် |
| ၂၉ | ဒေါ်နယ်ထရန့် | Quality | ၃၀၀၀ | Quality |
| ၃၀ | အချစ်မှတ်တမ်း | တင်မောင်မြင့် | ၂၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၁ | ရန်ကုန်အစိုးရမှသည်နယ်စပ်ဒေသသို့ | အေးစန် | ၅၀၀၀ | ချစ်စံဝင်း |
| ၃၂ | စတင်လေ့ကျင့် ပထမအဆင့် အင်္ဂလိပ်စကားပြော | ဆရာဦးခင်မောင်သန်း | ၃၀၀၀ | မျက်ပွင့် |
| ၃၃ | မြန်မာနိုင်ငံပြည်တွင်းတက္ကသိုလ်နှင့် ဘာသာရပ်မိတ်ဆက် | အောင်ထိုက်မင်း | ၂၀၀၀ | - |
| ၃၄ | မိုးညှင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမနမဟာထေရ် | ဆုပြည့်စုံထွန်း | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၃၅ | ပျော်ရွှင်စွာနေထိုင်နည်း | အရှင်ပညာစက္က | ၂၀၀၀ | မျိုးဆက်သစ် |
| ၃၆ | ပစ်တိုင်းတောင် | အောင်လင်း | ၂၇၀၀ | စိတ်ကူးချိုချို |
| ၃၇ | ရှုမဝရုပ်စုံမဂ္ဂဇင်း နှစ်(၇၀)ပြည့် အမှတ်တရ | ကလောင်စုံ | ၅၅၀၀ | မျိုးဆက်သစ် |
| ၃၈ | ဘူတာ၊ ရထား၊ လေထီးဂိမ်းပတ် ပတ်လည် (ဝတ္ထုတိုစု) | စိုးလှိုင်တင့် | ၂၅၀၀ | လင်းလွန်းခင် |
| ၃၉ | အနိုင်ပိုင်းသူကြီးဝတ္ထုတိုစုစည်းမှု | မွန်ဇူး | ၂၅၀၀ | လင်းလွန်းခင် |
| ၄၀ | ဗိုလ်ချုပ်အောင်ဆန်းအမှတ်တရ ဆောင်းပါးများ(ဂ) | ကလောင်စုံ | ၃၀၀၀ | နေရီရီ |
| ၄၁ | ပန်းရောင် (Pinky) | တင့်တယ် | ၃၅၀၀ | နေရီရီ |

# နိုင်ငံဝင်ထွက်ပေါက်များတွင် လူ၊ ယာဉ်နှင့် ကုန်ပစ္စည်းများ ဝင်ထွက်သွားလာမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၂၁**
နိုင်ငံ၏ဝင်ထွက်ပေါက်များတွင် လူ၊ ယာဉ်နှင့် ကုန်ပစ္စည်းများ ဝင်ထွက်သွားလာမှု ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံ၏အဓိက ဝင်၊ ထွက်ပေါက်များသာမက နယ်စပ်ဝင်၊ ထွက်ပေါက်များ၊ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် လူ၊ ယာဉ်နှင့် ကုန်ပစ္စည်းများ ဝင်ထွက်သွားလာမှု ထိန်းချုပ်ရေး (C.I.Q ac: Customs Immigration and Quarantine) လုပ်ငန်းစဉ်များကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန် ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနရုံးချုပ်တွင် အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းထံသို့ ရှင်းလင်းတင်ပြခဲ့သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုပါ (C.I.Q ac: Customs Immigration and Quarantine) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၌ C.I.Q လုပ်ငန်းစဉ်များအား Pilot Project အနေဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြန်လည် ဆွေးနွေးခဲ့သည်။

လူနှင့် ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက အချိန်တိုအတွင်း ဖြတ်သန်းသွားလာခွင့်ပြုရန်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းကို နိုင်ငံတကာ အဆင့်မြှင့်တင်ပြီးပါက ကျန်နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းများ၌လည်း ယင်းသို့အဆင့် မြှင့်တင်ဆောင်ရွက်မှုများကို ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်သွားရန်နှင့် အာဆီယံ နိုင်ငံများနှင့်တန်းတူ ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)

◆

# သက်ကြီးဘိုးဘွားများအား ကုသိုလ်ဖြစ်အာဟာရဒါနပြုခြင်းနှင့် အခမဲ့ဆေးကုသပေး

**မယ်စဲ့ ဇူလိုင် ၂၁**
ကယားပြည်နယ် မယ်စဲ့မြို့ရှိ သက်ကြီး ဘိုးဘွားများအား အခမဲ့ကုသိုလ်ဖြစ် အာဟာရဒါနပြုခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီတွင် မြို့နယ်ပြည်သူ့ ဆေးရုံ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ခံ ဆရာဝန် ဒေါက်တာအောင်ဇော်ထွန်း ဦးဆောင်၍ လက်ထောက်ဆရာဝန် ဒေါက်တာ ကောင်းမြတ်သူနှင့် သူနာပြု ဆရာမများက သက်ကြီးဘိုးဘွားများ အား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါအစရှိ သည့် အထွေထွေရောဂါများကို အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးလာရောက်ကုသသော သက်ကြီး ဘိုးဘွားများအား အခမဲ့ကုသိုလ်အဖြစ် ကြာဆံကြော် အာဟာရဒါနပြုခဲ့ ကြောင်း သိရသည်။

“ကျွန်မတို့ကို အခုလို အပတ်စဉ် အခမဲ့ ဆေးကုသပေးတဲ့အပြင် အာဟာရဒါန ကျွေးမွေးခဲ့တဲ့ ဆရာဝန် တွေ၊ ဆရာမတွေကို ကျေးဇူးတင်ပါ တယ်။ မြို့နယ်တွင်းမှာရှိတဲ့ အသက် အရွယ်ရနေတဲ့ အဘိုး အဘွားတွေကို မြို့နယ်ပြည်သူ့ဆေးရုံမှာ အပတ်စဉ် သောကြာနေ့တိုင်း ဆေးကုသပေး တယ်ဆိုတော့ နီးနီးနားနားနဲ့သွားရ တာ အဆင်ပြေတယ်။ အဘိုး အဘွား တွေအပေါ် စိတ်ရှည်သည်းခံပြီး ကုသ ပေးနေတာမြင်ရတော့ ဝမ်းသာမိပါ တယ်”ဟု အသက် (၇၀)ရှိ အဘွားတစ်ဦး က ပြောသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# တနင်္သာရီမြို့အတွင်း ရေကြီးမှုမဖြစ်စေရေး ရေထိန်းတံခါးခိုင်ခံ့မှုရှိစေရန် စစ်ဆေး

**တနင်္သာရီ ဇူလိုင် ၂၁**
မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တနင်္သာရီ မြို့၌ သာမန်မြစ်ရေ၏ ၁၅ ပေအထိ ရောက်ရှိနေပြီဖြစ်သဖြင့် မြို့တွင်းသို့ ရေဝင်မှုနှင့် ရေလွှမ်းမိုးမှု မဖြစ်စေရေးအတွက် မြို့နယ်ရေထိန်း တံခါးနှင့် ရေတားတမံများ ထိန်းသိမ်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမျိုးနိုင်၊ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် အဖွဲ့ဝင်များက ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် ချောင်းကြီးရပ်ကွက် မြို့အဝင်ကမ်းနားလမ်းရှိ ရေစုပ်စက်ရုံ အတွင်းမှ ရေစုပ်စက်နှစ်လုံးနှင့် ရေပိုက်များဖြင့် မြို့အတွင်းမှ မိုးကောင်းရေများအား ရေထိန်းတံခါး အပြင်ဘက်သို့ စုပ်ထုတ်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင် က ကွင်းဆင်းစစ်ဆေးခဲ့သည်။



မြို့နယ်အုပ်ချုပ်ရေးမှူးက ရေထိန်း တံခါးမှတစ်ဆင့် မြို့အတွင်းသို့ မြစ်ရေမဝင်ရောက်နိုင်ရေး၊ ရေထိန်း တံခါးခိုင်ခံ့မှုရှိစေရေး၊ ရေစုပ်စက် ချွတ်ယွင်းမှုမရှိစေရေး၊ စက်သုံးဆီ အလုံအလောက်ကြိုတင်ထားရှိရေး၊ ကော်မတီအဖွဲ့ဝင်များက မြစ်ရေတက် မှုအခြေအနေကို အချိန်နှင့်တစ်ပြေး ညီ ကြိုတင်ဆောင်ရွက်ကြရန် လမ်းညွှန် အမှာစကားပြောကြား၍ ကော်မတီ အဖွဲ့ဝင်များ ပြန်လည်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ် ရေးမှူးသည် မြို့တွင်းရပ်ကွက်များမှ အနိမ့်ပိုင်းနေရာများ၌ ရေဝင်ရောက်နိုင် မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ခဲ့သည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး

**ဖလမ်း ဇူလိုင် ၂၁**
ချင်းပြည်နယ် ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက်ရှိ ရွှေ့ပြောင်းသွားလာခြင်းနှင့် အကြံပေးဌာနကကျင်းပသော အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားများ အခွင့်အရေးဆိုင်ရာများနှင့် အလုပ်သမားများ၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ပြည်နယ်အလုပ်သမား ရေးရာညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဟုန်းကီး၊ ပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်သန်းတင့်တို့က အသိပညာပေးဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးခြင်းများအပေါ် သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်အလုပ်သမားရေးရာ ဒုတိယ ညွှန်ကြားရေးမှူးက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဖတ်စရာ မှတ်စရာ

# ၁၂ သိန်းတန် တုပ်ကွေး

ဟားဟားဟား. . . ကျွန်တော့်တုပ်ကွေး အတော်အဆင့်မြင့်ပါလား။ ၁၂ သိန်းရှင်းခဲ့ရတဲ့ တုပ်ကွေးဗျ။ ဖြစ်တာမသိလိုက်ဘူး။ သတိမေ့သွားတာ။ ဒီဇူလိုင်လထဲမှာပဲဖြစ်တာ။ ဒီနှစ်တော့ မိုးတွေကရွာလိုက်တာ။ မေနဲ့ဇွန်လ နှစ်လလုံး မိုးကိုမပြတ်ဘူး။ လေဖိအားနည်းရပ်ဝန်းတွေကလည်း မြန်မာနိုင်ငံ နဲ့စာချုပ်ချုပ်ထားသလား အောက်မေ့ရတယ်။ တစ်ခုပြီးတစ်ခု ဝင်နေတယ်။ ကိုယ်ကအမှတ်တမဲ့နေပေမယ့် ကိုယ့်အသက်က တစ်နှစ်ထက်တစ်နှစ်ကြီး လာတာ သတိမထားမိဘူး။ ဇူလိုင် ၁၁ ရက်က နှစ် (၈၀) ပြည့်သွားတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကအတိုင်း စောစောလမ်းလျှောက်တယ်။ ကျွန်တော့် လမ်းကြောင်းက မနက် ၆ နာရီခွဲထ မျက်နှာသစ်၊ သွားတိုက်ပြီး အိမ်ကထွက် လမ်းပေါ်ရောက်တော့တာပါပဲ။ ကျွန်တော်နေတဲ့ ဝေဋ္ဌုဝန် အိမ်ရာသစ် စမ်းချောင်းကနေစထွက် ဟံသာဝတီလမ်းပေါ်ရောက် ဟံသာဝတီအဝိုင်းရောက်တော့ လမ်းဖြတ်ကူး ဦးဝိစာရလမ်းထဲဝင်၊ ဦးဝိစာရလမ်းထဲက ရွှေတိဂုံဘုရားဘက်ရောက်တော့ မပိုလမ်းထဲချိုးဝင်၊ နောက်လမ်းကို နည်းနည်းဆက်လျှောက်လိုက်ရင် ကိုအောင်ထိုက်တို့ အိမ်တွေ့ပြီ။ ကိုအောင်ထိုက်ပိုင်တဲ့ “စိတ်တိုင်းကျ”လက်ဖက်ရည် ဆိုင်ရောက်တော့တာပါပဲ။ အဲဒါက ကျွန်တော့်အလုပ်။ တစ်ရက်မှ မပျက်ဘူး။ ကျွန်တော်ထွက်လာတဲ့နေ့က ဇူလိုင် ၁၂ ရက်နေ့ဖြစ်တယ်။ မိုးလေးက နည်းနည်းရွာတယ်။

အိမ်ပြန်ရောက်တော့ ဖျားချင်နေတယ်။ ကျွန်တော်က ဆရာဝန်သွား ခေါ်ပြီး အကြောဆေးငါးလုံး သွင်းပေမယ့် သတိလစ်သွားပြီး သတိမရတော့ ဘူး။ သတိရတော့ အာရှတော်ဝင်ဆေးရုံ စတုတ္ထထပ်ရောက်နေတယ်။ သူတို့ထုံးစံအတိုင်း ဆီးချိုစစ်တယ်။ နှစ်နာရီတစ်ကြိမ် လာတိုင်းတယ်။ မကြာခဏ ဆေးထိုးတယ်။ ဓာတ်မှန်ရိုက်၊ CD Scan ရိုက်။ စမ်းလည်းစမ်းတယ်။ ရင်ဘတ်ဓာတ်မှန်လည်း ရိုက်တယ်။ ရောဂါရှာကြတာပေါ့။ ဦးနှောက်အာရုံ ကြောဆေးပေး၊ ဆေးစစ်။ တစ်ပတ်ကြာတော့ အဖြေကောင်းတယ်ဆိုပြီး နောက်နှစ်ပတ်ကြာရင် ပြန်လာဖို့ နှစ်ပတ်စာဆေးပေးပြီး ပြန်လွှတ်လိုက် တယ်။

အိမ်ပြန်ရောက်တော့ ကုန်ကျစရိတ်ကြည့်လိုက်တော့ ၁၂ သိန်းရှင်းခဲ့ ရတယ်။ ဒါတောင် သူနာပြုစောင့်စရိတ် မပါသေးဘူး။ စရိတ်ကတစ်နေ့ တစ်သောင်း၊ သူနာပြုကို အိမ်ခေါ်ထားရသေးတယ်။ ညီဖြစ်သူ ကိုအောင်ကြည် ကို ငါးဆေးရုံတက်ရတာ တစ်ပတ်တစ်သိန်းနှစ်သောင်းကုန်တယ်ကွာဆိုတော့ ကျွန်တော့်အမျိုးသမီးလည်း သည်းခြေအိမ်ကျောက်ထုတ်တာ သိန်း ၂၀ ကုန်တယ်လို့ သူကပြန်ပြောပါတယ်။ ကျန်းမာရေးကုသစရိတ် သိန်းချီမရှိရင် သေကုန်ကြတော့မှာပါလားဗျာတို့. . . .

မြန်မာပြည်သူများ သက်ရှည်ကျန်းမာချမ်းသာကြပါစေ. .

**တက္ကသိုလ်မောင်မြင့်သိန်း**

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူး ကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာကူးစက်နိုင်ပါသည်။
- ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက် ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ဖြစ် ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တား ရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်း အပ်ပါသည်။
  (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံးပါးစပ်၊ နှာခေါင်းစည်းတို့ အသုံး ပြုနိုင်ပါသည်။)
- ရောဂါပိုးများသည် လက်တွင် ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေ ပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့် ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သော နေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ် တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ၊ ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## သဘာဝဘေး

# စံရွေး-ဇွယ်ငူ ဆက်သွယ်ထားသော ညောင်သာယာ-ဆင်လမ်းတာ ကျိုးပေါက်ပျက်စီး

**သာယာဝတီ ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အိပ်လဟာကျေးရွာအုပ်စု၌ ဇူလိုင် ၂၁ ရက်နံနက် ၁ နာရီခွဲခန့်က စံရွေး-ဇွယ်ငူ ဆက်သွယ်ထားသော ညောင်သာယာ-ဆင်လမ်းတာ အမြင့်



၁၅ ပေ၊ အကျယ် ၁၅ ပေခန့်၊ အရှည် ၂၇ မိုင်ခန့်ရှိ မြေသားတာလမ်းမှာ မြစ်မခမြစ်ရေ တိုးဝင်လာမှုကြောင့် မိုင်တိုင် ၂၂ မိုင် ၇ ဖာလုံနှင့် ၂၃ မိုင်ကြား အိပ်လဟာကျေးရွာအနီး အိပ်လဟာရွာနှင့် ညောင်သာယာရွာအကြား ပေ ၇၀ ခန့် ကျိုးပေါက်ပျက်စီးခြင်းဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ သာယာဝတီမြို့နယ် ခေတ္တမြို့နယ်ရဲမှူး ဒုရဲမှူး လှိုင်ဝင်းဦး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက အနီးအနားကျေးရွာများရှိ ပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ရပ်/ကျေးအဖွဲ့များနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး တာကျိုးပေါက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

**သန့်ဇော်( ပြန်/ဆက်)**



# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် နေအိမ်များရေနစ်မြုပ်

**ဟင်္သာတ ဇူလိုင် ၂၁**

ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လာပြီး ဟင်္သာတမြို့နယ် ကျေးရွာအချို့မှ လူနေအိမ်များ ရေဝင်နစ်မြုပ်မှုကြောင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်မှုများ ပြုလုပ်လာကြောင်း သိရသည်။

တောင်လုံးစုကျေးရွာအုပ်စု အောက်ရွာလေးကျေးရွာရှိ အိမ်ထောင်စု ၄၄ စုမှ လူဦးရေ ၁၈၅ ဦးတို့သည် နေအိမ်အတွင်း ရေများဝင်ရောက်လာမှုကြောင့် အောက်ရွာလေးကျေးရွာ သုံးထပ်ဘုန်းတော်ကြီးကျောင်းသို့ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် စတင်ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မှုခင်း

# ဆိုင်ကယ် ၁၈ စီး ခိုးယူသူလေးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၁**

လှိုင်သာယာမြို့နယ်နေ မောင်တင်ကိုဦးက ၎င်း၏ဆိုင်ကယ်အား ဇွန် ၁၉ ရက်က လှိုင်သာယာမြို့နယ် သောင်ကြီးလေးကျေးရွာ အောင်ချမ်းသာလမ်းရှိ အဆောင်ရှေ့လမ်းဘေးတွင် သော့ခတ်၍ရပ်ထားခဲ့ရာမှ ပျောက်ဆုံးသွားသဖြင့် စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းချက်အရ လှိုင်သာယာမြို့မရဲစခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ခိုးယူသူအား ဖမ်းဆီးရမိရေးအတွက် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်ထွန်းလင်းခေါင်းဆောင်သောတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း သတင်းစုံစမ်းဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ်နေ ဆံရှည်(ခ)ညီညီစိုးနှင့် ဇင်မင်းနိုင်တို့နှစ်ဦးသည် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိခဲ့သဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဆံရှည်(ခ)ညီညီစိုးနှင့် ဇင်မင်းနိုင်တို့နှစ်ဦးအား လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဗညားဒလလမ်းမပေါ်တွင် တွေ့ရှိထိန်းသိမ်းနိုင်ခဲ့ပြီး စစ်ဆေးခဲ့ရာ အဆိုပါအမှုကိုကျူးလွန်ကြောင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် ကိုကိုမင်းနှင့် ဇော်ဝင်းသူတို့လည်းပါဝင်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေစဉ် ၎င်းတို့နှစ်ဦးအား တွံတေးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း သိရှိရသဖြင့် စစ်ဆေးနိုင်ရေးအတွက် လွှဲပြောင်းယူကာ စစ်ကြောဖော်ထုတ်ခဲ့သည်။

စစ်ကြောဖော်ထုတ်ချက်အရ ၎င်းတို့သည် မေလနှင့် ဇွန်လများအတွင်းက စုစုပေါင်းဆိုင်ကယ် ၁၇ စီးတို့အား ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ဆံရှည်(ခ)ညီညီစိုး (၂၇) နှစ်၊ ဇင်မင်းနိုင် (၂၀) နှစ်၊ ဇော်ဝင်းသူ (၃၀) နှစ်နှင့် ကိုကိုမင်း (၂၇) နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# နေပြည်တော်ပတ်ဝန်းကျင်မှ အမျိုးသမီးငယ်များအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားသည့် ဦးပဉ္စင်းတစ်ပါးနှင့် အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်ပတ်ဝန်းကျင်မှ အမျိုးသမီးငယ်များအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားသည့် ဦးပဉ္စင်းတစ်ပါးနှင့် အမျိုးသမီးတစ်ဦးတို့အား ဇူလိုင် ၄ ရက် နံနက်ပိုင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် မြို့လယ်ကျောင်းတိုက်နေ ဦးဝရသာမိ (လူအမည် မျိုးမင်းအောင်)နှင့် ပြင်ဦးလွင်မြို့ ရွာသစ်ကလေးရပ်ကွက်နေ ဒေါ်စန်းမြင့်တို့သည် နေပြည်တော် ပတ်ဝန်းကျင်မှ အသက် (၂၂) နှစ်၊ (၂၉) နှစ်နှင့် (၃၃) နှစ်အရွယ် အမျိုးသမီးလေးဦးတို့အား ပြင်ဦးလွင်မြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ရမည်ဟူ၍ လည်းကောင်း၊ မန္တလေးမြို့တွင် အိမ်အကူအလုပ်လုပ်ရမည်ဟူ၍ လည်းကောင်း၊ လိမ်လည်စည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့ကြသဖြင့် ဇူလိုင် ၄ ရက် နံနက်ပိုင်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုမှ ဆက်စပ်တရားခံ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် တော်ဝင်ဆံသဆိုင်နေ အာကာလင်း(ယခင် နေရပ် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကန်ထောက်ကျေးရွာနေသူ)မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးရမိရေးစုံစမ်းလျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံထားရသူ မြန်မာအမျိုးသမီးငယ်များအား ပြန်လည်ကယ်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၁**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၄၈ စီး၊ သွင်းကုန် ၆၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၂ ဒသမ ၆ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၂၀ ရက်တွင် မူဆယ်နှင့် မန္တလေးသို့ ဝင်ရောက်လာသည့် Fuso အမျိုးအစားယာဉ်အား (၁၆) မိုင်ကျော်ကျောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသော ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "SAMSON" Brand New Tyre 8R 22.5 14 PR,(100)U (ခန့်မှန်းတန်ဖိုး ကျပ် ၁၁ ဒသမ ၅၇၇ သန်းခန့်)အား တွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

# မောင်တောမြို့(၃)မိုင်စစ်ဆေးရေးဂိတ်၌WY စာတန်းပါ စိတ်ကြွဆေးပြား ၇၈၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွဆေးပြား ၇၈၀၀၀ အား (၃) မိုင်စစ်ဆေးရေးဂိတ်၌ ယမန်နေ့ညပိုင်းက သိမ်းဆည်းရမိကြောင်း သိရသည်။

မောင်တောမြို့ (၃)မိုင်စစ်ဆေးရေးဂိတ်၌ ယမန်နေ့ည ၈ နာရီ မိနစ် ၄၀ ခန့်က ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်ပေါ်ပါ ခရီးသည် ခြောက်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ မောင်တောမြို့နယ် မြို့မအရှေ့ရပ်ကွက်နေ နောရ်ဒေါ်လာလ်၊ စိုးနိုင်တို့နှစ်ဦးနှင့်အတူပါရှိသည့် ပီနံအိတ်အတွင်းမှ ငွေကျပ် သိန်း ၁၅၆၀ တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွဆေးပြား ၇၈၀၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာမှ အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် မသင်္ကာသူတစ်ဦးအား ယမန်နေ့ ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်နှမကျေးရွာ၌ လူသတ်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် သွားရောက်ဖမ်းဆီးရာ အဆိုပါကျေးရွာနေ မာမတ်တာရှိန်းအား ဖမ်းဆီးရမိခဲ့ပြီး နယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် လသာအောက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၁**

မောင်တောမြို့နယ် လသာအောက်ကျေးရွာ၌ ယမန်နေ့မွန်းလွဲပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် လသာအောက်ကျေးရွာနေ အီဆု၏ နေအိမ်တွင် ယမန်နေ့မွန်းလွဲ ၂ နာရီက မီးကြွင်းမီးကျန်မှ မီးကူးစက်လောင်ကျွမ်းခဲ့ရာ တန်ဖိုးငွေကျပ် ၁၅၀၀၀ ခန့် ဆုံးရှုံးခဲ့သဖြင့် အိမ်ပိုင်ရှင်အီဆုအား မီးပေါ့ဆမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မက်ပီ ကို ကမ်းလှမ်းနေသည့်အသင်းကြီးများကို ဖီဖာသို့ တိုင်ကြားနိုင်သည်ဟု မိုနာကို အသင်းခြိမ်းခြောက်

မိုနာကိုအသင်းသည် တိုက်စစ်မှူး မက်ပီကို ဥရောပကလပ်အသင်းကြီးများစွာက ကလပ်အသင်း၏ ခွင့်ပြုချက်မယူဘဲ တရားမဝင်နည်းလမ်းများဖြင့် ဆက်သွယ်နေသည့်ကိစ္စရပ်ကို ဖီဖာအုပ်ချုပ်ရေးအဖွဲ့နှင့် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်တို့သို့ စည်းကမ်းအရ အရေးယူပေးရန် တိုင်ကြားမည်အထိ စဉ်းထားထားကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

"အေအက်စ်မိုနာကို အသင်းအနေဖြင့် ပြင်သစ်ဘောလုံးလိဂ်အဖွဲ့ချုပ်၏ အုပ်ချုပ်ရေးစည်းမျဉ်းပုဒ်မ( ၂၁၁)၊ ဖီဖာကစားသမား အပြောင်းအရွှေ့နှင့် စည်းမျဉ်းပုဒ်မ (၁၈ ဒသမ ၃)တို့ကို ဆန့်ကျင်ရာရောက်သည့် အသင်းကြီးများအား အရေးယူနိုင်သည်ကို သတိပေးလိုသည်"ဟု ကြေညာချက်ထုတ်ခဲ့ခြင်းဖြစ်သည်။ မိုနာကိုက မက်ပီကို ကလပ်အသင်းခွင့်ပြုချက်မရယူဘဲ ချိတ်ဆက်နေသည့် အသင်းကြီးများ၏ လုပ်ဆောင်မှုများကို လက်မခံနိုင်သည့်အပြုအမူဟု အမည်တပ်ခဲ့သည်။ မန်စီးတီးနှင့် ပီအက်စ်ဂျီတို့မှာ စွပ်စွဲခံအသင်းနှစ်သင်းဖြစ်သော်လည်း မိုနာကိုဘက်မှ မည်သည့်အသင်းများဖြစ်သည်ကို မှတ်ချက်ပြုပေးရန် ငြင်းဆိုခဲ့သည်။ သို့သော် မန်စီးတီးက မိုနာကိုနှင့် မန်စီးတီးတို့ကြား ကောင်းမွန်သည့် ဆက်သွယ်ရေးရှိကြောင်းတုံ့ပြန်ခဲ့ပြီး ဘာနာဒိုဆေးဗားလ်ကို နွေဈေးကွက်အစ စောစောစီးစီး ပင်ခေါ်ယူထားနိုင်သည့်အချက်ကို ထောက်ပြသည်။ မန်စီးတီးသည် ဘာနာဒိုဆေးလ်ဗားအပြင် မန်ဒီကိုလည်း ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် အနီးစပ်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

လီဗာပူး၊ ရီးယဲလ်မက်ဒရစ်နှင့် အာဆင်နယ်တို့သည်လည်း မက်ပီရရှိရေးကြိုးပမ်းနေသော်လည်း အဆိုပါအသင်းများက မည်သည့်အမှားမျိုးမျှ လုပ်ဆောင်ခြင်းမရှိကြောင်း သိရသည်။ ပရီမီယာလိဂ်ကလပ် အာဆင်နယ်သည်လည်း မက်ပီကိုရရှိရေးချိတ်ဆက်နေပြီး ဇွန်လအတွင်း အာဆင်နယ်၏ ပေါင် ၈၇ သန်းဖြင့်ကမ်းလှမ်းမှုကို ပယ်ချခဲ့ ခြင်းဖြစ်ကြောင်း မိုနာကိုဘက်မှ အတည်ပြုခဲ့ပြီး ဖြစ်သည်။ သို့သော် နည်းပြဝင်ဂါးက မက်ပီမှာ ကစားသမားတစ်ဦးဖြစ်သည့်အတွက် မနက်မိုးလင်းကတည်းက သူဘယ်အသင်းကို ပြောင်းရွှေ့ကစားချင်သလဲဆိုသည်ကို လွတ်လွတ်လပ်လပ် စဉ်းစားနိုင်သည့်အခွင့်အရေး ရှိကြောင်း ထောက်ပြခဲ့သည်။ မိုနာကိုအသင်းသည် ဘာကာယိုကို၊ ဘာဒိုဆေးလ်ဗားတို့ကို ထုတ်ရောင်းထားပြီးဖြစ်သော်လည်း မက်ပီကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။



# တိုက်စစ်မှူးသစ်လူကာကူနှင့် ရက်ရှ်ဖို့ဒ်တို့၏ သွင်းဂိုးများဖြင့် မန်ယူက အစဉ်အလာပြိုင်ဘက် မန်စီးတီးကို သက်သောင့်သက်သာပင် အနိုင်ယူ

အင်္ဂလန်ပြင်ပ မန်ယူနဲ့ မန်စီးတီးတို့ တွေ့ဆုံကြတဲ့ မန်ချက်စတာ ဒါဘီပွဲမှာ မန်ယူအသင်းက အစဉ်အလာပြိုင်ဘက် မန်စီးတီးကို နှစ်ဂိုးပြတ်နဲ့ သက်သောင့်သက်သာပဲ အနိုင်ကစားသွားပါတယ်။ မန်ယူအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၇ မိနစ်နဲ့ ၃၉ မိနစ်တို့မှာ တိုက်စစ်မှူးသစ် လူကာကူနဲ့ ရက်ရှ်ဖို့ဒ်တို့က သွင်းယူပေးခဲ့တာပါ။ မန်စီးတီးအနေနဲ့ မန်ယူကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုတွေမှာ ကောင်းကောင်းယှဉ်ကစားနိုင်ခဲ့ပေမယ့် နောက်တန်းခံစစ်ပိုင်း အားနည်းခြင်းက ပွဲရဲ့ရလဒ်ပိုင်းကို ပြောင်းစေခဲ့တာဖြစ်ပါတယ်။ မန်ယူနောက်ခံလူ စမောလင်းက မန်စီးတီးရဲ့ ပက်ထရစ်ရောဘတ်စ်ကို ပယ်နယ်တီဧရိယာအတွင်း သိသိသာသာ ဆွဲချခဲ့ပေမယ့် ဒိုင်ဖြစ်သူက ပင်နယ်တီပေးခဲ့ခြင်းမရှိတာကြောင့် နစ်နာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

လူကာကူဟာ ရီးယဲလ်ဆော့လိတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ပွဲစဉ်မှာကတည်းက မန်ယူအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးထားနိုင်တာကြောင့် မော်ရင်ဟိုရဲ့ ပေါင် ၇၅သန်း အသုံးပြုခေါ်ယူမှုက ထိုက်တန်တဲ့ ခေါ်ယူမှုဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။ မန်ယူအသင်းကလည်း အသစ်ခေါ်ယူထားတဲ့ လင်ဒီလော့ဖ်နဲ့ လူကာကူတို့ နှစ်ဦးစလုံးကို ပွဲအစကတည်းက ထည့်သွင်းခဲ့တာဖြစ်ပြီး နှစ်ဦးစလုံးကလည်း အသင်းဖော်တွေနဲ့ အံဝင်အောင် ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

အမေရိကန်ပြည်ထောင်စု ဆောက်တန်မှာ ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံတကာချန်ပီယံရှစ်ဖလားပြိုင်ပွဲမှာ မန်ယူအနေနဲ့ မန်စီးတီးကို အနိုင်ကစားနိုင်ခဲ့တဲ့အတွက် ရမှတ် သုံးမှတ်နဲ့ အမှတ်ပေးဇယားထိပ်ကို ယာယီဦးဆောင်နိုင်ခဲ့ပါတယ်။ မန်ယူဟာ လာမယ့် ဇူလိုင် ၂၄ ရက်မှာ ရီးယဲလ်မက်ဒရစ်၊ ဇူလိုင် ၂၇ ရက်မှာ ဘာစီလိုနာအသင်းတို့နဲ့ ဆက်လက်ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အခြားနိုင်ငံတကာ ချန်ပီယံရှစ်ဖလား ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ရိုးမားနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ ပွဲစဉ်မှာတော့ မိနစ် ၉၀ အတွင်း သရေကျခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ကန်ရာမှာ ပီအက်စ်ဂျီက ခြောက်ဂိုး-လေးဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။

**မေလွဲ့သင်း စုစည်းသည်**

---

**ကျောဖုံးမှ**

အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားလာနိုင်ခဲ့ပြီး ရန်ပိုင်စိုးနှင့် လှိုင်းဘိုဘိုတို့ အပိုင်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး ညာနောက်ခံလူနိုင်လင်းထွန်းက အဝေးမှကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘရူနိုင်းကွင်းလယ်လူ ဇာရာနီတိုက်ရိုက်အနီကပ်ဖြင့် ထုတ်ပယ်ခံရ၍ လက်ကျန်မိနစ်များတွင် မြန်မာအသင်းတစ်ယောက်အသာဖြင့် ကစားနိုင်ခဲ့သည်။ တစ်ယောက်အသာရထားသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ခြေအသာဖြင့်တစ်ဖက်သတ် ဖိကစားနိုင်ခဲ့သည်။ မိနစ် ၆၀ တွင် မြန်မာအသင်း တတိယဂိုးရခဲ့ပြီး ငြိမ်းချမ်းအောင်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ သုံးဂိုးပြတ်အနိုင်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းသည် ရန်နိုင်စိုး၊ ငြိမ်းချမ်းအောင်၊ အောင်သူတို့ကို အနားပေးခဲ့ပြီး ရှိုင်းသူရ၊ သန်းပိုင်နှင့် မောင်မောင်လွင်တို့ကို ပြောင်းလဲကစားခဲ့သည်။

ညနေ ၃ နာရီက ကျင်းပသည့် ပထမပွဲတွင် ဩစတြေးလျအသင်းက စင်ကာပူအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ပထမပွဲတွင် ဘရူနိုင်းအသင်းကို နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့် ဩစတြေးလျအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးနေ့ကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဩစတြေးလျ၊ စင်ကာပူနှင့် ဘရူနိုင်းတို့ကစားမည်ဖြစ်ကာ အိမ်ရှင်မြန်မာအသင်းအတွက် ခြေစစ်ပွဲအောင်မြင်ရေး အရေးပါလျက်ရှိသည်။

**သတင်း- ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ- စိုးညွန့်**

❑



# ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါ ဖော်ပြချက်များကို သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ တင်ပြလာသော လျှောက်လွှာကို လက်ခံရရှိသည့်အခါ လျှောက်ထားချက်ကို စိစစ်၍-
- (က) လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံနိုင်သည်။
- (ခ) သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ခံမှုမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိလျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။
- (ဂ) ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ ပြန်ကြားရမည်။

၈။ ပုဒ်မ ၇ အရ ဆောင်ရွက်ပြီးသည့် လုပ်ကွက်နှင့်ပတ်သက်၍ ဝန်ကြီးဌာနသည် မိမိတို့ ဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်သည့် လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှုရှိ၊ မရှိနှင့် အခြားလိုအပ်ချက်များကို စိစစ်၍ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက်ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

၉။ ပုဒ်မ ၈ အရ ဝန်ကြီးဌာန၏ တင်ပြချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူညီလျှင် ဝန်ကြီးဌာနသည် ယင်းလုပ်ကွက်နှင့်စပ်လျဉ်းသည့် တစ်နှစ်သက်တမ်းရှိသောလိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၀။ ပုဒ်မ ၉ ပါလိုင်စင်ကို သက်တမ်းတိုးလိုသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်သက်တမ်း မကုန်ဆုံးမီ နှစ်လ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ သက်တမ်းတိုးလျှောက်လွှာဖြင့် လျှောက်ထားရမည်။

၁၁။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် သက်တမ်းတိုးလိုသည့် လျှောက်လွှာကို ပြန်လည်စိစစ်၍ လိုင်စင်သက်တမ်း မကုန်ဆုံးမီ တစ်လကြိုတင်၍ ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၁၂။ ဝန်ကြီးဌာနသည် သက်တမ်းတိုး လျှောက်ထားချက်ကို စိစစ်၍ -
- (က) သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လျှောက်ထားသူအား တစ်နှစ်သက်တမ်းရှိသည့်လိုင်စင်ကို ထုတ်ပေးရမည်။
- (ခ) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိသော လျှောက်ထားချက်ကို အကြောင်းပြချက်ဖြင့် ငြင်းပယ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် လျှောက်ထားသူကို အကြောင်းကြားရမည်။

## အခန်း(၄)
## ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ ဝန်ကြီးဌာနသည် -
- (က) လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။
- (ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးရမည်။
- (ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပုဒ်မခွဲ(ခ) အရ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တင်ပြချက်အရဖြစ်စေ သိရှိပါက စီမံခန့်ခွဲရေး နည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။
- (ဃ) သတ်မှတ်ထားသည့် လျှောက်လွှာကြေးနှင့် လိုင်စင်ကြေးကောက်ခံရမည်။

၁၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့်နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်သည်။

## အခန်း(၅)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
- (က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊
- (ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊
- (ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် တည်ဆဲဥပဒေများ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊
- (ဃ) လိုင်စင်အား ရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊
- (င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း၊ ရေနံလက်ယက်တွင်းမှ ထွက်ရှိသော ရေနံများကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊ စိစစ်ခြင်း၊ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း၊
- (စ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံအတွက်ပေးသွင်းရမည့် ခိုင်ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများ ကောက်ခံခြင်း၊
- (ဆ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် နေ့စဉ်ရေနံထုတ်လုပ်မှုစာရင်းကို လစဉ် လဆန်း ခုနစ်ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့စေခြင်း၊
- (ဇ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြစေခြင်း။

## အခန်း(၆)
## လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာရမည့် စည်းကမ်းများ

၁၆။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-
- (က) ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။
- (ခ) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဒေသ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှု မဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှု မဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ လုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်။
- (ဂ) ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ချက်လုပ်ခြင်း လုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။
- (ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ရမည်။ အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုမျှ လုပ်ကွက်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း လွှဲပြောင်းဆောင်ရွက်ခြင်းမပြုရ။
- (င) လိုင်စင်ထုတ်ပေးသည့်နေ့မှ သုံးလအတွင်း ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းကို စတင်ဆောင်ရွက်ရမည်။
- (စ) ယင်းရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များနှင့် ထုတ်ယူရရှိသည့် ရေနံနမူနာကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်နှင့်အညီ ပေးအပ်ရမည်။
- (ဆ) နေ့စဉ်ရေနံထုတ်လုပ်မှု ပမာဏစာရင်းဇယားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ် မပျက်မကွက်ပေးပို့ရမည်။
- (ဇ) ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ရေနံထုတ်လုပ်ရန် ခွင့်ပြုထားသော မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ဤဥပဒေနှင့်အညီ ပြန်လည် လျှောက်ထားနိုင်သည်။
- (ဈ) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရပါက ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့်နေ့တွင် လုပ်ငန်းရပ်ဆိုင်းပြီး လုပ်ကွက်အတွင်းမှ တစ်လအတွင်း ဖယ်ရှားပေးရမည်။
- (ည) လိုင်စင်သက်တမ်းအတွင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုခြင်းမရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အကြောင်းကြား၍ လုပ်ကွက်လိုင်စင်အား ပြန်လည်အပ်နှံရမည်။
- (ဋ) လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့၏ လိုအပ်သလို စစ်ဆေးကြပ်မတ်မှုကို ခံယူရမည်။
- (ဌ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံချက်များကို လိုက်နာရမည်။
- (ဍ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြရမည်။

၁၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -
- (က) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။
- (ခ) တည်ဆဲဝင်ငွေခွန်ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့နှင့်အညီ ကျသင့်သည့်ဝင်ငွေခွန်နှင့် အခွန်အခများကို ပေးဆောင်ရမည်။

## အခန်း(၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ (က) ဝန်ကြီးဌာနသည် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-
- (၁) သတိပေးခြင်း၊
- (၂) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊
- (၃) လိုင်စင်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊
- (၄) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ခ) ဤဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် အောက်ဖော်ပြပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-
- (၁) သတိပေးခြင်း၊
- (၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် ထိုသို့ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ ပြန်လည်သုံးသပ်ပေးနိုင်ရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း(၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၁၉။ မည်သူမဆို ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်အောက် မနည်းသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၀။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု သို့မဟုတ် ပျက်စီးမှု သို့မဟုတ် လူမှုစီးပွားထိခိုက်မှုအတွက် ကုစားရသည့် ကုန်ကျစရိတ်များကို ထိုသူကပေးလျော်စေရမည်။

၂၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ဌ) တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## အခန်း(၉)
## အထွေထွေ

၂၂။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပေးထားသော လိုင်စင်သည် သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက-
- (က) ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည်ဟု မှတ်ယူရမည်။
- (ခ) ယင်းလိုင်စင်၏ သက်တမ်းသည် လိုင်စင်ပါ သက်တမ်းအတိုင်းသာ ဖြစ်ရမည်။
- (ဂ) လိုင်စင်သက်တမ်းကုန်ဆုံးလျှင် လိုင်စင်သက်တမ်းတိုးခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ (က) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်လျှောက်ထားသူသည်-

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(၁) မိမိလုပ်ကိုင်ရန် လျှောက်ထားသည့် လုပ်ကွက်တွင် အခြားသောပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာ ရရှိထားသူ မရှိစေရန်လည်းကောင်း၊ မိမိလုပ်ကိုင်ခွင့်ရရှိခြင်းသည် ဥပဒေနှင့်အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။

(၂) လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာရှိသူ ပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်။

(ခ) ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ရှိပါက ယင်းကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ (က)နှင့်အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ရသူအား ထုတ်ပေးထားသည့် လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ် လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်။

၂၆။ (က) ဤဥပဒေပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည်လုပ်ငန်းမှ ထုတ်ယူရရှိသော ရေနံပမာဏပေါ် မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်း လုပ်ကွက်တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရန်ပုံငွေထည့်ဝင်ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ယင်းရန်ပုံငွေကို လက်ခံရရှိမှု၊ ထိန်းသိမ်းမှု၊ ထုတ်ယူသုံးစွဲမှု၊ စီမံခန့်ခွဲမှုတို့နှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိတို့ သက်ဆိုင်ရာနယ်မြေဒေသအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဘာသာပေါင်းစုံဆုတောင်းမေတ္တာပို့သ



**ချမ်းအေးသာစံ ဇူလိုင် ၂၁**
အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆) လမ်းနှင့် (၇၅) လမ်းထောင့်ရှိ ဝိုင်အမ်စီအေ အသင်း ဦးဘအုန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးစိုင်းကျော်ဇောတို့က အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ဘာသာပေါင်းစုံစည်းလုံးညီညွတ်စွာ ဆုတောင်းမေတ္တာပို့သခြင်းအတွက် ဂုဏ်ပြု စကားပြောကြားကြသည်။ ထို့နောက်သိက္ခာတော်ရဆရာဒေါက်တာဇော်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုးကောင်းတိုက် အလယ်ရွှေကျောင်း ဆရာတော် မြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဘဒ္ဒန္တဓမ္မာဓိပတိ ဓမ္မိကာရာမတိုက် ငွေငါးကျောင်း ဆရာတော် ဘဒ္ဒန္တကာဝိရအမှူးပြုသော ဆရာတော် သံဃာတော်များက မေတ္တာသုတ်ရွတ်ပွားချီးမြှင့်ကာ ဆုတောင်း မေတ္တာပို့သသည်။

ထို့နောက်ခရစ်ယာန်သာသနာမှ ရွှေနှလုံးကသီခြယ် ကျောင်းထိုင်ဆရာတော် ဘုန်းတော်ကြီး မာတုတင်ဝင်း၊ ဟိန္ဒူသာသနာမှ ဘုန်းတော်ကြီးရှရီစန္ဒြာဒတ်စ်၊ အစ္စလာမ်သာသနာမှ ဟာဂျီမောင်လာနာ ဦးချစ်ရွှေတို့က သက်ဆိုင်ရာဘာသာအလိုက်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆုတောင်းမေတ္တာပို့သကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# e-Mandalay Webportal စတင်ခြင်းရှင်းလင်းပွဲ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ e-Mandalay Webportalလွှင့်တင်ခြင်းအခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နည်းပညာတက္ကသိုလ်များမှ အတတ်ပညာရှင်များ၊ မီဒီယာနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က Data ID Card System, Digital Government Strategy နှင့် e-Government Systemတို့ကို ထူထောင်သွားရန် နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထောက်ခံပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် e-Governmentစနစ် ထူထောင်နိုင်ရန် e-Mandalay Webportal ဆိုသည့် Webportalကို အချိန် တစ်နှစ်ကျော်ယူ၍ဆောင်ရွက်ခဲ့ကြောင်း၊ လူ့စွမ်းအားများ၊ အချိန်များ မလိုအပ်ဘဲ ဆုံးရှုံးနေခြင်းများ လျော့နည်းသွားစေရန် မသန်စွမ်းပုဂ္ဂိုလ်များအတွက်လည်း အဆင်ပြေစေခြင်း၊ မအားလပ်သောဝန်ထမ်းများအတွက်လည်း အဆင်ပြေစေခြင်းနှင့် ယာဉ်ကြောရှုပ်ထွေးမှုများကို လျော့ကျစေမှာဖြစ်ကြောင်း၊ e-Government လုပ်ငန်းစဉ်၏ ပြီးစီးမှုအခြေအနေမှာ ၃၅ ရာခိုင်နှုန်းကျော်ဖြစ်ပြီး ကျန်အစိုးရဌာနများ၏သတင်းအချက်အလက်များကို အချိန်မီလွှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Clean Government ပေါ်ပေါက်ရေးအတွက် အထောက်အကူဖြစ်သော e-Government လုပ်ငန်းစဉ်အား အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေးမြ(မန္တလေး)**

# ကျောက်ပန်းတောင်းမြို့နယ် ပင်းချောင်းရေလှောင်တမံတွင် ကန်ရေပြည့်ဝင်ရောက်လျက်ရှိသဖြင့် မိုးစပါးအတွက်ရေအပြည့်အဝပေးဝေနိုင်မည်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပင်းချောင်းရေလှောင်တမံတွင် ရေပြည့်ဝင်ရောက်လျက်ရှိပြီး တာပေါင်ကြံ့ခိုင်မှု အခြေအနေနှင့် ရေဝင်ရောက်မှု အခြေအနေများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်လွင်နှင့် မြို့နယ်ဦးစီးအရာရှိတို့က ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးဦးကာလ မိုးရွာသွန်းမှုကောင်းခဲ့သဖြင့် အဆိုပါ ပင်းချောင်းရေလှောင်တမံတွင် ရေဝင်ရောက်မှု များပြားခဲ့ကြောင်းသိရသည်။ အဆိုပါ ပင်းချောင်းရေလှောင်တမံမှာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၈၉၀၀ သိုလှောင်နိုင်ပြီး ကန်ရေပြည့်အမှတ်မှာ ပေ ၇၉၀ ဖြစ်ကြောင်း သိရပြီး လက်ရှိအခြေအနေတွင် ရေဝင်ရောက်မှုမှာ ၁၈၅၃၂ ဧကပေရှိပြီး ရေမှတ်မှာ ၇၈၉ ဒသမ ၅ ပေသို့ရောက်ရှိနေရာ ကန်ရေပြည့်ရန် ခြောက်လက်မသာလိုကြောင်း သိရသည်။

၎င်းပင်းချောင်းရေလှောင်တမံတွင် ယခုရက်ပိုင်းအတွင်း မိုးဆက်လက်ရွာသွန်းမည်ဆိုပါက ကန်ရေပြည့်ပြီး ရေပိုလွှဲမှရေကျော်နိုင်သဖြင့် ပင်းချောင်းဘေးအောက်ဘက်ကျေးရွာများအနေဖြင့် ချောင်းအားဖြတ်သန်းသွားလာရာတွင်လည်းကောင်း၊ ချောင်းအတွင်း ရေချိုးရာတွင်လည်းကောင်း သတိထားဆောင်ရွက်ကြရန်၊ ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အသိပေးအကြောင်းကြားထားသည်။

အဆိုပါ ပင်းချောင်းရေလှောင်တမံ ရေဝင်ရောက်မှုများပြားပြီး ရေဧကပေပြည့်မီသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျောက်ပန်းတောင်းမြို့နယ်အတွင်း မိုးစပါးလျာထားဧက ၁၂၀၀ အား စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

ပင်းချောင်းရေလှောင်တမံရေဝင်ရောက်မှုအခြေအနေနှင့် တမံကြံ့ခိုင်မှုအခြေအနေများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်လွင်၊ မြို့နယ်ဦးစီးအရာရှိ ဦးညွန့်ဝင်းနှင့် ဝန်ထမ်းများလိုက်ပါကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# ချင်းပြည်နယ်တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲရုံး ဟားခါး၌ ဖွင့်လှစ်

**ဟားခါး ဇူလိုင် ၂၁**
ချင်းပြည်နယ်တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲရုံးဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်ဥပဒေချုပ်ရုံး၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံး၊ ပြည်နယ်လူမှုရေးဝန်ကြီးဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းရွှေ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများနှင့် ဖိတ်ကြားထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များကို ယခင်နိုင်ငံတော်၏အုပ်ချုပ်ရေးတာဝန်ယူဆောင်ရွက်ခဲ့ကြသည့် အစိုးရအဆက်ဆက်အနေနှင့် အစဉ်တစိုက်ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ကြသလို ယခုအရပ်သား အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်ရာတွင်လည်း အဓိကရည်မှန်းချက်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းပြည်နယ် တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင်ဆောင်ရွက်သွားရန် ဆက်စပ်လျက်ရှိသော အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ NGO များနှင့် လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥပဒေအရာရှိ ဦးမြင့်အောင်က အဖွဲ့ခွဲဖွဲ့စည်းပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီစဉ်ညွှန်ကြားချက်အရ ရုံးခန်း၊ ပရိဘောဂများနှင့် ဝန်ထမ်းအင်အားဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ အဖွဲ့ခွဲလုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ခွဲရုံးအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## မြစ်ကြီးနားတက္ကသိုလ်၌ ရှမ်းတိုင်းရင်းသားမောင်မယ်သစ်လွင်ကြိုဆို

**မြစ်ကြီးနား ဇူလိုင် ၂၁**
ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် ရှမ်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီမှကြီးမှူး၍ ရှမ်းတိုင်းရင်းသား မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်ပွဲနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင်၂၁ ရက် နံနက် ၉နာရီခွဲက မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသန်းစိုးက သြဝါဒအမှာစကား ပြောကြားကာ မြစ်ကြီးနားတက္ကသိုလ် ရှမ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ သမိုင်းဘာသာရပ်ဌာန တွဲဖက်ပါမောက္ခ ဒေါက်တာခင်သက်ကြွယ်က ကျေးဇူးတင်စကားပြောကြားခဲ့၍ ပထမနှစ်ကျောင်းသားတစ်ဦးနှင့် နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်နှင့်ကျေးဇူးတင်စကားများ အသီးသီးပြောကြားခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကာလအတွင်း ပညာသင်ထူးချွန်နှင့် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ၊ ကျောင်းသားကျောင်းသူများက ရှမ်းတိုင်းရင်းသားရိုးရာ တိုးနယားအက၊ ကိန္နရီ ကန္နရာအက၊ ရှမ်းတိုင်ရင်းသား မျိုးနွယ်စု ခြောက်စု၏ ရိုးရာအကများဖြင့် ဖျော်ဖြေကပြခဲ့ကြပြီး အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့် (ခ) ဦးဒိတ်နှင့်ကချင်ပြည်နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ဖိတ်ကြားထားသူများ၊ မြစ်ကြီးနားမြို့ရှိ တက္ကသိုလ်အသီးသီးမှ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုဝင် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ၊ ကျောင်းသားကျောင်းသူများ အင်အား ၇၀၀ ခန့်တက်ရောက်ကြောင်းသိရသည်။

**ဦးလေးကြီး**

## ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

**ဗန်းမော် ဇူလိုင် ၂၁**
ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမေဖြိုးဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပထမဆု မနန်းလမင်းသာ၊ ဒုတိယဆု မနှင်းအိန္ဒြေဝင်း၊ တတိယဆု မောင်ဉာဏ်လင်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

# မုံရွာနှင့်ဆားလင်းကြီးမြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံများအား အဆင့်မြှင့်တင်မှုများပြုလုပ်

**မုံရွာ ဇူလိုင် ၂၁**
စက်ရုံအလုပ်ရုံများနှင့် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် မုံရွာမြို့ အောင်ချမ်းသာပင်မဓာတ်အားခွဲရုံနှင့် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးပင်မဓာတ်အားခွဲရုံတို့တွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

"လျှပ်စစ်ဓာတ်အားကို အသုံးပြုတဲ့ စက်ရုံ၊ အလုပ်ရုံတွေက များလာတယ်။ နောက်ပြီးသုံးစွဲမှုကလည်း များလာတဲ့အတွက် ပြည့်စုံစွာပေးနိုင်ရန်လိုအပ်တဲ့ ထရန်စဖော်မာတွေကို တိုးချဲ့တပ်ဆင်ပေးတယ်။ ဓာတ်အားလိုင်း အကာအကွယ်စနစ်တွေ တပ်ဆင်ပေးတာပါ" ဟု တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအဖြစ် မုံရွာမြို့အောင်ချမ်းသာဓာတ်အားခွဲရုံသို့ ဝန်အားနိုင်နင်းစွာပို့လွှတ်နိုင်ရန် အောင်ချမ်းသာဓာတ်အားခွဲရုံတွင် မုံရွာခရိုင်အတွင်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ယခုလက်ရှိတပ်ဆင် ထားသော ၁၃၂/၃၃/၁၁ ကေဗွီ ၄၅ အမ်ဗွီအေ ထရန်စဖော်မာအား ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် ပြောင်းလဲတပ်ဆင်ခြင်းဆိုင်ရာ အကြိုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

ထို့အပြင် မုံရွာမြို့ ကွေ့ကြီး၊ အောင်ချမ်းသာနှင့်မြို့သစ်ရပ်ကွက်များနှင့်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား ၂၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်ခြင်း၊ အောင်ချမ်းသာပင်မဓာတ်အားခွဲရုံမှ ဖြန့်ဖြူးသည့် ဓာတ်အားလိုင်းများအား အကာအကွယ်စနစ် (Protection System) များကောင်းမွန်ရေးတို့ကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲမှုဦးစီးဌာနနှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများမှ ဇူလိုင်လဒုတိယပတ်အတွင်းကလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# အမြန်ရေယာဉ်များမြစ်ကမ်းဘေးကျေးရွာများအနီး အရှိန်လျှော့မောင်းနှင်ရန် လိုအပ်

**မုံရွာ ဇူလိုင် ၂၁**
နှစ်စဉ်မိုးရာသီတွင်ချင်းတွင်းအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများကြောင့် မြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းဘေးတစ်လျှောက်ရှိမြို့များနှင့်ကျေးရွာများသို့ မြစ်ရေဝင်ရောက်လျက်ရှိရာ မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့ အထက်အောက်ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များမြို့နှင့် ကျေးရွာများ အနီးမှဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ကြရန်လိုကြောင်း မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ချင်းတွင်းမြစ်ရေကြီးမြင့်ချိန် လူစီးအမြန်ရေယာဉ်များနှင့်ကုန်တင်ရေယာဉ်များ မြစ်ကမ်းအနီးမှ စက်အရှိန်ဖြင့်မောင်းနှင်မှုကြောင့် မြစ်ကမ်းဘေးရှိကျေးရွာများတွင် ကျေးရွာပိုင်မြေများပြိုကျခြင်း မြစ်ကမ်းပါး ပြိုကျမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ကျေးရွာများသို့ ဖြတ်သန်းစဉ် မြစ်လယ်မှမောင်းနှင်ကြရန်နှင့် မြစ်ကမ်းပါးအနီးမှ ဖြတ်သန်းပါက အရှိန်လျှော့မောင်းနှင်ကြရန် သတိပေးမှာကြားထားကြောင်း သိရသည်။

"မြစ်ကမ်းဘေးမှာရှိတဲ့ ကျေးရွာတွေအနေနဲ့က နှစ်စဉ်ကြုံတွေ့နေတဲ့ အခြေအနေပါ။ အထူးသဖြင့်တော့ လူစီးအမြန်ရေယာဉ်တွေပါ။ ချင်းတွင်းမြစ်ရေကြီးချိန်မှာ ရေယာဉ်တွေက ကမ်းအနီးကိုကပ်မောင်းတဲ့အခါမှာ စက်အရှိန်လျှော့မောင်းကြဖို့၊ အရှိန်မလျှော့ချင်ဘူးဆိုရင်တော့ မြစ်လယ်ကနေမောင်းကြဖို့၊ ကမ်းအနီးကမောင်းတဲ့အတွက် ရေလှိုင်းတွေရိုက်တဲ့အခါ မြစ်ကမ်းပါးတွေပြိုကျမှုဖြစ်နိုင်တယ်။ လူနေအိမ်တွေမှာလည်း ရေတွေဝင်တဲ့အတွက် ပျက်စီးနိုင်လို့ ကျေးရွာတွေ ဖြတ်သန်းမောင်းနှင်ကြတဲ့အခါမှာ စက်ရှိန်ကို လျှော့မောင်းနှင်ကြဖို့အတွက် မုံရွာမြို့ကနေစထွက်ကတည်းက ရေယာဉ် စစ်ဆေးတဲ့အဖွဲ့တွေက စနစ်တကျမှာကြားနေပါတယ်။

မိုးတွင်းကာလမှာမြစ်ရေတွေ ပြန်လည်ကျဆင်းသွားပေမယ့် နွေရာသီလို ရေကအများကြီးနည်းသွားတာမဟုတ်တဲ့အတွက် ရေယာဉ်တွေအနေနဲ့ မိုးတွင်းကာလမြစ်ရေကြီးမြင့်ချိန်တွေမှာ မြစ်ကမ်းအနီးက မောင်းမယ်ဆိုရင်တော့ ကျေးရွာတွေကိုဖြတ်တဲ့အခါမှာ အရှိန်လျှော့မောင်းကြဖို့လိုတယ်"ဟု မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းမှ လူစီးအမြန်ရေယာဉ် အသင်း ၁၀ သင်း၊ အစီးရေ ၁၂၉ စီး ကုန်တင်ရေယာဉ် ၁၈ သင်းတွင် အစီးရေ ၅၄၄ စီးဖြင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်နှင့် ခရီးသည်များကို စုန်ဆန်ပြေးဆွဲပေးလျက်ရှိရာ ရေယာဉ်များအနေဖြင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများသို့ ဖြတ်သန်းစဉ် စက်ရှိန်လျှော့မောင်းနှင်ကြရန် သတိပေးမှာကြားထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ချောက်မြို့နယ်အတွင်း ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ချောက် ဇူလိုင် ၂၁**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေဘေးရှောင်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်၊ ရိက္ခာထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ယင်းသို့ ပေးအပ်ရာတွင် တိုင်းဒေသကြီးအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနေမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအေးလွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးရဲထွေးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချိုချိုမာနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် (၁)၊ (၃)၊ (၄)၊ (၇)၊ (၈)၊ (၁၄)၊ ရပ်ကွက်အသီးသီးသို့လည်းကောင်း၊ ချောက်မြို့နယ်အတွင်းရှိ ရေဘေးရှောင်ကျေးရွာ ပဒေသာ၊ လက်ပံကျွန်း၊ ဉယျာဉ်၊ စလင်း တောင်၊ ပခန်းငယ်ကျေးရွာတို့သို့ သွားရောက်၍ ဆန်ရိက္ခာထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

အဆိုပါဆန်ရိက္ခာထောက်ပံ့ငွေအားလူတစ်ဦးလျှင် တစ်ရက်စာ ဆန် နှစ်ဘူးနှုန်းဖြင့် တစ်ပတ်စာ၊ မြို့ပေါ်/ ကျေးရွာအိမ်ထောင်စုစုပေါင်း ၇၆၅ စုနှင့် လူဦးရေ စုစုပေါင်း ၂၉၅၆ ဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေ ၆၂ ဒသမ ၀၇၆ သိန်းကို ရေဘေးရှောင်နေရာများသို့ သွားရောက်ကာ ထောက်ပံ့ပေးအပ်၍ နေရေးထိုင်ရေး၊ ကျန်းမာရေး၊ အလေးထားမေးမြန်း အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိပြီး ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေး ပူးပေါင်းဆောင်ရွက်

ရေးသားတင်ပြသူ – မော်စီ၊ဇင်ဖြိုး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးဆိုသည့် မူဝါဒသစ်ချမှတ်ကာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူများအပါအဝင် CSO များ၊ UN, INGOs, NGOs များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"မြန်မာနိုင်ငံအနေနဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှု၊ အဆင်သင့်ဖြစ်မှုတွေ ပိုမိုကောင်းမွန်စေဖို့အတွက် အလေးထားဆောင်ရွက်ဖို့ လိုအပ်နေသေးတာကြောင့် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်အသင့်ဖြစ်စေရေးအပိုင်းတွေကို ပိုမိုတိုးမြှင့်ပြီး ဆောင်ရွက်နေပါတယ်"ဟု အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြောသည်။

**အသစ်ရေးဆွဲဆောင်ရွက်**

မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်(Myanmar Action Plan on Disaster Risk Reduction-MAPDRR)ကို အသစ်ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော ပြည်သူလူထုဖြစ်လာစေရန်ဟူသည့် မျှော်မှန်းချက်ဖြင့် ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့်မူဘောင် (National Framework for Community Disaster Resilience) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် ငလျင်ဖိုရမ်များ၊ မြေငလျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးကို ပေါင်းစပ်ဆောင်ရွက်ခြင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ပြီး ဆွေးနွေးအကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အရပ်ဘက်/စစ်ဘက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ပိုမိုထိရောက်သော လူသားချင်း စာနာမှု အကူအညီများပေးရန်နှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်များ ကျယ်ပြန့်စွာအသိပေးနိုင်ရန်နှင့် အရေးပေါ်အခြေအနေများတွင် ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဆက်သွယ်မှု မပြတ်တောက်စေရေးတို့အတွက် ရေဒီယိုလှိုင်းသုံး Single Side Band-SSB များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘေးဖြစ်ပွားမှုအခြေအနေများနှင့် ဆက်သွယ်မှု အခက်အခဲရှိသည့်နေရာအလိုက် ဦးစားပေးတပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

**ပိုမိုလျင်မြန်ထိရောက်**

ဘေးအန္တရာယ်ဖြစ်ပွားမှုသတင်းများကို လျင်လျင်မြန်မြန်ရရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပြည်သူ့အသံကို တိုက်ရိုက်ကြားသိနိုင်ရန်အတွက် Hot Line ဖုန်းများ ၀၆၇-၄၀၄၆၆၆နှင့် ၀၆၇-၄၀၄၇၇၇ ကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိ ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူ့ထံမှတိုက်ရိုက်သတင်းရရှိပြီး ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်သောကြောင့် ဘေးအန္တရာယ်တုံ့ပြန်ရေး လုပ်ငန်းများတွင် ပိုမိုလျင်မြန်ထိရောက်စေသည်။

မိုဘိုင်းဖုန်းမှတစ်ဆင့် သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်နှင့် ဘေးဖြစ်ပွားမှု သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန်နှင့် သဘာဝဘေးနှင့် သက်ဆိုင်သော အသိပညာဗဟုသုတဖြစ်စေသည့် စာအုပ်စာတမ်းများကို လေ့လာနိုင်သည့် DAN Mobile Application နှင့် ဘေးဖြစ်ပွားမှုအခြေအနေ သတင်းအချက်အလက်များ ပေးပို့နိုင်သည့် KOBO Mobile Application တို့ကို ရေးဆွဲဆောင်ရွက်ကာ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းဒဏ် မကြာခဏခံစားနေရသော ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ Cyclone Shelter များနှင့် သာမန်အချိန်တွင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ Community Hall အဖြစ် အသုံးပြုနိုင်ပြီး အရေးပေါ်အချိန်တွင် ယာယီခိုလှုံရာ အဆောက်အအုံအဖြစ် အသုံးပြုနိုင်သည့် Multipurpose Shelter များကို ဆောက်လုပ်ပေးလျက်ရှိကြောင်းသိရသည်။

**ဘေးသင့်ပြည်သူများအတွက် တိုးမြှင့်ထောက်ပံ့**

ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုနှုန်းထားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ မူလထောက်ပံ့သည့်နှုန်းထက် ၂ ဆမှ ၃ ဆ အထိ တိုးမြှင့်ထောက်ပံ့လျက်ရှိရာ ပြည်သူလူထုထံသို့ အမြန်ဆုံးနှင့်အပြည့်အဝ တိုက်ရိုက်ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးမှု အခြေအနေများအတွက် သောက်သုံးရေဖြန့်ဝေခြင်း၊ သောက်ရေကန်နှင့် အဝီစိတွင်းများတူးဖော်၊ ပြုပြင်ပေးခြင်း၊ ရေသန့်စက်များ ထောက်ပံ့ပေးခြင်းတို့ကို ပြည်သူ့လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်ဖွဲ့စည်းမှုအနေဖြင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ"ကို ၂၀၁၆ ခုနှစ် မေ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဒုတိယဥက္ကဋ္ဌများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက ဆောင်ရွက်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။

အမျိုးသားကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော လုပ်ငန်းကော်မတီ ၁၂ ခု ကိုဖွဲ့စည်းထားရှိသည်။

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းထား**

အဆိုပါလုပ်ငန်းကော်မတီ ၁၂ ခုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သော ဘေးအန္တရာယ်မဖြစ်မီ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းစဉ်များ၊ ဘေးအန္တရာယ်ကျရောက်နေစဉ် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များ၊ ဘေးအန္တရာယ်ဖြစ်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များအားလုံးကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းထားရှိသည်။ ၎င်းတို့၏လက်အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းထားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လုပ်ငန်းကော်မတီ ၁၂ ခုအနက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအနေဖြင့် ဘေးအန္တရာယ်မဖြစ်မီ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ကူညီပံ့ပိုးခြင်းတို့ဖြင့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအလိုက် စနစ်တကျ ထိန်းသိမ်းခြင်းနှင့် ထုတ်ပေးခြင်း၊ ရန်ပုံငွေများ သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် ကြပ်မတ်ကွပ်ကဲပြီး စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများ စနစ်တကျရှိစေရေး ဆောင်ရွက်လျက်ရှိသည်။

**ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းတာဝန် ၁၂ ရပ် သတ်မှတ်ဆောင်ရွက်**

United Nations University မှ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု အခြေအနေအစီရင်ခံစာ(World Risk Report)ကို နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ ၂၀၁၆ ခုနှစ် အစီရင်ခံစာအရလေ့လာဆန်းစစ်ခဲ့သည့်စာရင်းအရ နိုင်ငံပေါင်း ၁၇၁ နိုင်ငံတွင် မြန်မာနိုင်ငံသည် ဘေးဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုတွင် အဆင့် ၄၂ ရှိပြီး ဘေးဖြစ်ပွားမှုများအပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ရှိမှု အနည်းဆုံးနိုင်ငံများတွင် အဆင့် ၁၅ ရှိကြောင်းသိရသည်။

ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ လုပ်ဆောင်ရသည့် လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် လုပ်ငန်းတာဝန် ၁၂ ရပ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင် သုံးစွဲနိုင်ရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေရှိကြောင်းနှင့် ရန်ပုံငွေကို မြန်မာကျပ်ငွေအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ဘဏ်စာရင်းဖွင့်လှစ်ထားသကဲ့သို့ အမေရိကန်ဒေါ်လာစာရင်းကို ရန်ကုန်မြို့ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် စာရင်းဖွင့်လှစ်ထားကြောင်း သိရသည်။

**ရန်ပုံငွေများဖြင့် ထူထောင်**

သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်း၊ ပြည်ပမှ ချေးငွေများနှင့် အခြား တရားဝင်ရငွေများ၊ ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပရှိစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေစသည့် ရန်ပုံငွေများဖြင့် ထူထောင်ထားသည်။ နိုင်ငံတကာတွင်လည်း ဤကဲ့သို့ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံတွင် မကြုံစဖူး ထူးကဲရေဘေးဖြစ်ပွားခဲ့သည့်အချိန်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ယခင်ရှိပြီးဖြစ်သော နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေငလျင်၊ သပိတ်ကျင်းငလျင်စသည့် ဘေးအလိုက် ဖွင့်လှစ်ခဲ့သည့် အလှူငွေစာရင်းများရှိကြောင်း၊ အဆိုပါစာရင်းများကို ဥပဒေနှင့်အညီ မြန်မာကျပ်ငွေစာရင်းနှင့် အမေရိကန် ဒေါ်လာစာရင်းများ ဖွင့်လှစ်ထူထောင်ခဲ့ကြောင်းရရှိမှု သုံးစွဲမှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် မြန်မာငွေစာရင်းသည် စုစုပေါင်း အလှူရငွေ ၁၈ ဒသမ ၁၉၃ ဘီလီယံရှိပြီး သုံးစွဲမှုသည် ၁၆ ဒသမ ၃၂၃ ဘီလီယံကျော်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၀၄ သန်းရရှိပြီး ၅ ဒသမ ၄၁၁ သန်း သုံးစွဲခဲ့ကြောင်းသိရသည်။

**၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ရငွေ**


၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရငွေအနေဖြင့် နိုင်ငံတော်က ထည့်ဝင်ခဲ့သည့် ဘီလီယံ ၂၀ အပါအဝင် မြန်မာငွေစာရင်းသည် ၂၃ ဒသမ ၆၈၁ ဘီလီယံရှိပြီး သုံးစွဲမှု စုစုပေါင်းသည် ၁၃ ဒသမ ၀၉၇ ဘီလီယံကျော်ရှိကြောင်း၊ သဘာဝဘေးများနှင့် ပတ်သက်ပြီး ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၃၁ ရာခိုင်နှုန်း၊ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ယာယီအမိုးအကာများ၊ သောက်သုံးရေပေးဝေခြင်းများ၊ ကမ်းပြိုထိန်းသိမ်းခြင်းတို့အတွက် ၁၉ ရာခိုင်နှုန်း၊ အရေးပေါ်အစားအစာ ရိက္ခာ၊ သေဆုံး၊ ဒဏ်ရာရပြည်သူများအတွက် ၁ ရာခိုင်နှုန်း၊ ငွေလွှဲခကဲ့သို့ အသုံးစရိတ်များအတွက် သုည ဒသမ ၅ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ အနေဖြင့် သုည ဒသမ ၄၄၁ သန်းရရှိခဲ့ပြီး သုည ဒသမ ၂၇၄ သန်းသုံးစွဲခဲ့ကြောင်း သိရသည်။

**ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်**

ထို့အတူ ၂၀၁၇ - ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခဲ့သည့် ဘီလီယံ ၂၀ အပါအဝင် အလှူငွေစုစုပေါင်း ၃၁ ဒသမ ၀၇၁ ဘီလီယံဖြစ်ပြီး သုံးစွဲငွေစုစုပေါင်းသည် ၃ ဒသမ ၁၈၄ ဘီလီယံဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ အနေဖြင့် သုည ဒသမ ၉၇၇ သန်းရရှိခဲ့ပြီး သုည ဒသမ ၃၀၈ သန်းသုံးစွဲခဲ့ကြောင်း၊ နိုင်ငံခြားငွေ သုံးစွဲမှုသည် ပြည်ပရောက် မြန်မာရေလုပ်သားများ ပြန်လည်ခေါ်ယူရာတွင် လေယာဉ်ခများ ကျခံသုံးစွဲခြင်းဖြစ်ကြောင်းသိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှစ်ခုကို အဓိကတာဝန်ယူပြီး ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မူဝါဒသစ်များချမှတ်ပြီး စီမံချက်များရေးဆွဲကာ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရေးသားတင်ပြလိုက်ရပါသည်။

# ဆေးခြောက်သုံးစွဲမှုအတွက် ပြစ်ဒဏ်ကျခံခဲ့ရတဲ့ T. O. P



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ကြယ်ပွင့် T. O. P ဟာ စစ်မှုထမ်းကာလအတွင်း ဆေးခြောက်သုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့တာကြောင့် တရားရင်ဆိုင်နေရပြီး လတ်တလောမှာတော့ ပြစ်ဒဏ်ချမှတ်ခံလိုက်ရပြီဖြစ်ပါတယ်။ စောင့်ကြည့်ကာလအဖြစ် နှစ်နှစ်ကြာနေထိုင်သွားရမှာဖြစ်ပြီး ယင်းကာလအတွင်း ဖောက်ဖျက်မှုတွေရှိပါက ထောင်ဒဏ် ၁၀ လကျခံသွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒဏ်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဒေါ်လာ ပေးဆောင်သွားရမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"BIG BANG" တေးဂီတအဖွဲ့ရဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ T. O. P ဟာ သူ့ရဲ့စစ်မှုထမ်းကာလအတွင်း ဂန်းနန်းမှာ တာဝန်ထမ်းဆောင်နေစဉ် သူတာဝန်ကျရာဌာနမှာ ဆေးစစ်ဆေးခဲ့ရာမှ ဆေးခြောက်သုံးစွဲထားကြောင်း ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် T. O. P ကို တရားမဝင်မူးယစ်ဆေးသုံးစွဲမှုနဲ့ စုံစမ်းစစ်ဆေးခဲ့ပြီး ပြီးခဲ့တဲ့ ဇူလိုင် ၂၀ ရက်မှာတော့ နောက်ဆုံးအမိန့်ချမှတ်ခဲ့တာဖြစ်ပါတယ်။ ပြစ်ဒဏ်တွေ ကျခံသွားရမယ့်အပြင် သူဟာ စစ်မှုထမ်းကာလကိုလည်း အစကနေ ပြန်လည်ထမ်းဆောင်သွားရမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ T. O. P ဟာ သူ့ကို စွပ်စွဲထားတာတွေကို ဝန်ခံခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း သူ့ရဲ့ အေဂျင်စီလက်အောက်မှာ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ် လှုပ်ရှားဖို့အတွက် လေ့ကျင့်နေဆဲ အမျိုးသမီးငယ်တစ်ဦးနဲ့လည်း ဆေးခြောက်အတူသုံးစွဲခဲ့ဖူးကြောင်း ဝန်ခံခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံးကြားနာမှုအပြီးမှာတော့ T. O. P က သူကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက် တောင်းပန်စကားဆိုခဲ့ကြောင်းလည်း သိရပါတယ်။

T. O. P က "ကျွန်တော် ပြုလုပ်ခဲ့တဲ့အရာတွေအတွက် တကယ်ကို စိတ်မကောင်းပါဘူး။ ကျွန်တော့်အနေနဲ့လည်း အပြန်ပြန်အလှန်လှန်ကို လေးလေးနက်နက် ဆင်ခြင်ခဲ့ပါတယ်။ ကျွန်တော်ပြောနိုင်တဲ့ တစ်ခုတည်းသောအရာကတော့ တောင်းပန်စကားပဲ ဖြစ်ပါတယ်။ တောင်းပန်စကားကလွဲလို့ ကျွန်တော့်မှာ ပြောစရာစကား မရှိတော့ပါဘူး"လို့ ကြားနာမှုအပြီးမှာ ပရိသတ်တွေကို ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး အယူခံဝင်ဖို့ အစီအစဉ် ရှိ၊ မရှိ မီဒီယာတွေက မေးမြန်းခဲ့တဲ့အပေါ် ဂီတကြယ်ပွင့်က လတ်တလောမှာတော့ စဉ်းစားထားတာမရှိသေးကြောင်းနဲ့ ချမှတ်တဲ့ အပြစ်ဒဏ်တွေကိုသာ ရင်ဆိုင်သွားဖို့ ဆန္ဒရှိနေတာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

တရားရုံးကချမှတ်ခဲ့တဲ့ ပြစ်ဒဏ်တွေနဲ့ပတ်သက်ပြီး လူမှုကွန်ရက်မီဒီယာပေါ်မှာ ဝေဖန်သံတွေ ပေါ်ထွက်ခဲ့တယ်လို့လည်း သိရပါတယ်။ အချို့သောသူတွေက T. O. P ရဲ့ ပြစ်ဒဏ်တွေဟာ အလွန်ကို ပေ့ါလျော့နေတာဖြစ်ကြောင်း ဝေဖန်ခဲ့ကြပြီး အမေရိကန် ၁၀ ဒေါ်လာကျော်ကို ဒဏ်ငွေအဖြစ် သတ်မှတ်ခဲ့တဲ့အပေါ် ယင်းငွေပမာဏဟာ ကြက်ကြော်ဝယ်စားတာလောက်တောင်ဟာ ထိရောက်မှုမရှိကြောင်းလည်း စွပ်စွဲပြောကြားခဲ့ပါတယ်။ အခြားသော သူတွေကလည်း T. O. P ရဲ့ ကုန်ကျမှုမများကြောင်း လှောင်ပြောင်ခဲ့ပြီး ပြစ်ဒဏ်တွေ အပြစ်တွေကို ဆင်ခြင်မိကြောင်း ပြောကြားခဲ့တဲ့စကားအပေါ် လှောင်ပြောင်ခဲ့ကြပါတယ်။

# ရုပ်ရှင်သစ်အတွက် အထူးစမ်းသပ်ထုတ်လွှင့်မှုအခမ်းအနားကို တက်ရောက်ခဲ့တဲ့ ဆောင်ဂျွန်ကီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်ဂျွန်ကီဟာ လတ်တလောမှာပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ရုပ်ရှင်သစ် အထူးစမ်းသပ်ထုတ်လွှင့်မှုအခမ်းအနားကို တက်ရောက်ခဲ့တာတွေ့ရပါတယ်။ ယင်းအခမ်းအနားဟာ ဆောင်ဂျွန်ကီအနေနဲ့ သူ့ရဲ့မင်္ဂလာသတင်းကို တရားဝင်ထုတ်ဖော်အသိပေးပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ် မီဒီယာတွေအရှေ့ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့လအတွင်း ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ နှစ်ဦးသားချစ်သူတွေဖြစ်နေကြကြောင်းနဲ့ လာမယ့် အောက်တိုဘာ ၃၁ ရက်မှာ လက်ထပ်တော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပြောကြားပြီးတဲ့နောက် ကြယ်ပွင့်စုံတွဲဟာ မီဒီယာတွေအရှေ့တစ်ကြိမ်မျှ ပေါ်ထွက်လာခဲ့ခြင်းမရှိသေးပါဘူး။ ယခင်က ဆောင်ဂျွန်ကီရဲ့ ရုပ်ရှင်စမ်းသပ်ထုတ်လွှင့်မယ့်အခမ်းအနားမှာ ဆောင်းဟေကိုပါ တက်ရောက်မှာဖြစ်ကြောင်းနဲ့ တက်ရောက်မယ့်သူစာရင်းမှာ ပါဝင်နေတာဖြစ်ကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် အမှန်တကယ်ကျင်းပတဲ့အခါမှာတော့ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။

ပြီးခဲ့တဲ့ ဇူလိုင် ၁၉ ရက်မှာတော့ ဆောင်ဂျွန်ကီပါဝင်ထားတဲ့ ရုပ်ရှင်သစ် "Battleship Island"ရဲ့ အထူးစမ်းသပ်ထုတ်လွှင့်မှုအခမ်းအနားကို ကျင်းပခဲ့တာဖြစ်ပါတယ်။ ယင်းအခမ်းအနားမှာတော့ ဆောင်ဂျွန်ကီဟာ တစ်ကိုယ်တည်း တက်ရောက်လာခဲ့ပါတယ်။ "Battleship Island" ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ ခေါင်းဆောင်ပါဝင်ထားကြတဲ့ "Descendants of the Sun" ဇာတ်လမ်းတွဲရုပ်ရှင်ပြီးနောက် ပထမဆုံးထွက်ရှိလာတဲ့ ဆောင်ဂျွန်ကီရဲ့ ရုပ်ရှင်လည်း ဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်မှာတော့ ဆောင်ဂျွန်ကီနဲ့အတူ အခြားသော တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတွေဖြစ်ကြတဲ့ လီဂျန်ဟွန်းနဲ့ ဆိုဂျီဆပ်တို့လည်း ပါဝင်သရုပ်ဆောင်ထားကြပြီး လာမယ့် ဇူလိုင် ၂၉ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် စုစည်းသည်



# ထိုင်းနိုင်ငံရဲ့ ထိပ်တန်း အနုပညာရှင်စာရင်းမှာ ပါဝင်လာတဲ့ လီဆာ

ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ လီဆာကတော့ သူ့ရဲ့အောင်မြင်မှုတွေကို နိုင်ငံတွင်းမှာသာမက ပြင်ပနိုင်ငံတွေအထိပါ ချဲ့ထွင်နိုင်ခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ကေပေ့ါပ်တေးသီချင်းတွေကိုသာ သီဆိုခဲ့ပေမယ့် သူ့ကို ထိုင်းနိုင်ငံမှာရှိတဲ့ ကေပေ့ါပ်ပရိသတ်တွေက အထူးချစ်ခင်အားပေးခဲ့ကြပြီး လတ်တလော ထိုင်းနိုင်ငံမှာ အကျော်ကြားဆုံးသောအနုပညာရှင်စာရင်းမှာ လီဆာဟာ ထိပ်တန်းကနေ ပါဝင်နေတာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်းကမှ စတင်တည်ထောင်ခဲ့ကြတဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့"BLACKPINK" မှာ ပါဝင်လှုပ်ရှားရင်း လီဆာဟာ ဂီတလောကအတွင်း ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ တည်ထောင်ပြီးနောက်မကြာမီမှာပဲ အဖွဲ့ဟာ အောင်မြင်မှုတွေရရှိလာခဲ့တာဖြစ်ပါတယ်။ တေးဂီတအဖွဲ့ရဲ့ ကျော်ကြားမှုနဲ့အတူ အဖွဲ့ဝင်တွေဟာ အောင်မြင်မှုတွေရရှိလာခဲ့ပြီး ပရိသတ်တွေရဲ့ အသိအမှတ်ပြုခြင်းခံရတဲ့ ကြယ်ပွင့်တွေဖြစ်လာခဲ့ကြပါတယ်။ "BLACKPINK" မှာ အဖွဲ့ဝင်လေးဦးပါဝင်နေတာဖြစ်ပြီး အဲဒီထဲကမှ လီဆာဟာ ထိုင်းနိုင်ငံမှာ အထူးကျော်ကြားတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့ပါတယ်။

ဒီလို ထိုင်းနိုင်ငံမှာ ကျော်ကြားရတဲ့အကြောင်းကတော့ လီဆာဟာ ထိုင်းနိုင်ငံမှာ မွေးဖွားခဲ့သူတစ်ဦး ဖြစ်နေတာကြောင့်လို့လည်း ဆိုနိုင်ပါတယ်။ ထိုင်းနိုင်ငံသားတစ်ဦးဖြစ်ပေမယ့် လီဆာဟာ တောင်ကိုရီးယားရဲ့ အောင်မြင်နေတဲ့ အေဂျင်စီတစ်ခုဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ဆက်သွယ်ကာ ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လှုပ်ရှားခဲ့တာဖြစ်ပြီး သူဟာ ဝိုင်ဂျီရဲ့ ပထမဆုံးသော လူမျိုးခြားတေးသံရှင်တစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။

ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ် ရပ်တည်ဖို့ရာ ဆုံးဖြတ်ပြီးတဲ့နောက်မှာတော့ လီဆာဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း တောင်ကိုရီးယားမှာ ပြောင်းရွှေ့နေထိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူထိုင်းကို ပြန်သွားတဲ့အချိန်တိုင်းမှာတော့ ထိုင်းနိုင်ငံက ပရိသတ်တွေက လေဆိပ်မှာ အမြဲလာရောက်ကြိုဆိုလေ့ရှိတာကိုလည်း တွေ့ရပါတယ်။ ပါရမီရှိတဲ့ အကစွမ်းရည်ကြောင့် လီဆာဟာ တောင်ကိုရီးယားမှာလည်း အလွန်အောင်မြင်တဲ့ ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်ပြီး သူ့ကို ထိုင်းနိုင်ငံရဲ့မင်းသမီးလို့တောင် ပရိသတ်တွေက တင်စားခေါ်ဝေါ်လေ့ရှိတယ်လို့လည်း သိရပါတယ်။

# တေးသံရှင် ချက်စတာဘန်နင်တန် ကွယ်လွန်

"Linkin Park" တေးဂီတအဖွဲ့ရဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ချက်စတာဘန်နင်တန်ဟာ လတ်တလောမှာ သူ့ရဲ့နေအိမ်မှာပဲ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။ ကွယ်လွန်ချိန်မှာတော့ အသက်(၄၁)နှစ်အရွယ်ပဲရှိသေးတာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံခဲ့ပုံရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၀ ရက် နံနက်ခင်းမှာ ချက်စတာဘန်နင်တန်ကို လော့စ်အိန်ဂျလိစ်မှာရှိတဲ့ သူ့ရဲ့နေအိမ်အတွင်း ကြိုးဆွဲချသေဆုံးနေတာကို တွေ့မြင်ခဲ့ရကြောင်းနဲ့ သူဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း အရက်နဲ့ မူးယစ်ဆေးပြဿနာတွေရှိနေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ချက်စတာရဲ့ ရင်းနှီးတဲ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂီတကြယ်ပွင့်တစ်ဦးဖြစ်သူ ခရစ်ကော်နယ်လ်ဟာ ပြီးခဲ့တဲ့ မေလအတွင်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့တာဖြစ်ပါတယ်။ ခရစ်ဟာကြိုးဆွဲချသေဆုံးခဲ့တာဖြစ်ပြီး သူကွယ်လွန်ချိန်မှာ ချက်စတာက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ခရစ်မရှိတဲ့ သူ့ရဲ့ဘဝကို တွေးတောင်မတွေးကြည့်ရဲကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ချက်စတာသေဆုံးခဲ့တဲ့နေ့ဟာလည်း ခရစ်ရဲ့ (၅၃)နှစ်ပြည့်မွေးနေ့ဖြစ်တယ်လို့လည်း သိရပါတယ်။

"Linkin Park" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မိုက်ခ်ရှင်နိုဒါက ချက်စတာသေဆုံးခဲ့တဲ့ သတင်းနဲ့ပတ်သက်ပြီး ဝမ်းနည်းကြောင်းနဲ့ ရုတ်တရက်မို့ အံ့အားသင့်ခဲ့ရကြောင်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် မိုက်ခ်က ချက်စတာကွယ်လွန်ခဲ့တဲ့အကြောင်းကိုလည်း မကြာမီမှာ တရားဝင်ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

# ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေး - ၄

ဦးဝင်းကြည်
(အငြိမ်းစားပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်)

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို ဆောင်ရွက်ရာတွင် မွေးမြူရေးတိရစ္ဆာန်များမှ ထုတ်လွှတ်နေသည့် မီသိန်းဓာတ်ငွေ့၏ပမာဏကို လျှော့ချရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ကမ္ဘာ့လူဦးရေ သိသာစွာတိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ ပိုမိုများပြားလာခြင်းကြောင့်လည်းကောင်း လူသားများ နေ့စဉ်နှင့်အမျှ စားသုံးနေကြသည့် အစားအစာလိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသည်။ အစားအစာအမျိုးမျိုးအနက် အသား(Meat)သည် အဓိကကျသည့် အစားအစာတစ်မျိုးဖြစ်သည်။ တစ်ကမ္ဘာလုံးမှထုတ်လုပ်သော အသားပမာဏ စုစုပေါင်းသည် ၁၉၆၃ ခုနှစ်က မက်ထရစ်တန် ၇၈ သန်းသာရှိခဲ့သော်လည်း ယခုအချိန်တွင် မက်ထရစ်တန် ၃၀၈ သန်း ရှိနေသဖြင့် နှစ်ပေါင်း ၅၀ ကျော်အတွင်း လေးဆခန့် မြင့်တက်လာခြင်းဖြစ်သည်။

**မွေးမြူရေးတိရစ္ဆာန်များ**

လူများစားသုံးသော အသားများရရှိရေးအတွက် နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်စသည့် မွေးမြူရေးတိရစ္ဆာန်များကို နှစ်စဉ်အမြောက်အမြား လိုအပ်လျက်ရှိသည်။ အသားထုတ်လုပ်ရာတွင် ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံး၌ မွေးမြူရေးတိရစ္ဆာန်ကောင်ရေပေါင်း နွား ၁ ဒသမ ၄၈၂ သန်း၊ သိုး ၁ ဒသမ ၂၀၉ သန်း၊ ဝက် သုည ဒသမ ၉၈၆ သန်းနှင့် ကြက် ၂၁ ဒသမ ၃ သန်း ခန့်ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်က အမဲသား မက်ထရစ်တန် ၅၈ ဒသမ ၈၆ သန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ဤမျှများပြားသော မွေးမြူရေးတိရစ္ဆာန်များကို နှစ်စဉ်ရရှိစေရေးအတွက် ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံးတွင် မွေးမြူထားသော မွေးမြူရေးတိရစ္ဆာန်စုစုပေါင်းမှာ နွား ၁ ဒသမ ၄ ဘီလီယံ၊ သိုးနှင့် ဆိတ် ၁ ဒသမ ၉ ဘီလီယံ၊ ဝက် သန်းပေါင်း ၉၈၀ နှင့် ကြက် ၁၉ ဒသမ ၆ ဘီလီယံရှိခဲ့ကြောင်း မှတ်သားရသည်။

နွားများကို အမဲသားအလို့ငှာသာမက နွားနို့နှင့် နို့ထွက်ပစ္စည်းများအတွက်ပါ မွေးမြူထားခြင်းဖြစ်ရာ နို့စားနွားမပေါင်း ၂၆၄ သန်းရှိပြီး တစ်နှစ်လျှင် နွားနို့မက်ထရစ်တန်သန်းပေါင်း ၆၀၀ ခန့်ထွက်ရှိကြောင်းနှင့် FAO က ၂၀၃၀ ပြည့်နှစ်တွင် နွားမတစ်ကောင်မှ တစ်နှစ်လျှင် နွားနို့လီတာ ၂၂၀၀ (တစ်ရက်လျှင် ၆ လီတာခန့်) ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

အမေရိကန်ပြည်ထောင်စုမှ စိုက်ပျိုးရေးဌာန(USDA) ၏ ၂၀၁၇ ခုနှစ်ဧပြီလက ထုတ်ပြန်ချက်တစ်ခုအရ တစ်ကမ္ဘာလုံးတွင် မွေးမြူထားသော နွားကောင်ရေပေါင်း ၉၉၈ ဒသမ ၃၁ သန်းရှိပြီး နွားကို အမြတ်တနိုးထားသော အိန္ဒိယနိုင်ငံက နွားကောင်ရေပေါင်း ၃၀၃ ဒသမ ၃၅ သန်း (၃၀ ဒသမ ၃၉ ရာခိုင်နှုန်း) ဖြင့် အများဆုံးဖြစ်ပြီး ဘရာဇီးနိုင်ငံက ၂၂၆ ဒသမ ၀၃ သန်း (၂၂ ဒသမ ၆၄ ရာခိုင်နှုန်း) ဖြင့် ဒုတိယနှင့် တရုတ်နိုင်ငံက ၁၀၀ ဒသမ ၀၈ သန်း (၁၀ ဒသမ ၀၃ ရာခိုင်နှုန်း)ဖြင့် တတိယနေရာတွင်ရှိကြောင်း သိရသည်။ (USDA ၏ထုတ်ပြန်ချက်တွင် ကမ္ဘာ့နိုင်ငံအားလုံးမပါဝင်ပါ။) ဝက်မွေးမြူရေးတွင် ဝက်သားကို ခုံမင်စွာ နေ့စဉ်လိုပင် စားသုံးလေ့ရှိသော တရုတ်နိုင်ငံက ဝက်ကောင်ရေပေါင်းသန်း ၄၅၀ ဖြင့် အများဆုံးဖြစ်သည်။ တရုတ်လူမျိုးသုံးဦးလျှင် ဝက်တစ်ကောင်ခန့်ရှိနေသည့် သဘောဖြစ်ပါသည်။

အီးယူ၏ ၂၀၁၆ ခုနှစ် အောက်တိုဘာက ထုတ်ပြန်ချက်တစ်ခုအရ ၂၀၁၅ ခုနှစ် အီးယူနိုင်ငံများတွင် ကျွဲ၊ နွား ၈၈ ဒသမ ၂ သန်း၊ သိုး ၈၅ ဒသမ ၅ သန်း၊ ဆိတ် ၁၂ ဒသမ ၅ သန်းနှင့် ဝက် ၁၄၈ ဒသမ ၇ သန်းရှိကြောင်း သိရသည်။ ထို့ကြောင့် ကျွန်ုပ်တို့လူသားများ စားသုံးရန်အတွက် လိုအပ်သည့် အသားမျိုးစုံ၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများ ရရှိရေးအတွက် မွေးမြူထားရသော တိရစ္ဆာန်အရေအတွက် များပြားလွန်းသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အလွန်ကြီးမားသည်။

**မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု**

မွေးမြူရေးတိရစ္ဆာန်များအတွက် စားကျက်မြေများရရှိရန် သစ်တောကြီးများကို ခုတ်ထွင်ရှင်းလင်းရာတွင် မှန်လုံအိမ်ဓာတ်ငွေ့များ ဆုံးရှုံးမှုရှိသကဲ့သို့ ယင်းတို့အတွက် လိုအပ်သော အစားအစာများရရှိရန် ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုရှိသည်။ ဤထုတ်လွှတ်မှုများသည် သွယ်ဝိုက်၍ထုတ်လွှတ်ခြင်းဖြစ်ကြသည်။ ကြက်သား၊ ဝက်သား၊ အမဲသားတစ်ကီလိုဂရမ်စီ ထုတ်လုပ်ရန်အတွက် အစာ ၂ ကီလိုဂရမ်၊ ၄ ကီလိုဂရမ်နှင့် ၇ ကီလိုဂရမ်အသီးသီးလိုအပ်ကြောင်း၊ ထိုအစာများ (ကောက်ပဲသီးနှံများ)ကို တိရစ္ဆာန်များအား မကျွေးဘဲ လူများအတွက် ထားရှိမည်ဆိုပါက လူပေါင်း ၃ ဒသမ ၅ ဘီလီယံကို ကျွေးမွေးနိုင်မည်ဖြစ်ကြောင်း UNEP ၏ ထုတ်ပြန်ချက်တစ်ခုအရ သိရှိရပါသည်။ ထို့ပြင် မွေးမြူရေးတိရစ္ဆာန်များက တိုက်ရိုက်ထုတ်လွှတ်သော မှန်လုံအိမ်ဓာတ်ငွေ့များလည်းရှိသည်။ ယင်းတို့တွင် တိရစ္ဆာန်များ၏ ကျင်ကြီး ကျင်ငယ်များမှ ထွက်ရှိသော မှန်လုံအိမ်ဓာတ်ငွေ့များနှင့် စားမြုံ့ပြန်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် တိရစ္ဆာန်များမှထုတ်လွှတ်သော မီသိန်း ($CH_4$) ဓာတ်ငွေ့များပါဝင်သည်။ အဆိုပါဓာတ်ငွေ့များအနက် မီသိန်းဓာတ်ငွေ့သည် အဓိကကျသော ဓာတ်ငွေ့ဖြစ်သည်။

**မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု**

စားမြုံ့ပြန်သော တိရစ္ဆာန်များ အစာချေဖျက်ရာတွင် ယင်းတို့၏ အူအသည်း စသည့်ကလီစာများမှ မီသိန်းဓာတ်ငွေ့များ ထွက်ရှိလာသည်။ ဤသို့ထွက်ရှိလာသော မီသိန်းဓာတ်ငွေ့များ၏ ၉၅ ရာခိုင်နှုန်းခန့်သည် လေချဉ်တက်ရာမှ (ပါးစပ်မှ) ထွက်ရှိလာခြင်းဖြစ်ပြီး ကျန် ငါးရာခိုင်နှုန်းခန့်သည် လေလည်ရာမှ (စအိုမှ) ထွက်ရှိလာခြင်းဖြစ်သည်။

နွားမတစ်ကောင်က တစ်ရက်လျှင် မီသိန်းဓာတ်ငွေ့ ၄၀၀ ဂရမ်ခန့် (တစ်နှစ်လျှင် ၁၄၂ ကီလိုဂရမ်) ထုတ်လွှတ်ပြီး တစ်နှစ်အတွင်း ထုတ်လွှတ်သည့် ပမာဏသည် အလတ်စားမော်တော်ကားတစ်စီးကီလိုမီတာ ၂၀၀၀၀ ခရီးကို မောင်းနှင်ရာမှ ထုတ်လွှတ်လိုက်သော မှန်လုံအိမ်ဓာတ်ငွေ့များ၏ပမာဏနှင့် ညီမျှကြောင်း မှတ်သားရသည်။ (ထုတ်လွှတ်လိုက်သော မီသိန်းဓာတ်ငွေ့များနှင့် မှန်လုံအိမ်ဓာတ်ငွေ့များကို ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ညီမျှသော ပမာဏ ($CO_2$ equivalent)သို့ပြောင်း၍ တွက်ထားခြင်းဖြစ်သည်။)

Intergovernmental Panel on Climate Change (IPCC) ၏ ၂၀၀၇ ခုနှစ်က ထုတ်ပြန်ချက်တစ်ခုအရ တစ်ကမ္ဘာလုံးမှ ထုတ်လွှတ်သော မီသိန်းဓာတ်ငွေ့စုစုပေါင်းပမာဏတွင် စိုက်ပျိုးရေးကဏ္ဍမှ ၁၈ ရာခိုင်နှုန်း၊ မွေးမြူရေးကဏ္ဍမှ ၄၀ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍမှ ၅ ဒသမ ၈ ရာခိုင်နှုန်း၊ ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုကဏ္ဍမှ ၂၉ ဒသမ ၆ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍမှ ၆ ဒသမ ၆ ရာခိုင်နှုန်းပါဝင်ကြောင်း သိရှိရသည်။ ထို့ကြောင့် မီသိန်းထုတ်လွှတ်မှုလျှော့ချရေးကို ဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍသည် အရေးပါဆုံးဖြစ်နေသည်။

**မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး**

မွေးမြူရေးတိရစ္ဆာန်များ၏ ကျင်ကြီးကျင်ငယ်များမှ မီသိန်းနှင့် နိုက်ထရပ်စ်အောက်ဆိုက် ($N_2O$) ထွက်ရှိမှု၊ နွားချေးများကို စိုက်ပျိုးရေးတွင် မြေသြဇာအဖြစ်အသုံးပြုရာမှ $N_2O$ နှင့် $CH_4$ များ ထွက်ရှိမှုနှင့် စားမြုံ့ပြန်သော တိရစ္ဆာန်များ၏ အစာချေဖျက်ခြင်းမှ မီသိန်းထွက်ရှိမှုများရှိသည့်အနက် အစာချေဖျက်ခြင်းမှထွက်ရှိသည့် မီသိန်းဓာတ်ငွေ့၏ပမာဏက အများဆုံးဖြစ်သည်။ ထို့ကြောင့်ပင် အစာချေဖျက်ခြင်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းစေရေးအတွက် သုတေသီများက နည်းလမ်းမျိုးစုံဖြင့် စမ်းသပ်လျက်ရှိကြသည်။ အဓိကနည်းလမ်းသည် အစာချေဖျက်ခြင်းကို ပြောင်းလဲစေရန်အတွက် ကျွေးနေကျပုံမှန်အစာများတွင် အခြားအစာများထည့်၍ စမ်းသပ်ခြင်းဖြစ်သည်။

ပထမနည်းမှာ အစာများတွင် အဆီဓာတ်ပါဝင်မှု ပို၍များစေရန် နေကြာစေ့၊ နှမ်းကြွတ်စေ့ (flax seed)၊ ကင်နိုလာစေ့ (canola seed)၊ ဝါစေ့ (cotton seed)၊ အပင်များမှရရှိသည့် ဆီများ (plant oils) နှင့် အီသနော ဘေးထွက်ပစ္စည်းများ (Ethanol byproducts) နှင့် ရောနှော၍ ကျွေးသည့်နည်းဖြစ်သည်။ တိရစ္ဆာန်အစာထဲတွင် အဆီပါသည့် အစာတစ်ရာခိုင်နှုန်းထည့်တိုင်း မီသိန်းဓာတ်ငွေ့ထွက်ရှိမှု ငါးရာခိုင်နှုန်းလျော့နည်းသွားကြောင်း တွေ့ရှိထားကြသည်။

ဒုတိယနည်းမှာ နွားစာတွင် ကြက်သွန်ဖြူထည့်ပေးခြင်းဖြစ်သည်။ ကြက်သွန်ဖြူက နွားများ၏ ဝမ်းဗိုက်အတွင်းရှိ အဏုဇီဝပိုးမွှားတစ်မျိုး (microbes)ကို တိုက်ခိုက်နိုင်သဖြင့် လေထမှုကို ထက်ဝက်ခန့်လျှော့ချနိုင်သည့်အလျောက် လေချဉ်တက်ခြင်း၊ လေလည်ခြင်းများ သက်သာသွားပြီး မီသိန်းထုတ်လွှတ်မှု သိသာစွာလျော့နည်းသွားကြောင်း တွေ့ရှိထားသည်။ ကြက်သွန်ဖြူကျွေးခြင်းကြောင့် အသားနှင့် နို့များ၏ အရည်အသွေး (အနံ့အရသာ)ကို ထိခိုက်မှုရှိ၊ မရှိ သိရှိရေးအတွက် ဆက်လက်စမ်းသပ်ရန် လိုသေးကြောင်း မှတ်သားရသည်။

ဂျာမနီနိုင်ငံကလည်း နွားများ၏ အစာအိမ်အတွင်း၌ မီသိန်းများကို ဂလူးကို့စ်အဖြစ် ပြောင်းလဲပစ်ရန် ကြိုးပမ်းနေသကဲ့သို့ ဝေလ်စ်တက္ကသိုလ် (University of Wales)ကလည်း သိုးများ၏ မီသိန်းထုတ်လွှတ်မှု လျော့နည်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နွားများ၏ အစာကို ပြောင်းလဲခြင်း၊ အစာကျွေးသည့် ပုံစံပြောင်းလဲခြင်းဖြင့် အစာချေဖျက်မှုမှ မီသိန်းထုတ်လွှတ်ခြင်းကို လျော့နည်းစေနိုင်သည်သာမက နွားချေးများကို မြေသြဇာအဖြစ် အသုံးပြုရာတွင်လည်းကောင်း၊ စုပုံထားရာတွင်လည်းကောင်း ထွက်ရှိလာသည့် မီသိန်းဓာတ်ငွေ့နှင့် နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့များ၏ပမာဏကိုပါ လျော့နည်းစေနိုင်ကြောင်း တွေ့ရှိထားကြပြီဖြစ်သည်။

**အသားစားသုံးမှု၏ ရှေ့အလားအလာ**

ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ ဖြိုးလာကြသည့်အခါ လူအများဝင်ငွေတိုးတက်လာသည်နှင့်အမျှ လူနေမှုပုံစံ ပြောင်းလဲလာကြပါသည်။ အထူးသဖြင့် အနောက်တိုင်းအစားအစာများဖြစ်ကြသည့် ဟမ်ဘာဂါ(Hamburger)၊ အမဲကင် (Steak)၊ ကြက်ကြော်စသည်များကို ပို၍စားသုံးလာကြသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး၏ အသားစားသုံးမှုပမာဏသည် ၂၀၃၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် ယခုလက်ရှိပမာဏ၏ နှစ်ဆဖြစ်လာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။

၂၀၁၆ ခုနှစ်က တစ်ကမ္ဘာလုံး၏ အမဲသားစားသုံးမှု စုစုပေါင်းသည် ကီလိုဂရမ် ၅၈ ဒသမ ၈၆ ဘီလီယံရှိခဲ့ပြီး နိုင်ငံများအလိုက် လူတစ်ဦးချင်းတစ်နှစ် အမဲသားစားသုံးမှုတွင် ဥရုဂွေးနိုင်ငံက ၅၆ ဒသမ ၅ ကီလိုဂရမ် (တစ်ပတ်လျှင် ၆၆ ကျပ်သားခန့်) ဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ အာဂျင်တီးနား၊ ဟောင်ကောင်နှင့် အမေရိကန်နိုင်ငံများက ၅၄ ဒသမ ၆ ကီလိုဂရမ်၊ ၅၂ ကီလိုဂရမ် နှင့် ၃၆ ကီလိုဂရမ်အသီးသီးဖြင့် ဒုတိယ၊ တတိယနှင့် စတုတ္ထနေရာများတွင် ရပ်တည်လျက်ရှိကြသည်။ တရုတ်နိုင်ငံက ၅ ဒသမ ၅ ကီလိုဂရမ် (၃ ပိဿာ - ၃၀ ကျပ်သားခန့်) ဖြင့် အဆင့် ၄၇ တွင် ရပ်တည်နေသည်။ တရုတ်နိုင်ငံသည် ပြီးခဲ့သည့် နှစ် ၄၀ အတွင်း ခြောက်ဆခန့်တိုးမြင့်လာခြင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းနေသည်နှင့်အမျှ အသားစားသုံးမှုမြင့်မားလာမည်မှာ သေချာပါသည်။

တစ်ဖက်တွင်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့်မူ ကျန်းမာရေးကို အလေးထားပြီး ကိုလက်စထရော များစေမည့် အသားများ (Redmeat) ကို လျှော့၍ စားလာခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေးကို အလေးထားပြီး ကာဗွန်ခြေရာများသော အသားများကို လျှော့၍စားလာကြခြင်းကြောင့်လည်းကောင်း အသားစားသုံးမှုသည် လျော့နည်း၍လာပါသည်။ သို့ရာတွင် လူဦးရေ ၁၃ ဘီလီယံကျော်ရှိသည့် ဖွံ့ဖြိုးစ တရုတ်နိုင်ငံ၏ ပိုမိုစားသုံးလာမည့် အသားပမာဏကိုမူ ချေဖျက်နိုင်မည် မဟုတ်ပါ။ အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရန် နည်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာတွင် စားမြုံ့ပြန်သော မွေးမြူရေးတိရစ္ဆာန်များမှ ထုတ်လွှတ်သည့် မီသိန်းဓာတ်ငွေ့များ၏ ပမာဏကို လျော့နည်းစေရန် ဆောင်ရွက်သည့်နည်းလမ်းသည် အရေးပါသော နည်းလမ်းတစ်သွယ်ဖြစ်လာမည်ဖြစ်ပါသည်။ ။

## မောင်တောမြို့တွင် နယ်မြေလုံခြုံမှုအတွက် ယာဉ်များအားအလေးထားစစ်ဆေး



**မောင်တော ဇူလိုင် ၂၁**

မောင်တောခရိုင် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ များပြားလာခြင်း၊ မြို့တွင်းသို့ ကျေးရွာများမှ ဈေးရောင်းဈေးဝယ်များ များပြားလာခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦး ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မောင်တော မြို့မရဲစခန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ မြို့ပေါ်နဲ့ကျေးရွာတွေမှာ ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်စတဲ့ ယာဉ်တွေတစ်နေ့ထက်တစ်နေ့ များပြားလာတာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာ မြို့ပေါ်ကိုလာရောက်ကြသူတွေ များပြားလာတာကိုလည်း တွေ့ရပါတယ်။ ဒီလိုယာဉ်ရောလူပါ များပြားလာတဲ့အတွက် ယာဉ်အန္တရာယ်ကြောင့် ထိခိုက်သေဆုံးမှုတွေ မဖြစ်စေဖို့ အခုလို အသိပညာပေးခြင်း၊ အရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု မောင်တောမြို့အဝင်ဂိတ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်နေသော ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ပြောသည်။

အဆိုပါ ပူးပေါင်းပညာပေးရေးအဖွဲ့သည် မောင်တောအဝင်ဂိတ်၌ မော်တော်ယာဉ်များအား ရပ်တန့်ရှာဖွေစစ်ဆေးခြင်း၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိ၊ မော်တော်ဆိုင်ကယ်စီးသူများ ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အသိပညာပေးဆောင်ရွက်ရာတွင် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ထော်လာဂျီများ၊ အုတ်၊ သဲကားများ၊ မော်တော်ဆိုင်ကယ်များပါဝင်သည်။

ထိုသို့ ဆောင်ရွက်ခြင်းသည် တစ်ဖက်က ယာဉ်စည်းကမ်းပညာပေး ဆောင်ရွက်ခြင်းဖြစ်သလို နယ်မြေလုံခြုံမှုအတွက်လည်း အလေးထားဆောင်ရွက်ခြင်းဖြစ်သည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ- သတ္တ**

# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**
နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုအားကစားပြိုင်ပွဲများကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B)၌ အမျိုးသမီးတစ်ဦးချင်း(ခတ) ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း(ခတ)ပြိုင်ပွဲ၊ အမျိုးသမီး အသင်းလိုက်(ခတ) ပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက် (ခတ) ပြိုင်ပွဲ၊ အမျိုးအမီးအသင်းလိုက် (ကုမိတ့်) ပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက် (ကုမိတ့်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက အမျိုးသမီးတစ်ဦးချင်း(ခတ) ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက အမျိုးသမီးအသင်းလိုက်(ခတ) ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျန်းမာရေး အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါက်တာ ကျော်သန်းထွန်းက အမျိုးသမီးအသင်းလိုက်(ကုမိတ့်) ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဌေးအောင်က အမျိုးသားတစ်ဦးချင်း(ခတ) ပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း ဆုများပေးအပ်သည်။

အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသက်လွင်က အမျိုးသားအသင်းလိုက်(ခတ) ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျန်းမာရေး အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးဝင်းမောင်က အမျိုးသားအသင်းလိုက်(ကုမိတ့်) ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်းအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးမန်းထွန်းကြိုင်က ကရာတေးဒို(ကုမိတ့်) ပြိုင်ပွဲတွင် အမျိုးသမီးအကောင်းဆုံးဆုရရှိသွားသော ယမင်းနန္ဒာခိုင်(မန္တလေး)ကိုလည်းကောင်း၊ ကျန်းမာရေး၊အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးမြင့်နိုင်က ကရာတေးဒို(ကုမိတ့်) ပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံးဆု ကျော်သူထက် (ဧရာဝတီ)ကိုလည်းကောင်း၊ ကျန်းမာရေး၊အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ငွေက ကရာတေးဒို(ခတ) ပြိုင်ပွဲအမျိုးသမီးအကောင်းဆုံးဆု ဖူးမြတ်သွယ် (မန္တလေး)ကိုလည်းကောင်း၊ ကျန်းမာရေး၊အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါက်တာမင်းဝေဖြိုးလတ်က ကရာတေးဒို(ခတ) ပြိုင်ပွဲ အမျိုးသားအကောင်းဆုံးဆု ဟိန်းလတ် (မန္တလေး)ကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။



ဆက်လက်၍ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါ်နော်ဆာမူတူးက အမျိုးသမီး(ကုမိတ့်) တံခွန်စိုက်ဆုဖလား ရရှိသွားသော မန္တလေးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်က အမျိုးသား(ကုမိတ့်) တံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်က အမျိုးသမီး (ခတ) တံခွန်စိုက်ဆုဖလားရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမျိုးသား (ခတ) တံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ပေးခဲ့ကြသည်။

ဆက်လက်၍အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ရွှေ ခြောက်ခု၊ ငွေ နှစ်ခု၊ ကြေး သုံးခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား စုပေါင်းတံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများယာယီပိတ်ထား

**မကွေး ဇူလိုင် ၂၁**
ဧရာဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၁၁ မြို့နယ်ရှိ စာသင်ကျောင်း ၂၂၅ ကျောင်း ယာယီပိတ်ထားရကြောင်း တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနမှ သိရသည်။

မကွေးမြို့နယ်တွင် တစ်ကျောင်း၊ ရေနံချောင်းမြို့နယ်တွင် ၁၄ ကျောင်း၊ ချောက်မြို့နယ်တွင် လေးကျောင်း၊ မင်းဘူးမြို့နယ်တွင် ခြောက်ကျောင်း၊ ပွင့်ဖြူမြို့နယ်တွင် ၁၇ ကျောင်း၊ စလင်းမြို့နယ်တွင် ၄၉ ကျောင်း၊ ပခုက္ကူမြို့နယ်တွင် ၄၆ ကျောင်းနှင့်ကံမမြို့နယ်တွင် ငါးကျောင်း၊ သရက်မြို့နယ်တွင် တစ်ကျောင်း၊ ရေစကြိုမြို့နယ်တွင် ကျောင်း ၈၀ နှင့်ဆိပ်ဖြူမြို့နယ်တွင် နှစ်ကျောင်းတို့ ယာယီပိတ်ထားရကြောင်း သိရသည်။

"မြစ်ရေတက်လို့ သွားလာရေးကအစ အဆင်မပြေတော့ဘူး။ ဒါကြောင့် ကျောင်းတွေ ယာယီပိတ်ထားရတာပါ။ မြစ်ရေကျဆင်းသွားလို့ ကျောင်းပြန်ဖွင့်ရင် ကျောင်းပိတ်ချိန်တွေမှာ အချိန်ပိုသဘောမျိုးနဲ့ သင်ခန်းစာတွေကို ပြန်လည် သင်ကြားပေးမှာပါ"ဟု မကွေးမြို့နယ်မှ ကျောင်းဆရာတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအတွင်း မြစ်ရေဝင်ရောက်ခဲ့သဖြင့် အထက်တန်းအဆင့် ၁၃ ကျောင်း၊အလယ်တန်းအဆင့် ၆၈ ကျောင်းနှင့်မူလတန်းအဆင့် ၁၄၄ ကျောင်း ယာယီပိတ်ထားပြီး ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၇၈၀၆ ဦးနှင့် ဆရာ ဆရာမ ၁၅၆၄ ဦးတို့ ပညာသင်ကြားနိုင်ရေး အခက်အခဲဖြစ်ရသည်ဟု သိရသည်။

ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာသော်လည်း ၂၀၁၆ ခုနှစ်ရဲ့ ရေတက်စံချိန်အထိ မရောက်ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၀ ရက်အထိ ယခင်နှစ်က ရေတက်စံချိန်မရောက်ရှိပါသဖြင့် စိုးရိမ်ရသည့် အခြေအနေထိ မဖြစ်ခဲ့ကြောင်း သိရသည်။

သို့သော် ဧရာဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေး၊ မင်းဘူး၊ ရေစကြို၊ ချောက်၊ ပွင့်ဖြူ၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ သရက်မြို့နယ်နှင့် ကျေးရွာများမှ ရေဘေးရှောင်ရသည့် လူဦးပေါင်း ၃၀၀၀၀ ခန့်ရှိသည်ဟု မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

ပခုက္ကူမြို့နယ်တွင် အိမ်ထောင်စု ၂၈၇၄ စု၊ လူဦးရေပေါင်း ၁၁၄၄၆ ဦး၊ ရေစကြိုမြို့နယ်တွင် အိမ်ထောင်စု ၁၄၀၀ ခန့် လူဦးရေ ၅၇၂၇ ဦး၊ ဆိပ်ဖြူမြို့နယ်တွင် အိမ်ထောင်စု ၁၉၄ စု၊ လူဦးရေပေါင်း ၉၂၃ ဦး၊ ပွင့်ဖြူမြို့နယ်တွင် အိမ်ထောင်စု ၂၆၀၊ လူဦးရေပေါင်း ၁၀၀၆ ဦး၊ မင်းဘူးမြို့နယ်တွင် အိမ်ထောင်စု ၅၈၃၊ လူဦးရေပေါင်း ၂၁၅၉ ဦး၊ သရက်ခရိုင် ကံမမြို့နယ်တွင် အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေပေါင်း ၅၀၂ ဦးနှင့် မကွေးမြို့နယ်တွင် အိမ်ထောင်စု ၃၀၈ စု၊ လူဦးရေပေါင်း ၁၀၈၆ ဦး၊ ချောက်မြို့နယ်တွင် အိမ်ထောင်စု ၆၉၄ စု၊ လူဦးရေပေါင်း ၂၉၅၆ ဦးတို့ ရေဘေးရှောင်နေရသည်ဟု ဇူလိုင် ၁၇ ရက်က ၎င်းဌာန၏ ထုတ်ပြန်ချက်အရ သိခဲ့ရသည်။

"ပခုက္ကူခရိုင်ထဲက တချို့ကျေးရွာတွေက ချင်းတွင်းမြစ်ရေကြောင့်လည်း ရေဘေးနဲ့ ကြုံတွေ့ရတာပါ။ ရေစကြို၊ ပခုက္ကူမြို့တွေက ဒေသခံတွေ ရေဘေးအများဆုံးဖြစ်နေပါတယ်။ ဧရာဝတီမြစ်ရေကြောင့် ပခုက္ကူခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်နဲ့မကွေးခရိုင်တွေကို ကျွန်မတို့ ဌာနက ထောက်ပံ့ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူသွဲ့သွဲ့အောင် က ပြောပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်ဦးနှင့်မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဦးမြင့်စိုးတို့ ဦးဆောင်၍ ဇူလိုင် ၁၇ ရက်တွင် မင်းဘူး/စကုမြို့နယ်အတွင်း ရေဘေးရှောင် အိမ်ထောင်စု ၅၈၃ စု၊ လူဦးရေ ၂၁၅၉ ဦးအတွက်ဆန်



တစ်ပတ်စာဖိုးငွေကျပ် ၄၅၃၃၉၀၀ ကို မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးလှူခဲ့သည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးရှောင် အိမ်ထောင်စုများအား လူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ဖိုးအဖြစ် ကျပ် ၂၁၀၀ ကို ဆက်လက်ထောက်ပံ့ပေးမည်ဟု သိရသည်။

"ရေဘေးကယ်ဆယ်ရေးစခန်း ပခုက္ကူမှာ မြို့နယ် နှစ်ခု၊ ရေစကြိုမြို့နယ်မှာ တစ်ခုဖွင့်ထားပါတယ်။ ပခုက္ကူကယ်ဆယ်ရေးစခန်းနဲ့ ဥယျာဉ်ကျေးရွာတို့မှာ လူ ၃၀ နေနိုင်ရန် ယာယီတဲ နှစ်လုံး၊ ၁၀ ဦးနေနိုင်ရန် ငါးလုံး၊ ၁၅ ဦးဆံ့ ခုနစ်လုံးနဲ့ လူ ၂၀ ဆံ့အပါအဝင် စုစုပေါင်း ၁၆ လုံး ရှိပါတယ်။ ရေစကြိုမြို့ ဂူကြီးကျောင်းတိုက်မှာ ယာယီတဲ ၁၄ လုံး ကူညီထားပါတယ်။မိုးကာရေကန် ၁၀ ကန်စီ၊ အိမ်သာ ၁၀ လုံးစီနဲ့ ကျန်းမာရေးအတွက် ဆေးခန်းတွေ ဆောင်ရွက်ပေးထားပါတယ်" ဟု ဒေါ်ဖြူသွဲ့သွဲ့အောင်က ပြောသည်။

"မြစ်ရေကတစ်ပတ်အတွင်း ရေတက်ကြမ်းလာတော့ နွေစပါးတွေ နွေနှမ်းတွေတချို့ တစ်ဝက်လည်းနစ်မြုပ်ကုန်တယ်။ တချို့စပါးတွေကို မြစ်ရေထဲမှာရိတ်သိမ်းခဲ့ရပါတယ်။သုံးပုံတစ်ပုံလောက်ရခဲ့တာလည်းရှိပါတယ်။ နှမ်းတွေကတော့ အဖူး အပွင့် အသီးတွေနဲ့ရေနစ်သွားတယ်" ဟု ဒေသခံများက ပြောသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင် ၂၀ ရက်ခန့်မှန်းချက် ထုတ်ပြန်စာရင်းအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၏ စိုးရိမ်ရေမှတ် ၂၁၅၀ စင်တီမီတာဖြစ်ပြီး ၂၁၅၃ စင်တီမီတာထိ လည်းကောင်း၊ ချောက်မြို့၏ စိုးရိမ်ရေမှတ် ၁၄၅၀ စင်တီမီတာဖြစ်၍ ၁၃၆၁ စင်တီမီတာထိ လည်းကောင်း၊ မင်းဘူးမြို့၏ စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာဖြစ်ပြီး ၁၆၅၇ စင်တီမီတာထိ လည်းကောင်း၊ မကွေးမြို့၏ စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာဖြစ်ပြီး ၁၆၄၄ စင်တီမီတာအထိ မြစ်ရေမြင့်တက်ခဲ့ကြောင်း သိရသည်။

**ဟံသာလင်း**

■

## မိုးသည်းထန်စွာရွာသွန်း၍ ရထားလမ်းရေကျော်

**ကျိုက်ထို ဇူလိုင် ၂၁**
ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာတွင် ဇူလိုင် ၂၁ ရက် နံနက် ၂ နာရီ ၁၀ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-မော်လမြိုင်ရထားလမ်း မိုင်တိုင်အမှတ် (၇၇/၁၄) နှင့် (၇၇/၂၀) အကြားရထား သံလမ်းပေါ်သို့ ရေအမြင့် ၂ ပေ ၆ လက်မခန့် ရေကျော်မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေကျော်မှုကြောင့် မော်လမြိုင်ဘူတာမှထွက်ခွာလာသောအမှတ် (၃၆) အစုန်မော်လမြိုင်-ရန်ကုန်ခရီးသည်တင်ရထားစက်ခေါင်းအမှတ် DF-1327 စက်ခေါင်းမောင်းဦးအောင်ဇော်ထွန်း၊ ရထားထိန်း ဦးစိန်သောင်းတို့ တာဝန်ယူမောင်းနှင်လာသည့် ရထားသည်ရေကျော်မှုဖြစ်ပွားရာအနီးတွင် ရေကျချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်းသိရသည်။

အလားတူရန်ကုန်-မော်လမြိုင်ကားလမ်း မရမ်းချောင်းစစ်ဆေးစခန်းရှေ့ မိုင်တိုင်အမှတ်(၉၆/၂) နှင့်(၉၆/၅) အကြားရေ တစ်ပေခန့် မြင့်တက်ပြီး ကားလမ်းအား ရေကျော်လျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြေအောက်ရေတိုင်းတာရေး ကွင်းဆင်းဆောင်ရွက်

**ရေး ဇူလိုင် ၂၁**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဦးစီးအရာရှိ (နည်းပညာ) ဦးစောဝင်းကျော်၊ ရေးမြို့နယ် ကျေးလက်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဇူလိုင် ၁၂ ရက်က ချောင်းတောင်ကျေးရွာ၊ တူးမြောင်းကျေးရွာ၊ ပေါ့ထော်ကျေးရွာနှင့် သာယာကုန်းကျေးရွာတို့၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းအတွက် မြေအောက်ရေတိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

ကြေးမုံ



# လက်တွေ့အသုံးချဆေးနည်းတိုများ (၂၈)

ကြည်လွင်မြင့် (မုဒြာ)

**ဆရာရှင့်၊ ကျွန်မက ဂျပန်နိုင်ငံမှာ နေပါတယ်။ ကျွန်မဖြစ်နေတဲ့ ရောဂါက ဆန်းပါတယ်။ ဂျပန်လို Takaysu (တကေးစု) ခေါ်တဲ့ နှလုံးနဲ့ဆိုင်ပြီး တစ်ကိုယ်လုံးရှိ သွေးကြောတွေ ရောင်တဲ့ရောဂါပါ။ အဲဒီလိုရောင်လာရင် အစာအိမ်ပါရောင်ပြီး နာလာပါတယ်။ ဆရာ့ရဲ့ အမေးအဖြေတွေ ဖတ်ပြီး ပျားရည်သောက်ကြည့်ပါတယ်။ ဆရာစားခိုင်းတဲ့ ဆန်ကိုလှော်ပြီး ပဲနီလေးနဲ့ ပြုတ်သောက်ပါတယ်။ အစာအိမ်နာ ကောင်းကောင်း သက်သာလာပါတယ်။ သမီးသိချင်တာက ဆရာရေးတဲ့ ခြေဖဝါးဆားပွတ်ပြီး ဒူးကနေ ရေလောင်းခြေဆေးရတာကို ညအိပ်ရာဝင်ခါနီးမဟုတ်ဘဲ တခြားအချိန်တွေ လုပ်လို့ မရနိုင်ဘူးလား ဆရာ။ ကျွန်မက ညနေ ၃ နာရီနောက်ပိုင်း ခြေထောက်ကို ရေထိလို့ မရလို့ပါ။ ရေချိုးရင်တောင် ရေအေးဓာတ်ဖျက်ပြီးမှ ချိုးလို့ရပါတယ်။ မနက် ရေမချိုးခင် ဆားပွတ်လို့ ရ၊ မရ သိချင်ပါတယ်။ အစာအိမ်နဲ့ သွေးကြောရောင်တဲ့ ရောဂါအတွက်လည်း သင့်တော်မယ့်ဓာတ်စာရှိရင် ပြောပြပေးပါရှင့်။**

ခြေဖဝါး ဆားပွတ်ရေလောင်းခြေဆေးတာကို မနက်စောစောလုပ်လို့လည်းရပါတယ်။ နွားနို့ ပူပူတစ်ခွက်မှာ နနွင်းမှုန့် ကော်ဖီဇွန်းသေးနဲ့ တစ်ဇွန်းထည့်သောက်ကြည့်ပါ။ သွေးကြောရောင်တဲ့ ရောဂါကို အုန်းစိမ်းရည် တစ်နေ့ နှစ်လုံးတိုက်တာ သက်သာဖူးပါတယ်။ အုန်းသီးအနှရည်ကို လေသလပ်ခံပြီး ခွက်နဲ့ မသောက်ပါနဲ့။ ပိုက်နဲ့စုပ်သောက်ရပါတယ်။ စမ်းကြည့်ပါ။

**ဆရာကြီးရှင့်၊ သမီး အစာစားပြီးတိုင်း ရင်ခေါင်းတွေ ကတောင့်ပြီး ပြည့်အင့်နေပါတယ်။ အစာ နည်းနည်းစားတာများသွားရင် အန်ချင်သလိုဖြစ်လာပါတယ်။ ဆေးနည်းလေး ညွှန်ကြားပေးစေချင်ပါတယ်ရှင့်။**

ချင်းတက်ကို ပါးပါးလှီး ရေနွေးမတ်ခွက်နဲ့ စိမ်ထားပြီး နည်းနည်းချင်းသောက်ပေးပါ။ အစာ မစားခင်ကသောက်ပါ။ ထမင်းစားပြီးတိုင်း ထန်းလျက်ခဲ စားပေးပါ။

**ဆရာခင်ဗျာ၊ ကျွန်တော့်လည်ချောင်းထဲ တစ်ခါတစ်ခါ စူးသလိုလို၊ ရှသလိုလို ဖြစ်နေပါတယ်။ နား၊ နှာခေါင်း၊ လည်ချောင်း ပြပါတယ်။ မှန်ပြောင်းကြည့်တော့ ဘာမှ မရှိဘူးတဲ့။ အစာအိမ်ဆေးပဲ ပေးပါတယ်။ အရင်က ကွမ်းစား၊ ဆေးလိပ်သောက်ပါတယ်။ ဘာကြောင့် ဖြစ်နိုင်တယ်ဆိုတာ ဖြေကြားပေးပါခင်ဗျာ။**

အစာအိမ်က လေပူ အထက်လှန်လို့ပါ။ ဖီးကြမ်းငှက်ပျောသီးကို မီးဖုတ်စားပါ။ အိမ်သုံးဆားကို နီအောင်လှော် သံပရာရည်နဲ့ ဖျော်ပြီး လျက်ပေးပါ။ ဝမ်းချုပ်ရင် ညအိပ်ရာဝင်ချိန်မှာ မန်ကျည်းမှည့်ဖျော်ရည်ကို သောက်ပေးပါ။

**ဆရာ၊ သမီးလေးက အသက် ငါးနှစ်ရှိပါပြီ။ နားဖာချေး ပိတ်ပြီး နားမကြားရလို့ပါ။ နားပြည် ယိုတာ၊ တခြားခိုက်မိတာ မရှိပါ။ နားဖာချေးကို ကလော်ကြည့်တော့လည်း ကလေးက နာလို့ပါဆရာ။ ဘယ်လိုလုပ်ရမလည်း ညွှန်ကြားပေးပါဦး ဆရာ။**

တချို့နားဖာချေးတွေက ကျောက်လိုခဲပြီး ပိတ်နေတတ်ပါတယ်။ ရေချိုးတဲ့အခါ နားထဲ ရေဝင်သွားပြီး နားဖာချေးခဲနေလို့ ရေပြန်မထွက်တဲ့အခါ နားမကြားရဖြစ်တတ်ပါတယ်။ နားဖာချေးပျော်အောင် လုပ်ရမယ့်နည်းလမ်းကတော့ ရေနွေးအဖန်ရည် ခပ်နွေးနွေးမှာ ဆားခါးဇွန်းသေးတစ်ဇွန်း ထည့်ဖျော်ပါ။ နားထဲကို လောင်းထည့်ပြီး ဘေးစောင်းပြန်ထုတ် ငါးကြိမ်လောက် ပြုလုပ်ပါ။ သုံးရက်၊ လေးရက် ဆက်လုပ်ပါ။ နားဖာချေး သန့်သွားပြီး နားပြန်ကြားပါလိမ့်မယ်။ လက်တွေ့ပျောက်ဖူးသူရှိပါတယ်။

**ဆရာရှင့်၊ ကျွန်မမျက်နှာမှာ ဝက်ခြံတွေ မကြာခဏ ထွက်ပါတယ်။ ဝမ်းချုပ်လို့လားဆိုပြီး ဝမ်းနုတ်ဆေးစားတဲ့အခါ သက်သာပါတယ်။ ဝက်ခြံဘာကြောင့်ထွက်ရပါသလဲရှင့်။ ဝမ်းမှန်အောင် ဘယ်လိုဆေးမျိုး စားသုံးရင် သင့်ပါသလဲရှင့်။**

ဝက်ခြံထွက်သူတွေကို လေ့လာကြည့်တဲ့အခါ သုံးမျိုးတွေ့ရပါတယ်။ (၁) ဝက်ခြံထွက်ရမယ့်အရွယ်ဖြစ်လို့ထွက်တာ၊ (၂) အဆီအသားတွဲတဲ့အစာကို ချဉ်ငန်စပ် အရသာနဲ့တွဲပြီး စားသုံးတာ၊ (၃) ဓာတုဗေဒ ဆိုးဆေး အနံ့အရသာ ပါဝင်တဲ့ လွယ်ကူစာတွေ စားသုံးတာ။ အဲဒီ အချက်တွေကနေ လွတ်ကင်းပါက ဝက်ခြံထွက်တယ်ဆိုရင် မျိုးရိုးကြောင့်လည်းဖြစ်နိုင်ပါတယ်။ ဝမ်းချုပ်တာအတွက် သင့်တော်တဲ့ အူကိုမထိခိုက်တဲ့ ဝမ်းမှန်ဆေးနည်းမှာ -

**လွယ်ကူတဲ့ ဝမ်းမှန်ဆေး**

| | | |
|---|---|---|
| ၁။ | မန်ကျည်းမှည့်အနှစ် | ၂၅ ကျပ်သား |
| ၂။ | ကြက်သွန်နီဥ | ၁၀ ကျပ်သား |
| ၃။ | ရှားစောင်းလက်ပပ် | ၂၅ ကျပ်သား |
| ၄။ | ဆားခါး(လှော်) | ၂၅ ကျပ်သား |

ဆားခါးအထုပ်ဝယ်ပြီး သီးသန့်ဒယ်အိုးနဲ့ လှော်ပြီးမှ ထည့်ပါ။ ဗိုက်မနာ၊ ဝမ်းမရစ်စေဖို့အတွက် ဖြစ်တယ်။ အဲဒီဆေး အမည်အားလုံးစုပြီးရင် မြေအိုးတစ်လုံးမှာ ထည့်ကာ မီးနွေးနွေးနဲ့ ပုံမှန် ကျိုသွားပါ။ အစေးကျပြီး လက်ကော်ရရင်ချပါ။ အအေးခံထားပြီး ဖန်ပုလင်းမှာ ထည့်ထားပါ။ အပေါ်ကနေ နှမ်းဆီလောင်းထည့်ထားပါ။ မှိုမတက်အောင် သုံးရက်၊ လေးရက် တစ်ကြိမ် နေရောင်ပြပေးပါ။ အဲဒီဝမ်းမှန်ဆေးကို ပုံမှန် ညအိပ်ရာဝင်ချိန်မှာ ဟင်းစားဇွန်း တစ်ဇွန်းကနေ နှစ်ဇွန်းထိ စားသုံးပေးတာနဲ့ အပူအပုပ်ကင်းစင်ပြီး မျက်နှာက ဝက်ခြံထွက်တာကို သက်သာစေနိုင်တယ်လို့တင်ပြလိုက်ရပါတယ်။

**ဆရာခင်ဗျာ၊ မတ်တတ်ရပ်တာ နည်းနည်းကြာရင် ခြေခုံတွေ ဖောင်းပြီး ရောင်လာပါတယ်။ ညအိပ်ရင် ပြန်ကျသွားပါတယ်။**

ကျောက်ကပ်ကြောင့် ခြေထောက်ရောင်တတ်ပါတယ်။ ကျောက်ဖရုံသီးဟင်းချို ချက်သောက်ပေးပါ။ မြင်းခွာရွက်ကိုထောင်း အရည်ညှစ်ယူ သုံးဇွန်း၊ ပျားရည်တစ်ဇွန်းစပ် ညအိပ်ရာဝင်ခါနီး သောက်ပါ။

**မင်္ဂလာပါ ဆရာ။ ဦးခေါင်းမှာ ဗောက်ဖြစ်ပြီး အဖတ်လေးတွေ လန်တာ ရှားစောင်းလက်ပပ်နဲ့ ခေါင်းလျှော်ရတယ်ဆိုတာ မှန်ပါသလားဆရာ။ ဘယ်လိုပြုလုပ်ရပါမလဲ။**

ရှားစောင်းလက်ပပ်အနှစ်ကို ပျားရည်အနည်းငယ်နဲ့ ရောပါ။ ဦးခေါင်းဆံပင်ကြား စိမ့်ဝင်အောင်ပွတ်လိမ်းထား တစ်နာရီကြာရင် ခေါင်းလျှော်ပစ်ပါ။

**ဆရာ ကျွန်တော်က ဂရင်ဂျီနာ ခွဲထားတာ နှစ်ကြိမ်ရှိပါပြီ။ ပြန်ပြန်ဖြစ်ပါတယ်။ အခုခွဲထားတဲ့ ဘေးနားမှာ ယားပြီး အသားပိုလေးထွက်နေလို့ ဘာဆေးလိမ်းရမလဲ ဆရာ။ ကျေးဇူးပြုပြီး ဖြေပေးပါခင်ဗျာ။**

ကျားမနိုင်မြစ် သွေးလိမ်းပါ။ ပရဆေးဆိုင်မှာ မေးဝယ်ပါ။

**ကျွန်တော့်ကုပ်ပိုးက အကြောကြီးက ဖောင်းပြီး ခေါင်းတစ်ခုလုံး ဆွဲဆုပ်ထားသလိုပဲ။ တစ်ခါတလေ မူးနောက်နောက်ဖြစ်နေတယ် ဆရာ။ အကြောတွေကလည်း တင်းပြီး နေလို့ မကောင်းပါ။ အလုပ်က ကွန်ပျူတာနဲ့ တစ်နေ့လုံး အလုပ်လုပ်ရပါတယ် ဆရာ။**

ခေါင်းငုံ့အလုပ်လုပ်ရတာများရင် ဇက်ကျိုးပေါင်းတက်ရောဂါ ဖြစ်နိုင်တယ်။ မနက်စောစောထ မျက်နှာသစ်တဲ့အခါတိုင်း ရေအေးကို လက်ခုပ်နဲ့ယူပြီး ဇက်ပိုးကို သုံးကြိမ်၊ လေးကြိမ်ရိုက်ပေးပါ။ ဇက်ကြောတက် သက်သာစေပါတယ်။ အလုပ်နားတဲ့အချိန်မှာ ရဲယိုရွက်ကို ဆီသုတ်ပြီး ဇက်ပိုးမှာ ကပ်ပေးပါ။ ဦးခေါင်း ဘယ်လှည့်၊ ညာလှည့် လေ့ကျင့်ခန်းလုပ်ပေးပါ။

**မကြာခဏ ခေါင်းတစ်ခြမ်းကိုက်ပါတယ်။ ခေါင်းတစ်ခြမ်းကိုက်ရောဂါ ပျောက်ဆေးနည်းလေးရှိရင် ပြောပြပေးစေချင်ပါတယ် ခင်ဗျာ။**

နလင်ကျော်အခေါက်ကို ဓားနဲ့ခြစ်ပြီး ရလာတဲ့အမှုန့်ကို မီးခဲပေါ်ဖြူး မိုင်းရှူပေးပါ။ အာလူးကို ပါးပါးလှီးပြီး နားထင်မှာ ကပ်ပေးပါ။ ဒန့်သလွန်ရွက် အရည်ညှစ်ပြီး မျက်စဉ်းခတ်ပေးရင်လည်း ခေါင်းတစ်ခြမ်းကိုက် သက်သာစေပါတယ်။

**နားပြည်ယိုတာ ဘယ်လိုလုပ်ရမလဲ ဆရာ။**

မုန်ညင်းဆီထဲမှာ နနွင်းမှုန့် အနည်းငယ်ထည့်ပြီး မီးနဲ့ အပူပေးချက်ထားပါ။ နားထဲကို ဇွန်းငယ်နဲ့ ခပ်နွေးနွေးလောင်းထည့် ဘေးစောင်းပြန်သွန်ထုတ်။ တစ်နေ့ သုံးကြိမ်ပြုလုပ်ပါ။ (တစ်နည်း) ပျားရည်ကို မီးနဲ့ နွေး၊ နားကျပ်ပေးပါ။



**ဆရာရှင့် နှုတ်ခမ်းထောင့်မှာ ရေယုန်ပေါက်တာ ပျောက်သွားပြီး အမာရွတ်ထင်ကျန်နေခဲ့တယ်။ ပျောက်အောင် ဘာဆေးလိမ်းရပါမလဲ။**

ကွမ်းသီးခြမ်း (အခြောက်)ကို သွေးလိမ်းပါ။

**ဆရာ ကျွန်တော့်အဖေက သွေးပျစ်တဲ့ရောဂါ ရှိပါတယ်။ သွေးပိတ်လို့လား မသိဘူး။ လက်တွေက အကြောကပ်ကပ်နေပါတယ်။ အေးတဲ့အခါ ပိုဖြစ်တတ်ပါတယ်။ ဘာဆေးသုံးသင့်သလဲ ပြောပြပေးပါဆရာ။**

ချင်းခြောက်မှုန့် နှစ်ဆ၊ လင်းနေမှုန့် တစ်ဆရောစပ်ပါ။ (ပရဆေးဆိုင်မှာ အမှုန့်ကြိတ်ခိုင်းပါ။) အဲဒီဆေးမှုန့်အရောကို ရေနွေးပူပူနဲ့ဖျော် လက်မောင်းတစ်လျှောက်မှာ လိမ်းပေးပါ။ အရက်နဲ့ ဖျော်လိမ်းရင်လည်း ရပါတယ်။

**ဝမ်းဗိုက်ဘယ်ဘက်ခြမ်း ချက်ဘေးနားက အောင့်နေတာ သုံးလလောက်ရှိပြီ ဆရာ။ အခု နောက်ပိုင်း ဝမ်းသွားရင် ဝမ်းအရောင်မည်းတယ်။ စိုးရိမ်ရပါသလား ဆရာ။ ဘာဆေးသောက်ရင် သက်သာနိုင်မလဲ ဆရာ။**

အူမကြီးအဆုံးမှာ အနာဖြစ်ရင် သွေးစိမ့်ယိုပြီး ဝမ်းအမည်းရောင်သွားတတ်ပါတယ်။ တတ်ကျွမ်း နားလည်တဲ့ သမားတော်တွေပြပြီး စနစ်တကျ ကုသသင့်ပါတယ်။ ဝမ်းသန့်ပြီး အနာကျက်အောင် ဆားခါးကို လှော်၊ ဟင်းစားဇွန်း တစ်ဇွန်း၊ ပျားရည်ဟင်းစားဇွန်း တစ်ဇွန်း၊ ရှောက်သီး အရည် သုံးဇွန်း ရောစပ်ပြီး ညအိပ်ရာဝင်ခါနီး သောက်ပေးပါ။

**ဆရာ ကျွန်တော် အဆီကျ ပိန်ချင်လို့ပါ။ ကိုယ်အလေးချိန် ပေါင် ၂၄၀ ရှိပါတယ်။ အလုပ်က ဟိုက်ဝေးကားယာဉ်မောင်းတစ်ယောက်ပါ။ အထိုင်များသလို ကျန်းမာရေးအတွက် လေ့ကျင့်ခန်း သိပ်မလုပ်နိုင်ပါဘူး။ အသက်က (၃၅) နှစ်ပါ။ ဆေးစစ်ကြည့်တော့ သွေးတိုးစလာပြီလို့ ပြောပါတယ်။ ကျွန်တော်နဲ့ အဆင်ပြေမယ့် ဆေးနည်းလေး ညွှန်ပြပေးစေချင်ပါတယ် ဆရာ။**

ဝါးရွက် ပြုတ်သောက်ပါ။ သွေးတွင်းမှာ အဆီကို ကျစေပြီး သွေးတိုးကိုလည်း ထိန်းနိုင်တယ်လို့ သုတေသနပြုလုပ်ပြီး သိရှိရပါတယ်။ ဘယ်ဝါးရွက်မဆို ရပါတယ်။ ကြခတ်ဝါးရွက်ရရင်တော့ အကောင်းဆုံးလို့ ပြောပါတယ်။ သုံးခွက်တစ်ခွက်တင်ကျိုပြီး အအေးခံ သိမ်းထား၊ တစ်နေ့ကို ရေသန့်ဘူး တစ်ဘူးစာသောက်ပေးရင် အဆီကျစေနိုင်ပါတယ်။ ဘေးထွက်ဆိုးကျိုးလည်း မရှိပါ။ အစားအသောက်ကတော့ တတ်နိုင်သလောက် ရှောင်စားပါ။ လမ်းလျှောက်ချိန်ရအောင်လည်း ကြိုးစားပြီး တတ်နိုင်သလောက် လမ်းလျှောက်ပေးမှ အဆီကျ ကျန်းမာမှာ ဖြစ်ပါတယ်။

**ဖီးကြမ်းငှက်ပျောသီးအမှည့် အခွံခွာပြီး အခွံအတွင်းက အသားအမျှင်တွေကို ခြစ်ယူပြီး ဆေးဖက်ဝင်တယ်ဆိုလို့ စားသုံးနေကြတာကို တွေ့ရပါတယ်။ ဘယ်ရောဂါတွေအတွက် ဆေးဖက်ဝင်တယ်ဆိုတာကို သိလိုပါတယ်။**

အစာအိမ်လေနာရှိသူ၊ အစာအိမ်နံရံမှာ အချွဲအမြှေးမရှိလို့ ဗိုက်နာ၊ ဗိုက်အောင့်နေသူတွေ၊ နှစ်ရှည်အစာအိမ်ရောဂါရှိသူတွေ၊ အူသိမ်ဦးပိုင်းအနာရှိသူတွေ ငှက်ပျောသီးဖီးကြမ်းစားဖို့ သင့်တယ်။ ငှက်ပျောသီးအခွံအတွင်းက အသား(အမြှေး) အမျှင်တွေဟာ လေပူကိုနိုင်ပြီး ပါးစပ်အနာ၊ အစာအိမ်အနာတွေကို ပျောက်ကင်းစေနိုင်တယ်။ ဖီးကြမ်းငှက်ပျောသီး စားသူတွေမှာ အဲဒီဆေးဘက်ဝင်တဲ့ အမျှင်၊ အသားတွေကို အခွံခွာပြီး မစားမိဘဲ လွှင့်ပစ်လိုက်ကြပါတယ်။ ဖီးကြမ်းငှက်ပျောသီးအမှည့်ကို မီးဖုတ်စားရင်လည်းရပါတယ်။ မီးကင်တဲ့အခါ အဲဒီအမြှေးတွေဟာ ပျော့ပြီး ငှက်ပျောသီးအသားနဲ့ ပေါင်းစပ်သွားတယ်။ မီးဖုတ်စားတာဟာ ပါးစပ်နဲ့ အစာအိမ်နာတွေကို သက်သာစေနိုင်ပါတယ်။ အစာအိမ်ရောဂါ၊ လေပူထရောဂါ၊ လေအထက်လှန်ရောဂါ၊ သွားဖုံးကြွသွားနာရောဂါရှိသူတွေ။ ဒ့ါပြင် နှလုံးလေပင့်လို့ မောသူ၊ သွေးတိုးရောဂါရှိသူတွေအတွက် ဖီးကြမ်းငှက်ပျောသီးဟာ ဓာတ်စာလည်းဖြစ်၊ ဆေးလည်းဖြစ်ပါတယ်။

**ဆရာ ကျွန်မအသက် (၂၂) နှစ်ပါ။ နို့တိုက်မိခင်ပါ။ ကလေးက အသက်ခြောက်လ ရှိပါပြီရှင့်။ ကလေးမီးမဖွားခင်ကတည်းက လက်မောင်းမှာ ကြာဆူးလေးတွေရှိပါတယ်ဆရာ။ မီးဖွားပြီး နောက်ပိုင်း ကြာဆူးတွေက လက်မောင်းမှာမဟုတ်ဘဲ တံတောင်ဆစ်အောက်ပိုင်းအထိ ပေါ်လာလို့ပါ။ ကလေးနို့တိုက်နေရတဲ့အတွက် ဆေးလည်းမသောက်ရဲလို့ ဘာဆေးလိမ်းရမလဲ ဖြေကြားပေးပါဆရာ။**

ကြာဆူးကို ကြာဝတ်ဆံနဲ့ သနပ်ခါး ရောစပ်လိမ်းရပါတယ်။ (ကြာဝတ်ဆံကို ပရဆေးဆိုင်မှာ ဝယ်လို့ရနိုင်ပါတယ်။) တစ်နည်း ခရေပွင့်ခြောက်ကို သနပ်ခါးနဲ့ ရောစပ်သွေးလိမ်းပါ။

**ဆီးချို ဝေဒနာခံစားနေရလို့ပါ။ ဆေးလည်း မှန်မှန်သောက်ပါတယ်။ ဘယ်လိုဓာတ်စာမျိုး စားရမလဲ သိလိုပါတယ်။**

အစိမ်းရောင်ရှိတဲ့ အသီးအနှံတွေ များများစားပေးပါ။ ငါးလည်း စားပေးပါ။ အကြေးပါတဲ့ငါးက ပိုပြီး သင့်တော်ပါတယ်။ အသား၊ ငါး ဟင်းချက်စားရင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် ချင်းတက်၊ ပိတ်ချင်းနဲ့ သစ်ကြံပိုးခေါက်ထည့်ချက်စားရင် ဆီးချိုအတွက် ဆေးဖက်ဝင်ပါတယ်။

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

## (၂၂ - ၇ - ၂၀၁၇ မှ ၂၈ - ၇ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4tv Vol.2 No-28













## 4HD Beauty and the Beast

ဇူလိုင် ၂၂၊ စနေနေ့၊ ည ၇ နာရီ။

ဒစ္စနေထုတ် Beauty and the Beast က ဂန္ထဝင်မှုပုံပြင်ဟောင်း အင်နီမေးရှင်းကားကို သက်ရှိတွေနဲ့ ထပ်မံရိုက်ကူးတင်ဆက်ထားတာပါ။ မူရင်းအင်နီမေးရှင်းမှာ ပါဝင်ခဲ့တဲ့ ဇာတ်ဝင်သီချင်းအပြင် သီချင်းသစ် အတော်များများကိုလည်း ထပ်မံတင်ဆက်ထားပါတယ်။ ချောမောလှပ၊ အမှိုက်ကင်းတဲ့မိန်းမပျို ဘဲလ် (အင်မာဝတ်ဆင်) ဟာ ဖခင်ပျောက်ရှာဖို့ ရွာကလေးကနေ ထွက်ခွာလာခဲ့ပါတယ်။ ထို့နောက် လူသူလေးပါးမနီးသော ရဲတိုက်ကြီးထဲမှာပဲ နေထိုင်တဲ့ ကြောက်စရာကောင်းသော 'သားရဲကောင်' (ဒန်စတီဗင်စ်) နဲ့ တွေ့ဆုံခဲ့ရတယ်။ ဒါပေမဲ့ ဘဲလ်ဟာ 'သားရဲကောင်' နဲ့ အနေကြာလာလေ သားရဲကောင်ဆီမှာ တကယ့်အလှစစ်ကို တွေ့မြင်လာလေ ဖြစ်ခဲ့ရပုံ တင်ဆက်ထားတာပါ။ ဒါရိုက်တာ ဘီလ်ကွန်ဒွန် ရိုက်ကူးထားတဲ့ စိတ်ကူးယဉ် မိသားစု ဂီတနောက်ခံဇာတ်ကားဖြစ်ပြီး ပရိသတ်တွေ အကြိုက်တွေ့မယ့် ဇာတ်ကားကောင်းလေးပါ။ မင်းသမီး ချောလေး အင်မာဝတ်ဆင်ရဲ့ ရှုမငြီးဖွယ် ချစ်စရာ ပုံသွင်လေးတွေကိုလည်း မြင်တွေ့ရပါလိမ့်မယ်။

## NATIONAL GEOGRAPHIC CHANNEL — Desperate Hours : Volcanoes


ရေကြီးခြင်း၊ တော်နေးဒိုးမုန်တိုင်းတိုက်ခတ်ခြင်း၊ လျှင်တို့လို ရုတ်တရက် ကပ်ဘေးဆိုက်ရောက်မှုတစ်ခုကြောင့် အသက်ပေါင်းများစွာ သေကြေပျက်စီးရသလို အပျက်အစီးတွေ၊ ဆင်းရဲဒုက္ခ တွေကိုလည်း ဖြစ်စေပါတယ်။ ဒီအစီအစဉ်ဟာ မှတ်တမ်းတစ်ခုမျှသာမက အဆိုပါဖြစ်ရပ်တွေ ဖြစ်ပျက်ချိန်မှာ မှတ်တမ်းတင်ထားလိုက်နိုင်တဲ့ ရိုက်ကူး ချက်တွေ ပါဝင်နေတဲ့ အစီအစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ၁၉၈၅ ခုနှစ် ကိုလံဘီယာက နီဗာဒိုဒဲလ်ရူးအစ်စ်မှာ ပေါက်ကွဲမှုကို ရိုက်ကူးထားလိုက်နိုင်တဲ့ မှတ်တမ်းတင်ချက် အပါအဝင် ၂၀ ရာစုရဲ့ အကြီးမားဆုံး မီးတောင်ပေါက်ကွဲမှုတွေထဲက တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်း အပူချိန်ကို တောင် လျော့ကျသွားစေခဲ့တဲ့ ၁၉၉၁ ခုနှစ်က ပင်တာတူဘို မီးတောင်ပေါက်ကွဲမှု အကြောင်းကိုလည်း ရှုစားကြရပါလိမ့်မယ်။




## StarWorld — LIFE IN PIECES SEASON 2

ဇူလိုင် ၂၄၊ တနင်္လာနေ့၊ ည ၉ နာရီ။

Life in Pieces က ပျော်ပျော်နေတတ်တဲ့ မိသားစုကြီးတစ်စုနဲ့ တစ်ခါ တစ်ရံ ထူးခြားဆန်းပြား၊ မကြာခဏဆိုသလို ရယ်မောရ၊ နောက်ဆုံးမှာ လှပတဲ့ ဘဝမိုင်တိုင် အခိုက်အတန့်တွေအကြောင်း ကင်မရာတစ်လုံးတည်းနဲ့ ရိုက်ကူးတင်ဆက်ထားတဲ့ ဟာသ စီးရီးပါ။ မိသားစုဝင်တစ်ဦးချင်းစီ ပြန်လည်ပြောပြတဲ့ အဖြစ်အပျက်တွေကို တင်ဆက်ထားတာ ဖြစ်ပါတယ်။ အပတ်စဉ် ဖြစ်ရပ် ၄ ခုစီနဲ့ မိသားစုဝင် တွေရဲ့ဘဝတွေကို တင်ပြနေစဉ်မှာပဲ သူတို့တွေဟာ တောက်ပတဲ့အချိန်ကာလ အပိုင်းအခြားလေးတွေကို တစိမ့်စိမ့် အရသာခံစားဖို့ အားထုတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအခိုက်အတန့်လေးတွေက ဘဝဆိုတဲ့အကြောင်းအရာထဲမှာ ပေါင်းစပ် ထည့်ဝင်ပေးနေတဲ့ အခိုက်အတန့်လေးတွေ ဖြစ်နေတာကြောင့်ပါပဲ။




## 5 SERIES

ရင်ခုန်သံထပ်တူ

သောကြာ စနေ
ညနေ ၈း၀၀ နာရီ






## 5 SPECIAL

ဝိညာဉ်စေတမန်

Mon to Fri
8:00 PM

## Discovery CHANNEL




## Shark Week

**Phelps Vs. Sharks**
**Premieres 24 July**
**Mon - Fri, 7:30 pm**

ရုပ်သံမှာ ကာလအရှည်ကြာဆုံးနဲ့ ပရိသတ်တွေ အမျှော်လင့်ဆုံး Shark Week အစီအစဉ်ဟာ အခုနှစ်အတွင်း ဆွဲဆောင်အားကောင်းပြီး ပါးစပ်ဟသွားရလောက်တဲ့ ဖြစ်ရပ်သစ်တွေနဲ့အတူ တစ်ကြော့ပြန်လာပါပြီ။ ဒီအစီအစဉ်အစမှာတော့ ကမ္ဘာပေါ်မှာ ဆုတံဆိပ်အများဆုံး ရရှိထားတဲ့ ရေကူးအားကစား အကျော်အမော် မိုက်ကယ်ဖဲ့လ်စ်ဟာ ပင်လယ်သမုဒ္ဒရာရဲ့ စွမ်းအား အကြီးမားဆုံး သားရဲကောင်ဖြစ်တဲ့ ငါးမန်းနဲ့ ယှဉ်ပြိုင်ပါလိမ့်မယ်။ ဘယ်လို ယှဉ်ပြိုင်မလဲ ဆိုတာတော့ စိတ်ဝင်စားဖွယ်မြင်တွေ့ရမှာပဲ ဖြစ်ပါတယ်။

## 5 MOVIES

အမိမြေသို့အပြန်

Thursday
10:25 PM



## တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)
## (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်
## အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ်သူ/မြို့နယ်သားများ ကြွရောက်လှူဒါန်းကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| အစီအစဉ် နေ့ရက် | - ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) |
| အချိန် | - နံနက် ၀၉း၀၀နာရီ |
| နေရာ - | **"တန့်ဆည်မြို့နယ်အသင်းတိုက်ဓမ္မာရုံ"** မြို့မရပ်ကွက်၊ ဗဟန်း(၃)လမ်း၊ ဗဟန်းမြို့နယ်။ |

**အမှုဆောင်အဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇)၊ ကလေးဝမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | |
|---|---|
| လျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် | ၁-၈-၂၀၁၇ (၀၉း၃၀) နာရီ |
| လျှောက်လွှာပိတ်မည့် ရက်/အချိန် | ၁၈-၈-၂၀၁၇ (၁၆း၀၀)နာရီ |
| လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | ၂၀-၈-၂၀၁၇ (၀၉း၀၀)နာရီ |
| စိစစ်ရွေးချယ်မည့် ရက်/အချိန် | ၂၀-၈-၂၀၁၇ (၁၀း၀၀)နာရီ |
| စိစစ်ရွေးချယ်မည့်နေရာ | လမ်းဦးစီးဌာနဧည့်ရိပ်သာ၊ ကလေးဝမြို့ |

၃။ လျှောက်လွှာပုံစံနှင့် အချက်အလက်များကို လမ်းအထူးအဖွဲ့(၇)ရုံး၊ ကလေးဝမြို့၊ (ဖုန်း-၀၇၃-၄၄၀၀၅)တွင် ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## Career Enhancement Program
## သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ Myanmar Business Executive Association (MBE) နှင့် Foundation for INcome generating, EDUcational and COmmunity Developing Projects (INEDUCO), Switzerland တို့ပူးပေါင်းဖွင့်လှစ်မည့် KV Zurich Business School အသိအမှတ်ပြု လက်မှတ်ရ အောက်ပါ Basic Course သင်တန်းများအတွက် လျှောက်လွှာ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | Certificate in Financial Accounting (016) | (၃) လ |
| (ခ) | Certificate in SME Development (016) | (၃) လ |
| (ဂ) | Certificate in Micro Finance (017) | (၁)လခွဲ |

၂။ သင်တန်းဝင်ခွင့် အရည်အချင်း သတ်မှတ်ချက်များမှာ -
(က) ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား ဖြစ်ရမည်။
(ခ) အနိမ့်ဆုံး ပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဂ) သတ်မှတ် သင်တန်းချိန်အတိုင်း မပျက်မကွက် တက်ရောက်နိုင်သူ ဖြစ်ရမည်။
၃။ သင်တန်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) Financial Accounting နှင့် SME Development သင်တန်းများကို စက်တင်ဘာလတွင်လည်းကောင်း၊ MicroFinance သင်တန်းကို အောက်တိုဘာလတွင်လည်းကောင်း၊ စနေနှင့် တနင်္ဂနွေ နေ့များတွင် စတင်ဖွင့်လှစ်ပါမည်။
(ခ) ငွေကြေး အကျိုးအမြတ်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း မဟုတ်သည့်အတွက် သင်တန်းမှတ်ပုံတင်ကြေး ကျပ်(၆၀၀၀) မှအပ အခြားမည်သည့် အခကြေးငွေမျှ ပေးသွင်းရန်မလိုပါ။
(ဂ) SME Development သင်တန်းအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများနှင့် ကိုယ်ပိုင်လုပ်ငန်းထူထောင်ရန် ကြံရွယ်နေသူများကို ဦးစားပေးပါမည်။ ကျန်သင်တန်းများအတွက် သက်ဆိုင်ရာနယ်ပယ်တွင် လက်ရှိ လုပ်ကိုင်နေပြီး လုပ်ငန်းလိုအပ်ချက်အရ သင်တန်းတက်ရောက်လိုသူများကို ဦးစားပေးပါမည်။
(ဃ) သတ်မှတ် သင်တန်းချိန်ပြည့်မီပြီး သက်ဆိုင်ရာ သင်တန်းအလိုက် အရည်အချင်းစစ်ဆေးမှု အောင်မြင်သူများကိုသာ အောင်လက်မှတ် ထုတ်ပေးပါမည်။
၄။ စိတ်ပါဝင်စားသူများသည် သင်တန်းတည်နေရာ၌ လျှောက်လွှာများကို အခမဲ့ ထုတ်ယူပြီး အောက်ပါတို့နှင့်အတူ (၂၈.၈.၂၀၁၇) ရက်နေ့ ညနေ (၄း၀၀)နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ (က) ဓါတ်ပုံ(၃)ပုံ၊ (ခ) မှတ်ပုံတင်မိတ္တူ၊ (ဂ) ပညာအရည်အချင်း လက်မှတ် မိတ္တူများ၊ (ဃ) အလုပ်အကိုင်ဆိုင်ရာ ထောက်ခံချက်၊ (င) မည်သည့်အတွက် မိမိကို သင်တန်းတက်ရောက်ခွင့် ပြုသင့်ကြောင်းနှင့် သင်တန်းမှရရှိသောပညာကို မည်သို့ အသုံးချရန် ရည်ရွယ်ထားကြောင်း ပင်ကိုယ်ရေးစာတစ်ပုဒ်။
၅။ ပဏာမ ရွေးချယ်ခြင်းခံရသော သူများကိုသာ လူတွေ့စစ်ဆေးရန် ခေါ်ယူပါမည်။

သင်တန်းစီစဉ်ညွှန်ကြားရေးမှူး

အခန်း (၅၀၈)၊ ၅လွှာ၊ [illegible] ရန်ကုန်မြို့။
ဖုန်း [illegible]

## ILAM Open House Day ကျင်းပပွဲ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း၏ ILAM Open House Day ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့်စိတ်ပါဝင်စားသည့်ဥပဒေနယ်ပယ်မှ ပုဂ္ဂိုလ်များတက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့် အစီအစဉ်**

| | |
|---|---|
| နေ့ရက်နှင့် အချိန် | - ၂၀၁၇ခုနှစ် ဇူလိုင်လ ၂၉ ရက် (စနေနေ့)၊ မနက် ၁၀နာရီ မှ ညနေ ၃နာရီအထိ |
| နေရာ | - River Front Garden Luxury Condominium Showroom, အမှတ် ၇ A, Plot 2B, ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| အစီအစဉ် | - အိမ်ခြံမြေအကြောင်းသိကောင်းစရာနှင့် ဖြစ်ပွားလေ့ရှိသော ပြဿနာများ ခေါင်းစဉ်ဖြင့်ဟောပြောမှု။ |

၁။ ဦးကျော်ဇေယျ (တရားလွှတ်တော်ရှေ့နေ) (နာယက၊မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း)
၂။ ဦးခင်မောင်သန်း (တော်ဝင်) (တရားလွှတ်တော်ရှေ့နေ)
(ဒု-ဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း)
လက်ဆောင်များ၊ အစားအသောက်များ၊ အခြားသော စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များလည်း ထည့်သွင်းထားပါသည်။ မိသားစုများပါ ခေါ်လာနိုင်ပါသည်။

(ဗဟိုအလုပ်အမှုဆောင်ကော်မတီ)
မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း













MAGES Institute of Excellence | MAGES Creative Technology Centre

**Taught by Industry Professionals**

MAGES Institute of Excellence တွင် Game Development, Art Design and Animation Course များကို Industrial Professional များကိုယ်တိုင် သင်ကြားပို့ချ ပေးလျက်ရှိပါသည်၊ Diploma, Professional Diploma မှ Degree, Master Degree များအထိ Education Pathway နှင့် International University များတွင် ဆက်လက်တက်ရောက် သင်ယူနိုင်ပါသည်၊



Diploma and Specialist Diploma

Entertainment Design
Intake Date: 16th Oct 2017

Motion Graphic Design
Intake Date: 18th Sept 2017

Animation
Intake Date: 18th Sept 2017

Game Design
Intake Date: 18th Sept 2017

MAGES Studioတည်ထောင်ထားပြီး Skillful ကျောင်းသားကျောင်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ကိုလည်း ဖန်တီး ပေးလျက် ရှိပါသည်၊

ဆုံစမ်းရန် - (+95) 95019635/(+65) 65926733
No.504-506, 1st Floor, 39th Street,
Kyauktada Township, Yangon.

www.mages.edu.sg

naemyo@mages.edu.sg
enquiry@mages.edu.sg

အကောင်းဆုံး သင်ကြားပြသမှုကို ဝန်ဆောင်မှုပေးမည်

ဦးဉာဏ်လွင် (ရူပဗေဒ)
ဦးညိုညို (ဓါတုဗေဒ)
ဒေါက်တာစိုးစိုး (ဇီဝဗေဒ)

သင်ကြားတည်ထောင်ဖွင့်လှစ်သော

ကျောင်းအပ်လက်ခံပြီ

N-3

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ

၅ တန်း မှ ၁၀ တန်း အထိ

အမှတ်(၁၃၄)၊လွတ်လပ်ရေးလမ်း၊သုဝဏ္ဏဈေးအနီး၊သဃ်န်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-421167047, 09-420046938

၂၀၁၇ ခုနှစ် ဩဂုတ်လ ကျောင်းဖွင့်ချိန်အတွက်
Scholarship USD 1,500 ပေးအပ်ချီးမြှင့်သွားပါမည်။




ကမ္ဘာကျော် တက္ကသိုလ်ကြီးတစ်ခုဖြစ်သည့်
University of The West of Scotland, UK မှ
တိုက်ရိုက်ချီးမြှင့်ပေးအပ်မည့် MBA မဟာဘွဲ့ကို
Myanmar Campus တွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့်
တက်ရောက်ရယူနိုင်ပါပြီ...။

RIVER SAMON INSTITUTE OF MANAGEMENT

CB Bank နှင့်ချိတ်ဆက်ပြီး Education Loan စီစဉ်ပေးပါသည်။

အခန်းအမှတ် - (၄၀၆၊ ၅၀၆၊ ၆၀၆)၊ (၄လွှာ၊ ၅လွှာ၊ ၆လွှာ) ပန်းခြံတာဝါ၊
ဘားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့ - ၀၉-၄၂၀ ၇၂ ၅၅၆၆ နှင့် ၀၉ - ၇၃၀၉၄၀၆၇
မန္တလေးမြို့ - ၀၉-၇၇၇၇၉၃၆၁၄၊ ၀၉-၇၇၇၇၉၃၆၁၅
Website - https://www.uws.ac.uk/

Enroll Now! for AUG Intake

FEROFORT®

Iron, B-Complex, Vitamins, Zinc, Lysine

သွေးအားနည်းခြင်းအတွက် အကောင်းဆုံး
သံဓာတ်အားဖြည့်ဆေး ဖယ်ရိုဖော့

စုပ်ယူမှု အားကောင်းသော သန့်စင်သည့်
သံဓာတ် ဖယ်ရိုနိုင်း (Ferronyl) ၄၈% ပါဝင်သည်။






တစ်နေ့ (၁)လုံး သောက်သုံးရန်။

KALBE

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2017 မှ 30.7.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အေးထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။

အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၈၁၀၂

Fundamental Academic Abilities & Logical Thinking Skills
Gakken
Maths/Science

# Open your Gakken Classroom Centre

## We are looking for the people who are passionate about education!

***The largest market share in the Japanese after-school learning industry where children learn primary maths***

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centres.




How do you like Gakken?
Grow & learn with children
Individial Learning
Small-step
Running own centre is exciting & rewarding! We also can contribute our society

## Opening Centres

- Golden Valley Centre OPEN JUNE
- Pathein Reg.16 Centre OPEN JULY
- 38th Street Centre OPEN JULY
- Wai Za Yan Tar Centre OPEN AUGUST
- Kabar Aye Gamone Pwint Centre OPEN SEPTEMBER

Sanchaung, Hlaing, Tamwe Area Avaiable now!

Orientation Date 23rd (Sun), 30th (Sun) July
Time :13:00 AM sharp (2hours)
Place :#406, 4th Floor, Hledan Centre

Call us now! 01-2307803 / 09-979682785
Note : Please arrive at the venue 25-30 minutes earlier. The number of participants will be strictly limited and if you would like to join the orientation, please contact us.
©GAKKEN CLASSROOM

We must work together! We must build our Nation!



MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE

# Certificate in Modern Marketing

## ခေတ်သစ်မားကတ်တင်း စီမံခန့်ခွဲမှုသင်တန်း

လူတိုင်းဟာ မားကတ်တင်းနဲ့ တစ်နည်းနည်း ပတ်သက်နေပါတယ်။ သင်ဟာ ... မားကတ်တင်းပညာနဲ့ တစ်နည်းနည်းပတ်သက်နေသူဆိုရင် ဒီသင်တန်းကို မဖြစ်မနေတက် ရောက်လိုက်ပါ။ အခြေခံမားကတ်တင်း စီမံခန့်ခွဲမှုပညာ၊ မားကတ်တင်းမဟာဗျူဟာများ၊ ခေတ်သစ်မားကတ်တင်း သဘောတရားများ၊ E-commerce အခြေခံ၊ အွန်လိုင်းမားကတ်တင်း၊ Facebook Marketing, Marketing Idea စသည်တို့ကို သင်ကြားပေးပါမည်။

အဝတ်စဉ်-စနေနေ့ (2 pm to 5 pm)
၂-လသင်တန်း (၅-၈-၂၀၁၇)နေ့ စမည်။




ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။

Campus - Taw Win Centre (3rd Floor). website : www.lynnthaiknyunt.com
Contact : 503172, 09259290273, 09259290274, 0943121060, 09254114537, 095010014

## ဝန်ထမ်းအလိုရှိသည်

ကလေးထိန်း မ(၁)ဦး
နေ့(သို့)ည၊ လစာ(၁၃၀၀၀၀ိ/-)
၀၉-၇၉၄၃၉၆၁၉၈၊ ၀၉-၇၉၁၇၁၅၅၂

## ဝန်ထမ်းအလိုရှိသည်

နေပြည်တော်၊ Junction Centerတွင် ဖွင့်လှစ်သည့် ရွှေဖြိုးမောက်ရတနာရွှေဆိုင်အတွက် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ ဖုန်း-၀၉-၇၇၇၇၆၇၇၃၆

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ဦးနှင်းဦး(ထားဝယ်)

## ထိပ်တန်း

အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
ခေတ်မီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။

- (၄၈)ရပ်ကွက်၊ဗိုလ်မှူးဗထူးလမ်း၊မြောက်ဒဂုံ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း
- တိုက်(၃၄)၊ကမာကြည်အိမ်ရာ၊ကမာကြည်လမ်းမကြီး သာကေတ(အဝိုင်း)အနီး

၀၁-၅၄၁၈၆၆
၀၉-၄၄၃၀ ၅၄၉၂၇
၀၉-၄၃ ၁၉၁၉၂၀
၀၉-၄၂၁၁ ၂၁၅၈၂
၀၉-၂၆၂၁၅၁ ၃၄၇

Since 1986
# KMD Institute

UNIVERSITY of GREENWICH | SQA | NCC education | JAS-ANZ | ISO

တက္ကသိုလ်ဝင်တန်းစာမေးပွဲပြေဆို၊ အောင်မြင်ထားသူများ ဘွဲ့ပညာတော်သင်ဆုများစတင်လျှောက်ထားနိုင်ပါပြီ...

- First Year Diploma in Computing (UK)
- Higher National Diploma (SQA)

- နစ်စဉ် ထူးချွန် ကျောင်းသား၊ ကျောင်းသူ အများဆုံးမွေးထုတ်ပေးခြင်း။
- အရည်အချင်းရှိသော ဆရာ၊ ဆရာမ များ အချိန်ပြည့်ရှိသောကြောင့် အချိန်မရွေး စာမေးမြန်းနိုင်ခြင်း။
- CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့်ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန်စီစဉ်ပေးထားခြင်း။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုထူးချွန်စွာအောင်မြင်ထားသူများအတွက် နှစ်စဉ် ပညာတော်သင်ဆုများ ချီးမြှင့်ခြင်း။
- နယ်မှလာတက်မည့်ကျောင်းသား/သူများအတွက် နေထိုင်စားသောက်ရေးအဆင်ပြေစေရန် အဆောင်များစီစဉ်ပေးခြင်း။



First Year Diploma
1 August 2017 (Mon-Fri)
11:00 AM - 3:00 PM

HND Diploma
5 August 2017 (Sat-Sun)
7:00 AM - 10:00 AM

First Year Computing Diploma (NCC) → Second Year Computing Diploma (NCC) → B.Sc(Hons)BIT (Final Year) (UNIVERSITY of GREENWICH)
HND Diploma (First Year) (SQA) → HND Diploma (Second Year) (SQA) → B.Sc(Hons)BIT (Final Year)

Hotline : 09770867903

KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 700895, 381776, 381035, 502233, 527436, 220555

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းနောင်
## အသက် (၅၄) နှစ်

ရောဝတီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းနောင်သည် ၁၉-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၆ နာရီတွင် ရန်ကုန်မြို့၊ ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းရီ
## အသက်(၇၂)နှစ်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးသိမ်းစိုး၏ မိခင်ဖြစ်သူ ဒေါ်စန်းရီ(၇၂)နှစ် သည် ၁၈-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဟန်ကြည် (ဇီးကုန်း)
### သက်ကြီးကန်တော့ခံ
## အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးမြစိန်-ဒေါ်သိန်း)တို့၏ သမီး၊ အမှတ်(၉၈)၊ (၁၂၃)လမ်းနေ ဒေါ်ဟန်ကြည် (သက်ကြီးကန်တော့ခံ) သည် ၁၇-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်လှ
## အသက် (၈၀)

သူငယ်ချင်းမခင်သန်းမြင့်၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်လှသည် ၁၉-၇-၂၀၁၇(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃ခုနှစ်၊ ဘူမိဗေဒရန်ကုန်တက္ကသိုလ်မှသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့်
## အသက်(၆၄)နှစ်

Hitachi Soe Electric & Machinery Co.,ltd (Chairman)-စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နေပြည်တော်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးချစ်မောင်၊ ဒေါ်အမာတင်နှင့်သားများစက်/မှုလက်မှု(ရွှေဘို)**
**ဦးဇော်မျိုးခန့်(ခ)ကိုဘိုတာ၊ ဒေါ်နှင်းပွင့်ဝေ(ရန်ကြီးအောင်ကုမ္ပဏီလီမိတက်)**

## ကျေးဇူးတင်ရှိခြင်း
## ဒေါ်အုန်းကြည်
## အသက် (၆၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မနေ(ဦးလှခင်-ဒေါ်ရှု)တို့၏သမီး၊ ရဲမှူးကြီးစောလှိုင်(ငြိမ်း)၏ဇနီး၊ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ-ပိဋကတ် (၃)ပုံ၊ ရေတွင်း၊ ရေကန်၊ သာသနာ့ဒါယိကာမကြီးသည် ၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၂)ရက် ၁၀-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် ယင်းတော်မြို့မနေအိမ်တွင် ကွယ်လွန်သွားပါသောကြောင့် ၁၂-၇-၂၀၁၇ ရက်တွင် ကောင်းမွန်စွာ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်းမာရေးမကောင်းစဉ် အထူးကြပ်မတ်ကုသပေးကြပါသော မြောက်ဥက္ကလာပ ဝေဘာဂီဆေးရုံကြီး သွေးဌာနမှ ဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမ၊ သူနာပြုများအား လည်းကောင်း၊ မေတ္တာဖြင့် အနီးကပ်ကြည့်ရှုကုသပေးပါသော တပ်မတော်ဆေးရုံကြီးမှ ဗိုလ်ကြီးနေလင်းထက်အား လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းမေး အားပေးနှစ်သိမ့်ပေးပါသော မိတ်သင်္ဂဟများအပေါင်းနှင့် နာရေးကိစ္စအဝဝကို ဝိုင်းဝန်းကူညီပေးကြပါသော ယင်းတော်မြို့မှ ဆွေမျိုးများနှင့် မှော်ဘီမြို့မှ ဆွေမျိုးများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ခင်ပွန်း-ရဲမှူးကြီးစောလှိုင်(ငြိမ်း)နှင့်**
**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနောင်
## အသက် (၅၀)

ချစ်သူငယ်ချင်း ဒေါက်တာသက်သက်၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းနောင် အသက် (၅၀)သည် ၂၀-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၅/၈၂ ဒုတိယနှစ်အမ်ဘီဘီအက်စ်**
**ဆေးတက္ကသိုလ်မန္တလေးဝင်**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းအောင်မွန်
## အသက်(၄၆)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မေဂျာဆောင်တွင် နေထိုင်ကျောင်းတက်ခဲ့သူ ဦးမင်းအောင်မွန်(၁၉၉၅) အသက်(၄၆)နှစ်သည် ၁၇-၇-၂၀၁၇(တနင်္လာနေ့) တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း. . .

**မေဂျာဆောင်ဖောင်ဒေးရှင်း**
**(ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

### ဘုရားဒါယိကာမကြီး
## ဒေါ်ဝင်းထိန် (၈၁) နှစ်

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်၊ နယ်မြေ (၁) နေ ဦးခင်အောင်၏ဇနီး၊ ဦးအောင်ကျော်ခိုင်-ဒေါ်မိုးမိုး၊ ဦးမောင်မောင်ခိုင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးဇော်ခိုင်-ဒေါ်နန်းသီတာချမ်း၊ ဦးညီညီအောင်-ဒေါ်ဥမ္မာတင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၁-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## U Khan Do (ခ)ဦးစိုးနိုင် (Buan Sing)
### လေဆိပ်ပဒေသာစတိုး
## အသက်(၇၁)နှစ်

ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ ပင်လုံ ၂/၇နေ Daw Lunpi ချစ်လှစွာသောခင်ပွန်း၊ U Kam Suan Mung-Daw Ai Go Kim, U Khup Sian Khai-Daw Nian San Lian, Daw Nian San Kim-Pa Cin Khan Piang, Daw Vung Theih Nuam-Pa Khup Khan Khual တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၂ယောက်တို့၏ ချစ်လှစွာသော အဘိုး U Khan Do (ခ)ဦးစိုးနိုင်သည် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်လေဆိပ်ပဒေသာစတိုးမှ ကလေးမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးတင်လှဦး (ငြိမ်း) တဖ(၄)
### ကြည်း ၁၄၀၇၃
## အသက် (၆၃) နှစ်

ရန်ကုန်မြို့နေ ဦးတင်ညွန့်-(ဒေါ်တင်လှ)တို့၏သား၊ (ဦးကြီးရွှေ)-ဒေါ်ရင်ရွှေတို့၏သားသမက်၊ အမှတ်(၁၄၅)၊ နေကြာလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်နေဒေါ်ချိုချိုဆွေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဟန်ငြိမ်း(သရုပ်ပြ၊ ဘူမိဗေဒဌာန၊ ထားဝယ်)-ဒေါ်ခိုင်ခိုင်သက်လွင်(ကထိက၊ ဘူမိဗေဒဌာန၊ ထားဝယ်)၊ ဗိုလ်ကြီးသာချမ်းငြိမ်း(ငြိမ်း၊ လ/ထစက်ရုံမှူး၊ ဓာတ်ငွေ့စက်ရုံ-ဗိုလ်တထောင်)၊ ဗိုလ်ကြီးဖြိုးသီဟအောင်(မဆရ-၈၊ စစ်တွေ)-ဒေါ်သီရိလွင်၊ ဦးရဲသွေးနောင်(စိုက်ပျိုးရေးလုပ်ငန်း)တို့၏ဖခင်၊ မောင်ကောင်းပြည့်ဦး၏အဘိုးသည် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး၊ လုပ်ဖော်ကိုင်ဖက်ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဇော်လေး
### 2nd Mate Marine Support Service Co.Ltd.
## အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၃၆၅)၊ အခန်း(၂၀)၊ ရန်ရှင်းလမ်းနေ ဦးကိုကိုလေး(ဒေါ်အမာ)တို့၏သားကြီး၊ ဦးဘွန်ကျင်(ဒေါ်နုနု)တို့၏ သားသမက်၊ ဒေါ်နီနီကျင်၏ ချစ်လှစွာသောခင်ပွန်း၊ မဆုမွန်ဇော်လေး၊ မောင်မိုးအောင်ဇော်လေးတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၁-၇-၂၀၁၇ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်းဦး
## အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်သစ္စာလမ်း၊ အိမ်အမှတ်(၃၀)၊ သာသနာ့ရိပ်သာရပ်ကွက်နေ ဦးသာထွန်း-ဒေါ်နုနုလှ(မော်ကွန်းရုပ်ရှင်)တို့၏ သား၊ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်နေ (ဦးသန်းမောင်)-ဒေါ်ရှမ်းတို့၏ သားသမက် ဒေါ်သင်းသင်းခိုင်၏ ချစ်လှစွာသောခင်ပွန်း ကိုရဲလေး-မယမုံဦး၊ မောင်ထွန်းလင်းအောင်၊ အထက(၂)ဗဟန်းတို့၏ဖခင်၊ မလင်းလက်မေသော်၏ အဘိုးဦးလေးနိုင်-ဒေါ်တင်ထွေးနု၊ ဦးအောင်ကျော်ထွန်း-မသိန်းစီတို့၏ အစ်ကို၊ ကိုဟိန်းဆက်၊ မအိဖြူဇင်၊ မောင်ဖုန်းမြင့်မြတ်တို့၏ ဘကြီးသည် ၂၁-၇-၂၀၁၇ရက် (သောကြာနေ့) နံနက်၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)
## ဒေါ်ဝင်းအိဖြူ (၄၇) နှစ်

တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ တာမွေဈေးဟောင်းလမ်း၊ အမှတ်(၂၆)၊ ပထမထပ်(ယာ)နေ ဖျာပုံ မြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် ဦးနိုင်နိုင်ဝင်း၏ဇနီး ဒေါ်ဝင်းအိဖြူသည် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှဖုန်း (ခ) ဦးစီဖိုး
## အသက်(၇၇)နှစ်

စိုင်းခွန်နောင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းခွန်နောင်နှင့် ဒါရိုက်တာ ဒေါ်ယဉ်ယဉ်သိန်းတို့၏ ဖခင် ဦးလှဖုန်း(ခ)ဦးစီဖိုးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်း၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းရှင်များအသင်း**
**ရန်ကုန်တိုင်း၊ အိမ်၊ ခြံ၊ မြေ လုပ်ငန်းရှင်များ**
**ပရဟိတအသင်း**

# အနိစ္စ

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်း(လပွတ္တာမြို့)
## အသက်(၈၅)နှစ်
### ရုံးအုပ်(ငြိမ်း)၊ စီမံရေးရာဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ကန်သာယာလမ်း၊ တိုက်အမှတ်(၈၂၅)၊ အခန်း (A-3)နေ ဒေါ်ကျင်အေး၏ ခင်ပွန်း၊ ဦးအေးသွင် [လက်ထောက်ဌာနမှူး-ငြိမ်း၊ စီမံရေးရာဌာန(မြို့တော်စည်ပင်)-ဒေါ်သန်းဝင်း၊ (ဦးဟန်မြင့်)-ဒေါ်ခိုင်ခိုင်ဦး၊ (ဦးမျိုးညွန့်)-ဒေါ်သီတာ၊ ဦးထွန်းထွန်း၊ ဒေါ်မိမိဇင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ ရက်တွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြရီ (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်း-ဒေါ်ဂွမ်း)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၅ရပ်ကွက်၊ အမှတ်(ဂ)နေ ဦးတင်ရွှေစိုက်ပျိုးရေး(ငြိမ်း)၏ ဇနီး၊ ဦးတင်မောင်စိုး၊ ဦးတင်မောင်ဌေး၊ ဒေါ်သူဇာချို၊ ဒေါ်ရီရီတင်၊ ဦးရည်မွန်ဆန်း-ဒေါ်ခင်မျိုးမင်းတို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် OSC အထူးကုဆေးရုံ၌ ၂၀-၇-၂၀၁၇ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ၌ ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၂၆-၇-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးကျော်မင်း(ခ)
## မိုဟာမွဒ်မာမက်ရှား
## အသက် (၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၁၈-A)၊ သုံးလွှာနေ [ဦးမောင်မောင် (R.O မြန်မာ့လေကြောင်း-ငြိမ်း)-ဒေါ်အုန်းကြည်]တို့၏သားကြီး၊ ဟာဂျီမ ဒေါ်စန်းမြင့်ရီ၏ခင်ပွန်း၊ ဦးကျော်ဝင်း(သီးသန့်ပန်းချီ)-ဒေါ်တင်တင်အေး၊ (ဦးကျော်လှိုင်)၊ ဒေါ်စန်းစန်းမြင့် (ဖော်စီ)၊ ဒေါ်ဌေးဌေးဝင်း(ဆိုဖီ)တို့၏အစ်ကိုကြီး၊ မောင်သက်ပိုင်ကျော်၊ မောင်ပြည့်ခန့်ကျော်(အထက-၁၊ တာမွေ) တို့၏ ဦးလေးသည် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၁၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၀-၇-၂၀၁၇(ကြာသပတေးနေ့) ဇိုဟိုရ်နမာဇ်အပြီး ရေဝေးစန္နီ ကုဘရ်စတန်ဥယျာဉ်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင် (၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁၃၈)နေ (ဦးတင်အောင် - ဒီရုံပရဆေးကုန်သည်)-ဒေါ်မိနာတို့၏သား၊ (ဒေါ်လှိုင်လှိုင်ဘော်)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးဝင်းနိုင်သည် ၁၄-၇-၂၀၁၇ (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၇ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ဟိန္ဒူရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၇ (သောကြာနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ သျှရီသျှရီ ဒူရ်ဂါဘာရီ ဟိန္ဒူဘုရားကျောင်း အမှတ်(၃၀၇)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့တွင် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရွှေအိမ်(ကျောက်မဲ)
## အသက် (၉၈) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပြည်လမ်း၊ အမှတ်(၂၇၀)၊ (၃-က)နေ (ဦးပုလွယ်-ဒေါ်နိုင်းလွယ်)တို့၏သမီး၊ နမ့်ဆမ်မြို့နယ်၊ ပန်အုပ်လုတ်ကျေးရွာနေ (ဦးသုမန)၏ဇနီး၊ ကျောက်မဲမြို့နေ (ဦးထွန်းကျော်-ဒေါ်နွမ်းစိန်)၊ ဦးစိုင်းမောင်စံ-(ဒေါ်မေလင်း)၊ ဒေါ်နန်းစိန်ညွန့်၊ ဦးစိုင်းမောင်စိန် (အထက-၁၊ ကျောက်မဲ-ငြိမ်း)-ဒေါ်နန်းငွေရည်(အထက-၁၊ကျောက်မဲ-ငြိမ်း)၊ (ဒေါ်နန်းညွန့်ကြည်)၊ (ဦးထွန်းမောင်-ဒေါ်နနန်းရွှေမယ်) တို့၏ကျေးဇူးရှင်မွေးသမိခင်ကြီး၊ ဦးခင်မောင်ရွှေ-ဒေါ်နန်းညိုညိုမြ(အောင်ချမ်းသာရောင်းဝယ်ရေး)၊ မြေး ၁၄ ယောက်တို့၏အဘွား၊ မြစ် ၁၁ ယောက်၊ တီတစ်ယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ရွှေအိမ်(ကျောက်မဲ)သည် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) ည ၇း၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးညွန့်မောင် (၈၇) နှစ်
### ဗိုလ်မှူး-ငြိမ်း (OTS-7) [ကြည်း-၆၂၃၁]

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ် (၄၇-င) နေ (ဦးဘစိန်-ဒေါ်တု) တို့၏သား၊ (ဦးချစ်မောင်)၊ (ဦးတင်မောင်) တို့၏ညီ၊ (ဦးကျင်မောင်)၊ ဒေါ်ကျင်မေ၊ ဒေါ်ရင်မေ၊ ဒေါ်စန်းမေတို့၏အစ်ကို၊ (ဒေါ်သန်းတင်) ၏ခင်ပွန်း၊ ဒုဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)-ဒေါ်မူမူညွန့်၊ ဒေါ်ဝေဝေညွန့် (ကညန-ငြိမ်း)၊ ဒေါ်ဆွေဆွေညွန့် (ကညန-ငြိမ်း)၊ (ဒေါ်ဝါဝါညွန့်)၊ ဦးရန်နိုင်ဦး-ဒေါ်အေးအေးဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ် (၁၀) ယောက်၊ တီတစ်ယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၁၇ (သောကြာနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်ဝင်း
## အသက် (၉၀)

(ဦးမောင်ကလေး-ဒေါ်သူဇာ)တို့၏သမီး၊ (ဦးထွန်း-ဒေါ်ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၈)၊ အခန်း(၂၁)နေ (ဦးခင်မောင်ရီ)၏ဇနီး၊ ဒေါ်ဆန္ဒထေရီ (ခ) ဒေါ်ခင်ဆွေဝင်းရီ(ခေမာနန္ဒီကျောင်း-သန်လျင်)၏ မယ်တော်၊ ဦးခင်မောင်ဌေးရီ (လဝက-ငြိမ်း)-ဒေါ်စီစီစိုး၊ Capt.မြင့်လွင်(MV.Bao Guo-J.S M.Co.,Ltd)-ဒေါ်ခင်မေသင်းရီ၊ ဦးခင်မောင်ညွန့်ရီတို့၏ မိခင်၊ (ကိုမျိုးကိုကို)၊ ဦးသက်ကိုကို(C/O-J.S.M Co.,Ltd)-ဒေါ်တင်တင်ရှိန်၊ ဦးမြတ်ကိုကို(ငွေစည်းစိမ်-ဗွီဒီယိုအခွေဆိုင်)-ဒေါ်ခင်စောဦး၊ ကိုဖြိုးဝေစိုး-မနေခြည်နန္ဒာမင်း၊ မမြကြေးမုံအောင်၊(Sliver Conch)၊မဒေဝီနန္ဒာမင်း(Sweety ဇာဘော်လီ)၊ ကိုဟိန်းမင်းလတ်(J.S.M Co.,Ltd)၊ မမွန်သိမ့်ဂျူးတို့၏အဘွား၊ မအင်ကြင်းစံ (Star Academy)၊ မောင်မင်းသွေးခန့်(3rd Yr,Phy)၊ မောင်လင်းသစ်အောင်(Grade-7,U.E.C ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မောင်ဘုန်းသိခ်တို့၏ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၇ရက် နံနက် ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရီ (ခ) ဒေါ်တလိုင်း (ဂန့်ဂေါ)
## အသက် (၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးစိန်ထူး-ဒေါ်စိန်နု)တို့၏ သမီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ တိုက်-၈/၃၊ အခန်း(၂၄)၊ ရန်အေးအိမ်ရာနေ (ဦးဖေကြိုင်)၏ ဇနီး၊ ဒေါ်မူမူအေး(ခ)မလူစီ ၏ အစ်မ၊ ဦးစရဏ (ပျော်ဘွယ်စိုးမြင့်အောင်)-ဒေါ်ကြူကြူကြိုင် (ခ)မပေါက်၊ ဦးတင်ထွန်းအောင်-ဒေါ်ဌေးဌေးကြိုင်တို့၏ မိခင်ကြီး၊ မောင်အောင်သိမ်းစိုး၊ မမြနှင်းဆီ၊ မမြသဥ္စာအောင်၊ မောင်သီဟထွန်း၊ မောင်ပြုံးမောင်ကျော် တို့၏ ချစ်လှစွာသောအဘွားသည် ၂၁-၇-၂၀၁၇ (သောကြာနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူမိခင်ကြီးအား ရည်စူး၍ ၂၇-၇-၂၀၁၇ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်၊ တိုက်-၈/၃၊ အခန်း(၂၄)၊ ရန်အေးအိမ်ရာနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအုန်းတင်
### (အရာခံဗိုလ်-ငြိမ်း၊ တပ်မတော်ရေ)၊ ပညာ-၁၂ (ရေ-၈၅၇၅)
### ရေတပ်လက်နက်နှင့်ဆက်သွယ်ရေးအတတ်သင်ကျောင်း
## အသက် (၇၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂) ရက်ကွက်၊ ဗိုလ်သန်းတင်လမ်း၊ အမှတ် (ခ/၁၅၄) နေ ဦးအုန်းတင် (အရာခံဗိုလ်-ငြိမ်း၊ တပ်မတော်-ရေ) သည် ၂၀-၇-၂၀၁၇ ရက် နံနက် ၈း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်မြတ်ဆွေ
## အသက် (၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တေးဥယျာဉ်(၁၃)လမ်း၊ အမှတ်(၂၆၀) နေ (ဦးဝင်းဆွေ-ဒေါ်အေးသိန်း)တို့၏ သား၊ (ဦးကြည်မောင်-ဒေါ်ကျင်သန်း)တို့၏သားသမက်၊ ဒေါက်တာမောင်မောင်လတ်ဆွေ-ဒေါ်ခင်သက်ထား၊ ဦးမောင်မောင်လေးဆွေ-ဒေါ်နုနုစိန်၊ ဗိုလ်မှူးမောင်မောင်ထွေးဆွေ(ငြိမ်း)-ဒေါ်ဇာနီသိမ်းထွန်းတို့၏ အစ်ကိုကြီး၊ မသက်သက်ဆွေ၊ မောင်သုတ-မခင်မာဆွေ၊ မထက်ထက်ဆွေတို့၏ ဖခင်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၇-၂၀၁၇ (သောကြာနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အာရှယူ-၂၃ ခြေစစ်ပွဲ

# မြန်မာနှင့် ဘြူနိုင်းအသင်း နိုင်ပွဲဆက်



**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲအုပ်စု(စ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာနှင့် ဘြူနိုင်းအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

**မြန်မာ - သုံးဂိုး**

**ဘရူနိုင်း- ဂိုးမရှိ**

ခြေစစ်ပွဲအောင်မြင်ရေး အဓိကပြိုင်ဘက်ဖြစ်သည့် ဘြူနိုင်းလျှအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သောကြောင့် အိမ်ရှင်မြန်မာအသင်းမှာလည်း အမှားအယွင်းမရှိနိုင်ပွဲရယူနိုင်ခဲ့သည်။ သို့သော် မြန်မာအသင်းသည် ဘြူနိုင်းလျှအသင်းထက် ဂိုးကွာခြားချက် နည်းနေသောကြောင့် နောက်ဆုံးပွဲရလဒ်မှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်း အပြောင်းအလဲပြုလုပ်ခဲ့၍ အကောင်းဆုံးပုံစံ မရခဲ့သော်လည်း ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ခုနစ်ဦးသာပြန်ပါလာကာ ဒဏ်ရာမှပြန်ကောင်းလာသည့် ငြိမ်းချမ်းအောင်အပါအဝင် ရန်ပိုင်စိုး၊ သောင်လျှပ်ထန်နှင့် နိုင်လင်းထွန်းတို့ကို ပထမပွဲမှ အောင်သူ၊ စည်သူအောင်၊ ရန်နိုင်ဦး၊ လှိုင်းဘိုဘို၊ ဟိန်းသီဟဇော်၊ သီဟထက်အောင်၊ ဘုန်းသစ္စာမင်း(ဂိုး) တို့ဖြင့် တွဲဖက်ပွဲထုတ်ခဲ့သည်။ ဘရူနိုင်းအသင်းသည် အမှတ်ရရန်ကြိုးပမ်းခဲ့သော်လည်း အိမ်ရှင်မြန်မာအသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ယခုပွဲတွင် ပထမဆုံး ပွဲထွက်ခွင့်ရခဲ့သည့် ငြိမ်းချမ်းအောင်က ၁၉ မိနစ်တွင် ခေါင်းတိုက်ပြီး **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ۞

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

## မှတ်သားဖွယ်ရာမိုးရေချိန်

ဇူလိုင် ၂၁ ရက် ထုတ်ပြန်ချက်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| သိမ်ဇရပ် | ၁၃ | ဒသမ | ၂၃ | လက်မ | ရေး | ၆ | ဒသမ | ၂၆ | လက်မ | ရွှေကျင် | ၅ ဒသမ ၃၉ လက်မ |
| ကျိုက်မရော | ၈ | ဒသမ | ၀၃ | လက်မ | မော်လမြိုင် | ၅ | ဒသမ | ၉၈ | လက်မ | ပေါင် | ၅ ဒသမ ၂၄ လက်မ |
| သထုံ | ၇ | ဒသမ | ၂၄ | လက်မ | ဖြူး | ၅ | ဒသမ | ၅၆ | လက်မ | ခရမ်း | ၅ ဒသမ ၁၉ လက်မ |




# ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် မိုးသည်းထန်၍ ရေကြီး

**ကျိုက်ထို ဇူလိုင် ၂၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၂၁ ရက်၌ ရပ်ကွက်အချို့တွင် ရေကြီးခြင်း၊ မြေပြိုကျမှုကြောင့် လူနေအိမ်အချို့ပျက်စီးခြင်းနှင့် လူစီးအမြန်ရထား မောင်းနှင်စဉ် ရထားလမ်းမှာ ရုတ်တရက် ရေမြင့်တက်လာသဖြင့် ရပ်တန့်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက် ည ၁၁ နာရီခန့်မှစ၍ သိမ်ဇရပ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အောင်မင်္ဂလာရပ်ကွက်နှင့် ရွာမရပ်ကွက်တို့တွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး နံနက် ၃ နာရီခန့်တွင် မြို့မရပ်ကွက်နှင့် ဆိပ်ကမ်းသာရပ်ကွက်တို့တွင် မြေပြိုမှု ငါးနေရာခန့်ဖြစ်ပွားခဲ့ရာ လူနေအိမ် ခုနစ်လုံးခန့် ပျက်စီးခဲ့သည်။ မော်လမြိုင်မှ ရန်ကုန်သို့ထွက်ခွာလာသော အမှတ်(၃၆) လူစီးအထူးအမြန်အစုန်ရထားသည် သိမ်ဇရပ်ဘူတာမှ နံနက် ၂ နာရီ ၅ မိနစ်တွင် ထွက်ခွာလာစဉ် စစ်တောင်းတံတားထိပ်၌ ရထားလမ်းပေါ် ရေကျော်ပြီး စက်သေ၍ရပ်တန့်သွားခဲ့သည်။

သိမ်ဇရပ်ကြက်ခြေနီတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်တစ်ဦးက "သိမ်ဇရပ်ဘူတာက ရထားထွက်လာခါစက ရထားလမ်း ရေသိပ်မကျော်သေးဘူး။ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❖

စာမျက်နှာ ၉ ကော်လံ ၂ သို့

ဧရာဝတီ၊ ဝေ့န်၊ ပဲခူး

# မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

**ဧရာဝတီမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေ့န်မြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဝေ့န်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့်၊ သာပေါင်းမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်**

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)



HOT LINE : Yangon - 09 455533667, 01-556622, 09-73119900, 01-398566, 398563, Mandalay - 02-72580-4, Nay Pyi Taw - 067-420791, 420966
TMW Enterprise Limited